
ဆိပ်မက်စရမျက်နှာအမိုင်းအစများ
ဖြိုးညို
ဒုတိယအကြိမ်

**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဒေါ်စန္ဒာမာလာ<br>(စိန်မိုးယံစာအုပ်တိုက်-၀၀၈၇၉)<br>အမှတ်(၁၅)၊ အောင်တော်မူလမ်း၊<br>မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊<br>ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမျိုးမြင့်<br>(ပွင့်သစ်ပုံနှိပ်တိုက်-၀၀၃၅၆)<br>အမှတ်(၃၇)၊ ၁၆၅လမ်း၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| စာအုပ်ချုပ် | - | ကိုဇော်ဝင်း |
| ဖလင် | - | အောင်မင်းလွင် |
| အုပ်ရေ | - | ၅၀၀ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၆-ခုနှစ်၊ မေလ။<br>ဒုတိယအကြိမ်၊ ၂၀၁၆-ခုနှစ်၊ ဇူလိုင်လ။ |
| ရောင်းဈေး | - | ၂၅၀၀ |

# အိပ်မက်

# စာမျက်နှာအပိုင်းအစများ

# မြခွာညို

အရှၢ် ဓပီ-အဋ္ဌ-ဇယ် သုဂတၢ်

အမိတၢ် မိရှံ လလိတၢ် အတုလ်

စရၢ်တၢ် တီ-ဘဋ္ဌပ-သမံ ယမၢံ

သုခံ သရၢ်တၢ် ပနၢမၢမိ မိနံ

# မာတိကာ


၁။ ကျွန်မ. . . ဒေါ်မြ ၇

၂။ လူငယ်နဲ့ အိပ်မက် ၁၃

၃။ ဘဝဆိုတာ. . . ၁၇

၄။ နေ့ရက်တိုင်းကို ပျော်ရွှင်စွာ ဖြတ်သန်းနေထိုင်ခြင်း ၁၉

၅။ ကားပါကင် ၂၅

၆။ တစ်ခါတရံ သမီးရည်းစား ဆက်ဆံရေးက အချစ်ကို ပျက်စီးစေတယ်။ ၂၇

၇။ ဒေါ်မြနဲ့ အရှုးသန်းဦး (၁) ၂၉

၈။ ဒေါ်မြနှင့်အရူးသန်းဦး. . . (၂) ၃၅

၉။ ဒေါ်မြနဲ့ နေရာ ၄၃

၁၀။ ဒေါ်မြနှင့်ကျောင်းသားသပိတ် ၄၉

၁၁။ ဒေါ်မြနှင့် အောင်မြင်ခြင်း ၅၅

၁၂။ ဒေါ်မြနဲ့ ဘာသာရေး ၆၁

၁၃။ ဒေါ်မြနှင့် အမျိုးသား ပြည့်တန်ဆာ နှစ်ယောက် ၇၁

၁၄။ ဒေါ်မြနှင့် ဖိနပ်များ ၇၉

၁၅။ ဒေါ်မြနဲ့ သူငယ်ချင်းတစ်ယောက် (၁) ၈၃

၁၆။ ဒေါ်မြနှင့် သူငယ်ချင်းတစ်ယောက် (၂) ၈၉

၁၇။ ဒေါ်မြနှင့် Facebook ၉၅

၁၈။ ဒေါ်မြ Taxi စီးခြင်း (၁) ၉၉

၁၉။ ဒေါ်မြနဲ့ ဒံပေါက် ၁၀၇

၂၀။ ဒေါ်မြချစ်သော ဗိုက်ပူကြီး ၁၁၅

၂၁။ ဒေါ်မြနှင့်သွေးလှူရခြင်းအကြောင်းရင်း ၁၂၁
၂၂။ ဒေါ်မြနဲ့အဖေ ၁၂၉
၂၃။ ဒေါ်မြနဲ့ ကောင်မလေးတစ်ယောက် (၁) ၁၃၅
၂၄။ ဒေါ်မြနဲ့ ကောင်မလေးတစ်ယောက် (၂) ၁၃၉
၂၅။ ဒေါ်မြနှင့် မျိုးရိုး ၁၄၃
၂၆။ ဒေါ်မြနှင့် ကောင်မလေးတစ်ယောက် (၃) ၁၄၅
၂၇။ ဒေါ်မြရဲ့ လူငယ် ၁၄၉
၂၈။ ဒေါ်မြရဲ့ တစ်ဦးတည်းသော ဦးလေး ၁၅၃
၂၉။ ဒေါ်မြနှင့် ချစ်ကြည်ရေး အားကစားပြိုင်ပွဲ ၁၆၁
၃၀။ ဒေါ်မြနှင့် တောင်သမန်က မောင်ချစ်ထွေး ၁၆၉
၃၁။ ဒေါ်မြနှင့် Chemistry ကျောင်းသားတစ်ယောက် ၁၇၃

# ကျွန်ုပ်...ဒေါ်မြ

ဟုတ်ကဲ့...ကျွန်မဒေါ်မြ လူသားတစ်ယောက်ပါ။ နီးစပ်ရာ အတွင်းသိ တချို့ကဆို ခရိုနီလက်သစ်လို့ နာမည်ပြောင်ပေးတဲ့အထိ သမာအာဇီဝ နယ်ပယ်စုံမှာ စီးပွားရေးသောင်းကြမ်းပါတယ်။ တစ်ခါ တစ်လေ ကိုယ့်ကိုယ်ကို စိတ်ပျက်လာမိတဲ့အထိ ပြိုင်ဘက်တွေအပေါ်မှာ မတရားအနိုင်ကျင့်ခဲ့ဖူးတဲ့ အချိန်တွေရှိပါတယ်။ ပြုံးပြုံးလေးနဲ့ ချောက်ချ ဖူးတဲ့အချိန်တွေရှိပါတယ်။ ဉာဏ်နီဉာဏ်နက် အမျိုးမျိုးသုံးပြီး စီးပွား အပျက်တိုက်ခဲ့ဖူးတဲ့အချိန်တွေ ရှိပါတယ်။ လူသားတစ်ယောက်ဖြစ်တဲ့ အတွက် မှားခဲ့ဖူးပါတယ်။

ဒါကြောင့် တစ်ခါတစ်လေ တချို့အချိန်တွေမှာ ကိုယ့်ကိုကိုယ် ရွံ့ လာပါတယ်။ စိတ်ပျက်လာတယ်။ စိတ်တွေ ညစ်လာပါတယ်။ ဘယ် အကြောင်းအရာကို ကိုင်စွဲပြီး လွဲမှားနေတဲ့ လောဘဇောတွေကို သတ်ရ ပါ့မလဲ။ ရှိပါတယ်။ ဒေါ်မြကိုယ်တိုင်ကြုံခဲ့ရတဲ့ တစ်သက်တာ အမှတ်တရ ဖြစ်ရပ်တစ်ခု...။

အဲဒီအချိန်က ဒေါ်မြနိုင်ငံခြားမှာ ကျောင်းတက်ရင်း အလုပ်လုပ်နေ ပါတယ်။ အလုပ်လုပ်တဲ့နေရာက နာမည်ကြီးဟော်တယ်ကြီးတစ်ခုရဲ့ ဈေး

အရမ်းကြီးတဲ့ စားသောက်ဆိုင်မှာပါ။ ဒေါ်လာ(၅၀)လောက်ရဖို့ ခြေသလုံးတွေ တောင့်တင်း၊ ခါးတွေလှုပ်မရအောင် ညောင်းချိလာတဲ့အထိ ပင်ပင်ပန်းပန်းလုပ်ရပါတယ်။ လုပ်ခဲ့ရပါတယ်။

"မြင်လား. . . ခင်းထားတဲ့ ကောဇော. . . အေး အဲ့ဒါ နင်တို့ထက် တန်ဖိုးရှိတယ်။ ဧည့်သည်အန်ခါနီး အမှိုက်ပုံးပြေးယူဖို့ အချိန်မရရင် လက်နဲ့ ထိုးခံပေးပါ"

ဆိုတဲ့ Supervisor ရဲ့နှိမ်တဲ့ စကားတွေကို ခေါင်းငုံ့အံကြိတ် မျက်ရည်ဝဲပြီး ခံခဲ့ရပါတယ်။ အမှန်တကယ်လည်း လူ(၂)ယောက်အန်ဖက်ကို လက်နဲ့ခံခဲ့ရဖူးပါတယ်။ အိမ်သာထဲမှာ လက်ဆေးရင်း ကိုယ်ပါ အန်ရင်း ငိုခဲ့ရပါတယ်။

သာမန်ဝိုင်းတွေက (၁၀)ယောက်ထိုင်စားပွဲ (၃)ဝိုင်းကို ဝိတ်တာ (၂)ယောက်ဝန်ဆောင်ပေးရပေမယ့် VIP ဝိုင်းက (၅)ယောက်ဝိုင်းကို ဝိတ်တာ (၁)ယောက်တည်း သီးသန့်ဝန်ဆောင်မှုပေးရပါတယ်။ တစ်နေ့ ဒေါ်မြ VIP ဝိုင်းမှာ တာဝန်ကျပါတယ်။ လူလတ်ပိုင်း ဂျပန်လူမျိုး စီးပွားရေးလုပ်ငန်းရှင် သူဌေးကြီး(၃)ယောက် အရက်သောက်ရင်း ညစာစားကြတာပါ။ အင်မတန် ချမ်းသာကြွယ်ဝကြောင်း၊ အသန့်ကြိုက်ကြောင်း မန်နေဂျာသတိပေးထားလို့ အစစအရာရာ အမှားမယွင်းမရှိအောင် မျက်နှာကို အချိုဆုံးပြုံးရင်း အယဉ်ကျေးဆုံး အသပ်ရပ်ဆုံး ဝန်ဆောင်မှုပေးပါတယ်။ တာဝန်ပြီးရင် သူတို့စကားပြောတာ မကြားရလောက်တဲ့ ခပ်လှမ်းလှမ်းမှာ အရိပ်အခြေကို ရပ်စောင့်ပြီး အကဲခတ်ကြည့်ရပါတယ်။ သူဌေးတွေက သူတို့စီးပွားရေးကိစ္စပြောတဲ့အခါ အနားမှာ လူပိုရှိတာ မကြိုက်တတ်ကြလို့ပါ။

စားသောက်အပြီး သူတို့ထဲက တစ်ယောက်က ဒေါ်မြကိုစေ့စေ့ကြည့်ပြီး လက်ယက်လှမ်းခေါ်ပါတယ်။ ဪ. . . ဘာခိုင်းမလို့လဲ မသိဘူးဆိုတဲ့ စိတ်နဲ့သွက်သွက်လေးသွား လက်ကလေးတစ်ဖက် နောက်ပစ်ခါးကိုင်းပြီး. . .

"ဘာများအလိုရှိပါလဲ. . . သူဌေး. . ."

လို့အယဉ်ကျေးဆုံးမေးလိုက်တော့. . .

သူက ဘာမပြော ညာမပြော ဘောင်းဘီအိတ်ထဲက ဒေါ်လာတစ်ရာတန် အထပ်လိုက်ဆွဲထုတ်ပြီး ခုလိုပြောပါတယ်။

"မင်း ဒီညငါ့ကို အဖော်လုပ်ပေးနိုင်ရင် ဒီပိုက်ဆံတွေ မင်းပိုင်တယ်။ တစ်ညပဲနော်. . . မနက်မလင်းခင် မင်းပြန်ချင်ပြန်နိုင်တယ်။ မင်းဘာပြောမလဲ"

. . . .

. . . .

ဒေါ်မြ အဲဒီအချိန် စိတ်ထဲမှာဖြစ်သွားတဲ့ ခံစားချက်ကို စာဖတ်သူတို့ နားလည်အောင် ရေးမပြတတ်ပါဘူး။ ရှက်ခြင်း၊ ဒေါသထွက်ခြင်း၊ ဝမ်းနည်းခြင်းအပြင် အဲ့ဒီပိုက်ဆံတွေကို လိုချင်တက်မက်ခြင်း အမည်မဖော်နိုင်တဲ့ ခံစားချက်တွေ စုံနေပါတယ်။ စိတ်ရဲ့အခြားတစ်ဖက်မှာ လုပ်လိုက်လေ ပိုက်ဆံတွေအများကြီးရမှာ. . . ဘယ်သူသိမှာမို့လို့လည်း ဆိုတဲ့ အတွေးဝင်လာသလို. . . နောက်ထပ်အခြားတစ်ဖက်မှာလည်း မလုပ်သင့်ဘူး။ ဘယ်သူမှမသိတောင် ငါသိတယ်။ ငါတစ်သက်လုံး ပြန်တွေးတိုင်း ငါ့လိပ်ပြာလုံမှာ မဟုတ်ဘူးဆိုတဲ့စိတ်က ရှိနေပါတယ်။ အမှန်က ဒေါ်မြစက္ကန့်အနည်းငယ် ဆွံ့အသွားတာပါ။ ဒါပေမယ့် အဲ့ဒီစက္ကန့်လေး

အတွင်းမှာ ငွေတွေကိုလိုချင်တဲ့ လောဘ၊ သိက္ခာကို စော်ကားခံရတဲ့ ဒေါသ၊ ဝေခွဲမရတဲ့ မောဟပြောပြလို့မတတ်အောင် ပေါက်ကွဲပူလောင်လျက်ရှိပါတယ်။

စိတ်အထင် (၁၅)စက္ကန့်လောက်ပဲ ကြာမယ်ထင်ပါတယ်။

ငိုက်ကျနေတဲ့ခေါင်းကို ပြန်မော့. . .။ မျက်နှာကို အယဉ်ကျေးဆုံးပြုံးပြီး စကားပြန်ပါတယ်။

"လူကြီးမင်းရဲ့ တန်ဖိုးထားမှုကို ကျေးဇူးတင်ပါတယ်"

(ဘောင်းဘီအိတ်ထဲက ကျောင်းသားကဒ် အနွမ်းလေးကို ထုတ်ပြရင်း)

"ကျွန်မ ရိုးရိုးသားသားအလုပ်လုပ်ရင်း ကိုယ့်အားကိုယ်ကိုးပြီး ကျောင်းတက်နေတဲ့ တက္ကသိုလ်ကျောင်းသူတစ်ယောက်ပါ။ လူကြီးမင်းရဲ့ အဖိုးတန် ကမ်းလှမ်းမှုဟာ နောင်တချိန်ကျွန်မဘဝ အောင်မြင်တိုးတက်ရေးအတွက် များစွာအနှောင့်အယှက်ဖြစ်စေမှာပါ။ လက်မခံနိုင်ပါဘူး"

ဒီတစ်ခါ ပြောင်းလဲသွားတာ ဂျပန်သူဌေးရဲ့မျက်နှာပါ။ ပြီတီတီအပြုံးကနေ အဖိုးတန်တစ်ခုတစ်ရာကို ရလိုက်လို့ ကျေနပ်သွားတဲ့ အပြုံးမျိုး။ ပြီးတော့ မေးပါတယ်. . .

"နင့် အသက်ဘယ်လောက်ရှိပြီလဲ" တဲ့

"၁၉နှစ်ပါရှင့်"

သူဘာမှ ဆက်မပြောတော့ဘဲ ပြုံးပြီးတွေးနေတယ်။

ကျသင့်ငွေရှင်းပြီး အပြန်မှာ ဒေါ်မြကို ဘောက်ဆူးဒေါ်လာ(၂၀၀) ပေးပြီး တိုးတိုးလေးပြောသွားတယ်။

"ငါ့မှာ သမီး(၂)ယောက်ရှိတယ်။ သူတို့မှာသာ နင့်လို စိတ်ထားမျိုး

ရှိရင် သိပ်ကောင်းမှာပဲ"...တဲ့။

အဲ့ဒီညက ဒေါ်မြသူတို့ကို ကောင်းသောညပါလို့ နှုတ်မဆက်ဖြစ်လိုက်ဘူး။

ကြာခဲ့ပါပြီ။

ဒါပေမယ့် တစ်ခါတစ်လေ ကိုယ့်ကိုယ်ကို လောဘသိပ်ကြီးလာပြီလို့ တွေးမိတိုင်း အဲ့ဒီဖြစ်ရပ်လေးကို ပြန်တွေးပြီး လောဘတွေသတ်ပါတယ်။ ငါကွ ဆိုပြီး ဂုဏ်ယူပါတယ်။

စိတ်အင်အားတွေ ပြန်လည်သန့်စင်ပါတယ်။

ကျွန်မ..."ဒေါ်မြ"...ပါ။

ဘဝဆိုတာ...

လက်ဝှေ့ကြိုးဝိုင်းတစ်ခုနဲ့ ဆင်ဆင်တူပါတယ်။ ကိုယ့်ထက် အဆများစွာ သာလွန်တဲ့ လောကဓံဆိုတဲ့ ပြိုင်ဘက်ကို ထိုးသတ်ရမှာပါ။

တစ်ခါတလေ ဒေါ်မြကိုယ်တိုင် သူ့ရဲ့ ထိုးသတ်မှုအောက်မှာ သွေးအလိမ်းလိမ်း အလဲလဲအပြိုပြိုနဲ့ ပိုးစိုးပက်စက် လဲပြိုကျခဲ့ဖူးပါတယ်။

ရှုံးနိမ့်သွားပြီလား...။

ဘယ်လောက်ပဲ နာကျင်ပင်ပန်းနေပါစေ... အားယူပြီး ပြန်ထခဲ့ပါတယ်။

လဲပြိုကျတာ အရှုံးမဟုတ်ပါဘူး။ ပြန်မထနိုင်တော့မှသာ အမှန်တကယ် ရှုံးနိမ့်သွားမှာပါ။ ငွေကြေးဂုဏ်သိက္ခာတွေအားလုံး ဆုံးရှုံးသွားတာ အရှုံးမဟုတ်ပါဘူး။

ပြန်လည်ရယူနိုင်အောင် ကြိုးစားချင်စိတ်ကို ဆုံးရှုံးသွားမှသာ အမှန်တကယ် ရှုံးနိမ့်သွားတာပါ။

ဒါကြောင့် လူတစ်ယောက်အနေနဲ့ ပိုင်ဆိုင်သမျှ အားလုံး ဆုံးရှုံးသွားပါစေ။ ကိုယ့်ကိုယ်ကို ယုံကြည်မှုကို အဆုံးရှုံးမခံသင့်ဘူး။ ပိုင်ဆိုင်ထားသမျှထဲမှာ အဲဒီစိတ်ကလေး တစ်ခုတည်းက တန်ဖိုးအကြီးဆုံးမို့လို့ပါ။

ပြောခဲ့ဖူးတဲ့စကား တစ်ခုလိုပါပဲ။

ဘဝဆိုတာ ဘယ်လောက်ပဲ ဆိုးရွားစုတ်ပြတ်နေပါစေ. . . လေလွင့်ကြေမွသွားပါစေ. . . ပြန်လည်ပြုပြင်ဖို့ ပိုကောင်းမွန်အောင် တည်ဆောက်ဖို့ ဘယ်တော့မှ နောက်မကျတတ်ပါဘူး။

ဘယ်လောက်ပဲ များပြားတဲ့ ဒဏ်ရာဒဏ်ချက်တွေနဲ့ လဲပြိုနေပါစေ။ ပြန်ထနိုင်ဖို့ပဲ လိုတာပါ။

ပြန်ထပြီး ပြိုင်ဘက်ကို ရဲရဲမျက်နှာချင်းဆိုင်နေသရွေ့ သင် ဘယ်တော့မှ မရှုံးဘူး. . .။

# လူငယ်နဲ့ အိပ်မက်

ကမ္ဘာ့စံချိန်စံညွှန်းအရ အသက် (၈)နှစ်ကနေ (၃၅)ကြားကို လူငယ်လို့ သတ်မှတ်တယ်လို့ ဖတ်ဖူးပါတယ်။ အသိဉာဏ်ဖွံ့ဖြိုးမှု၊ အားထုတ်မှု၊ လေ့လာမှု၊ ကြိုးစားမှု အားအကောင်းဆုံးအရွယ်ပါ။ ဒေါ်မြလေ့လာမိသလောက် ဆွေးနွေးပါရစေ။

"အိပ်မက်"ရှိလား။

မလိမ်နဲ့. . . အောင်မြင်ချင်တယ်ဆိုတာ အိပ်မက်မဟုတ်ဘူး။ အိပ်မက်ဆိုတာ ကိုယ်တစ်နေ့ဖြစ်လာရမယ်လို့ ခိုင်ခိုင်မာမာ ယုံကြည်နေတဲ့ ယုံကြည်ချက်၊ နေ့စဉ်အသက်ရှင်သန်နေရခြင်းရဲ့ အကြောင်းပြချက်၊ ညဘက်အိပ်ခါနီးတိုင်း မြင်ယောင်စိတ်ကူးယဉ်မိတဲ့ ဘဝတစ်ခု။

ဒေါ်မြတို့ လူငယ်တွေမှာ ကလေးဘဝကတည်းက အိပ်မက်တွေ ရှိတတ်ကြပါတယ်။ ငယ်ငယ်က ကစားတာတွေ မှတ်မိကြ လား။ စစ်ဗိုလ်လုပ်တမ်းတို့ ဆရာဝန်လုပ်တမ်းတို့ ဆရာမစာသင်တမ်းတို့ တချို့ကလေးတွေက စက်ပစ္စည်းတွေ၊ ပန်းချီဆွဲတာတွေ စိတ်ဝင်စားကြတယ်။ ဒါတွေဟာ လူငယ်တွေရဲ့ အိပ်မက်အစပါပဲ။ ကံဆိုတာ တစ်ခုက အဲ့ဒီအချိန်ကတည်းက တော်တော်များများ လူငယ်တွေရဲ့ အိပ်မက်တွေ အသက်ခံ

လိုက်ရပါတယ်။

"ဟဲ့. . . စာလာကျက်စမ်း"

"ဟဲ့. . . ကျူရှင်သွားဖို့ ပြင်စမ်း"

စသည်ဖြင့် စကားသံတွေနဲ့ပေါ့လေ. . .။ ကြာလာတော့ အိပ်မက်တွေ ပျောက်သွားပါတယ်။ မူကြိုကလေးအရွယ်ကနေ ဆယ်တန်းအောင်လာတဲ့အထိ ကျောင်းကနေ ကျူရှင်၊ ကျူရှင်ကနေ ကျောင်း လူငယ်တွေရဲ့ ရည်မှန်းချက်က အမှတ်ကောင်းကောင်းနဲ့ စာမေးပွဲအောင်ဖို့ပါပဲ။ ကဲ. . . စာမေးပွဲလည်းအောင်ရော ထပ်ဖြေစရာလည်း စာမေးပွဲမရှိရော တချို့လူငယ်တွေ ဘာလုပ်ရမှန်းမသိဖြစ်သွားရော။ တချို့လူငယ်တွေရဲ့ ကျွန်တော်၊ ကျွန်မ ဘာဖြစ်ချင်လို့ ဖြစ်ချင်မှန်း မသိဘူးဆိုတာတွေက အဲ့ဒါတွေကြောင့်ပါ. . . . မဖြစ်သင့်ပါဘူး။

မိဘတွေ ဆရာတွေ အင်မတန် အလေးအနက်ထားသင့်တဲ့ အချက်ပါ။ လူငယ်တိုင်းမှာ ငယ်စဉ်ကတည်းက ဗီဇတစ်ခုစီ ပါလာတတ်ပါတယ်။ ဒါကို အကောင်းဆုံး မြေတောင်မြှောက်ပေးရမှာပါ။ ငယ်စဉ်ကတည်းက ရည်မှန်းချက် အိပ်မက်ကို ခိုင်ခိုင်မာမာ မွေးမြူပေးရပါမယ်။ စာသင်ကျောင်းတွေဆိုတာ စာမေးပွဲဖြေဖို့ ထားတဲ့နေရာ၊ စာသင်ရမယ့်နေရာတစ်ခုတည်း မဖြစ်သင့်ပါဘူး။ "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ" ဆိုတဲ့အတိုင်း လူငယ်တွေ ကလေးတွေကို အမှန်တရားကို ချစ်မြတ်နိုးတဲ့ စိတ်ဓာတ်၊ အမှန်ကို ပြောရဲ အမှားကို ဝန်ခံရဲတဲ့ စိတ်ဓာတ်တွေရှိလာအောင် ကိုယ်ဝါသနာပါရာ ကိုယ့်အိပ်မက်ဆီ လျှောက်လှမ်းရာမှာ ပိုမိုလွယ်ကူစေဖို့ ဆင်ခြင်ဆုံးဖြတ်နိုင်တဲ့ အသိဉာဏ်တွေ တွေးခေါ်ဆင်ခြင်နိုင်မှုတွေ ဖွံ့ဖြိုးလာအောင် ပံ့ပိုးလမ်းပြပေးရာနေရာ ဖြစ်သင့်ပါတယ်။

ဘယ်ငယ်က ဆရာမတစ်ယောက်က စာမရတဲ့ ဒေါ်မြကို ကြိမ်စာကျွေးရင်း "မှတ်ထား. . . နာနာရိုက်လေ အိုးကောင်းလေ. . . "လို့ပြောတော့ ဒေါ်မြ ငြိမ်မခံဘဲ မျက်ရည်လည်ရွဲ နှုပ်တွဲလဲနဲ့ "အိုးထိန်းသည် မလုပ်ပါနဲ့ ဉယျာဉ်မှူးပဲ လုပ်ပါလား ဆရာမရဲ့. . . "လို့ ငိုရင်း ပြန်ပြောဖူးတာလေး သတိရပါတယ်။

ခုချိန်ထိတော့ ဒေါ်မြ မြင်သမျှ စာသင်ကျောင်း တော်တော်များများက ထွက်လာတဲ့ ကလေးတွေဟာ သူ့သဘာဝနဲ့သူ သူ့အလှအထနဲ့သူ ဖွံ့ဖြိုးရှင်သန်နေတဲ့ ဉယျာဉ်ထဲက ပန်းပင်မျိုးစုံနဲ့မတူဘဲ ပုံစံခွက်ထဲက ထွက်လာတဲ့ ပုံစံတူ အိုးကလေးတွေနဲ့ တူနေပါတယ်။ အိပ်မက်တွေ ဘောင်ခတ်ပြီး ပုံခွဲပေးခံလိုက်ရဟန် တူတာပါပဲ။ ဝမ်းနည်းလှပါတယ်။ စိတ်မကောင်းဖြစ်လှပါတယ်။

ထားပါ. . . ဆက်ရရင်. . .

အောင်မြင်ချင်တာ လူတိုင်းပါပဲ။ ဒါပေမယ့် ဘယ်နေရာမှာ အောင်မြင်ချင်တာလဲဆိုတာ အရေးကြီးပါတယ်။ ကိုယ့်ရဲ့အိပ်မက်ကို အကောင်အထည်ဖော်နိုင်တာ အောင်မြင်တာပါပဲ။

ဒါဆို ဒေါ်မြတို့ နှစ်ပေါင်းများစွာ ပျောက်ဆုံးနေတဲ့ အိပ်မက်တွေကို ရှာဖွေကြရအောင်. . . ပထမဆုံးလုပ်ရမှာ ကိုယ့်ကိုယ်ကို သတိထားပြီး လေ့လာကြည့်ပါ။ ဘယ်လို အလုပ်တွေမှာ ကိုယ်တိုင်ထမင်းမေ့ ဟင်းမေ့ ကြည်နူးပျော်ဝင်နေတတ်ပါသလဲ။ တစ်ခါတလေ ကိုယ့်ဘဝကိုယ် စိတ်ပျက်လာတဲ့အခါ စိတ်တွေ ပင်ပန်းလာတဲ့အခါ မတော်တဆ စိတ်ကူးယဉ်မိတဲ့ ဘဝက ဘယ်လိုပါလဲ။

သစ်သီးခြံထဲက စိုက်ခင်းပိုင်ရှင်လား။

အစည်းအဝေးခန်းထဲက လုပ်ငန်းရှင်လား။

စမ်းချောင်းလေးဘေးက တေးစပ်သူလား။

မီးရောင်စုံအောက်က အနုပညာရှင်လား။

တစ်ခါက ဒေါ်မြ အဲ့လိုမေးလို့ လူငယ်တစ်ယောက်က အငေါ်တူးပြီး "သားက video ဇာတ်လမ်းတွေပဲကြည့်တာ ဝါသနာပါတယ်။ သားအိပ်မက်က အဲ့ကွန်းခန်းလေးထဲမှာ ဇာတ်လမ်းကောင်းတဲ့ ရုပ်ရှင်ကားတွေ ထိုင်ကြည့်နေချင်တာပဲ"လို့ ဖြေဖူးပါတယ်။

အကယ်၍ သူသာ အမှန်တကယ် အဲ့လို ဝါသနာအိပ်မက်ရှိခဲ့မယ်ဆို စာရေးတဲ့ ပညာနဲ့ ထပ်လေ့လာလိုက်ရင် နာမည်ကြီး movie review ရေးစားတဲ့ ဆောင်းပါးရှင် ဖြစ်နိုင်ပါတယ်။

လူငယ်တစ်ယောက်ရဲ့ အိပ်မက်ဆိုတာ သူ့ဘဝအတွက်သာမက ကမ္ဘာကြီးတစ်ခုလုံးအတွက် သိပ်အရေးကြီးပါတယ်လို့ ဒေါ်မြတော့ မြင်ပါတယ်။ ဘဝမှာ အဓိပ္ပါယ်ရှိစွာ ရှင်သန်နေထိုင်ဖို့ အမိက,က အိပ်မက်တစ်ခုရှိဖို့ပဲ လိုတာပါ။ ဒေါ်မြတို့ လူငယ်တွေရဲ့ တချို့အိပ်မက်တွေဟာ တစ်ခါတလေ သန်းပေါင်းများစွာ ထိုက်တန်တတ်ပါတယ်။ ကဲ. . . ပြောနေကြာပါတယ်။

ပျောက်ဆုံးနေတဲ့ အိပ်မက်တွေ ပြန်ရှာကြရအောင်။

စဉ်းစားလို့ရတဲ့လူရှိရင် မနှံ့ခဲ့ပါ။ အိပ်မက်တွေဆီရောက်ဖို့ ဒေါ်မြ အကောင်းဆုံး အတတ်နိုင်ဆုံး အကြံပေးကူညီပါရစေ. . .။

## ဘ၀ဆိုတာ . . .

လက်ဖွဲ့ကြိုးဝိုင်းတစ်ခုနဲ့ ဆင်ဆင်တူပါတယ်။ ကိုယ့်ထက် အဆများစွာ သာလွန်တဲ့ လောကဓံဆိုတဲ့ ပြိုင်ဘက်ကို ထိုးသတ်ရမှာပါ။

တစ်ခါတလေ ဒေါ်မြကိုယ်တိုင် သူ့ရဲ့ ထိုးသတ်မှုအောက်မှာ သွေးအလိမ်းလိမ်း အလဲလဲအပြိုပြိုနဲ့ ပိုးစိုးပက်စက် လဲပြိုကျခဲ့ဖူးပါတယ်။

ရှုံးနိမ့်သွားပြီလား . . .။

ဘယ်လောက်ပဲ နာကျင်ပင်ပန်းနေပါစေ . . . အားယူပြီး ပြန်ထခဲ့ပါတယ်။

လဲပြိုကျတာ အရှုံးမဟုတ်ပါဘူး။ ပြန်မထနိုင်တော့မှသာ အမှန်တကယ် ရှုံးနိမ့်သွားမှာပါ။ ငွေကြေးဂုဏ်သိက္ခာတွေအားလုံး ဆုံးရှုံးသွားတာ အရှုံးမဟုတ်ပါဘူး။

ပြန်လည်ရယူနိုင်အောင် ကြိုးစားချင်စိတ်ကို ဆုံးရှုံးသွားမှသာ အမှန်တကယ် ရှုံးနိမ့်သွားတာပါ။

ဒါကြောင့် လူတစ်ယောက်အနေနဲ့ ပိုင်ဆိုင်သမျှ အားလုံး ဆုံးရှုံးသွားပါစေ။ ကိုယ့်ကိုယ်ကို ယုံကြည်မှုကို အဆုံးရှုံးမခံသင့်ဘူး။ ပိုင်ဆိုင်ထားသမျှထဲမှာ အဲဒီစိတ်ကလေး တစ်ခုတည်းက တန်ဖိုးအကြီးဆုံးမို့လို့ပါ။

ပြောခဲ့ဖူးတဲ့စကား တစ်ခုလိုပါပဲ။

ဘဝဆိုတာ ဘယ်လောက်ပဲ ဆိုးရွားစုတ်ပြတ်နေပါစေ. . . လေလွင့်ကြေမွသွားပါစေ. . . ပြန်လည်ပြုပြင်ဖို့ပိုမိုကောင်းမွန်အောင် တည်ဆောက်ဖို့ ဘယ်တော့မှ နောက်မကျတတ်ပါဘူး။

ဘယ်လောက်ပဲ များပြားတဲ့ ဒဏ်ရာဒဏ်ချက်တွေနဲ့ လဲပြိုနေပါစေ။ ပြန်ထနိုင်ဖို့ပဲ လိုတာပါ။

ပြန်ထပြီး ပြိုင်ဘက်ကို ရဲရဲမျက်နှာချင်းဆိုင်နေသရွေ့ သင် ဘယ်တော့မှ မရှုံးဘူး. . .။

## နေ့ရက်တိုင်းကို ပျော်ရွှင်စွာ ဖြတ်သန်းနေထိုင်ခြင်း

ဒေါ်မြဘဝက အချိုးအကွေ့တွေ များပါတယ်။ သာမန်သက်တူ ရွယ်တူမိန်းကလေးတွေထက် ပိုပြီးပြင်းထန်ဆိုးရွားတဲ့ ဘဝအတွေ့အကြုံ တွေ အများကြီးခံစားခဲ့ရပါတယ်။ ပျော်စရာတွေ ရှားပါတယ်။

နေ့တစ်နေ့အလုပ်တွေ စာရင်းတွေ Report တွေကြားထဲမှာ အရွယ်နဲ့မလိုက်အောင် ပင်ပန်းရုန်းကန်လှုပ်ရှားရင်း နေ့ရက်တိုင်းကို အထီးကျန်စွာ ဖြတ်သန်းပါတယ်။

ဟိုးလွန်ခဲ့တဲ့ (၈)နှစ်လောက်ကဆို အရမ်းစိတ်ပင်ပန်းတဲ့ဒဏ်တွေ ကြောင့် အိပ်ရာထဲ ဘုန်းဘုန်းလဲခဲ့ဖူးပါတယ်။ ညဘက်တွေ တစ်ယောက် တည်း ငိုနေခဲ့ဖူးပါတယ်။ စိတ်မရှည်တတ်ဘူး. . . ဒေါသကြီးတယ်။ ကိုယ့် ဘဝကို မကျေနပ်ဘူး။ အဓိက ပြဿနာက ဘဝကို ဘယ်လိုပျော်ရွှင် ငြိမ်းချမ်းစွာ ဖြတ်သန်းရမလဲ မသိတော့လို့ပါ။ စိတ်မာတတ်တွေကျရင်း အိမ်မှာ ငိုင်နေတုန်း မားမားက ဒေါ်မြကို ရုပ်ရှင်တစ်ကားပြပါတယ်။ All about Time ဆိုတဲ့ ဇာတ်ကားလေးပါ။ ကြည့်ရင်းကြည့်ရင်း ဒေါ်မြနားလည်လာတယ်။ ဘဝရဲ့အဓိပ္ပါယ်အသက်ရှင်နေထိုင်ခြင်းရဲ့ အဓိပ္ပါယ်။ ပျော်ရွှင်ခြင်းရဲ့ လျှို့ဝှက်ချက်. . ဇာတ်ကားလေးဆုံးတော့

ခေါ်မြန်နားလည်သွားပါပြီ။ ဘဝမှာ ပျော်ရွှင်ခြင်းအစစ်အမှန်ကို ဘယ်လို ရှာဖွေရမလဲဆိုတာ. . .

နောက်တစ်နေ့မနက်မိုးလင်းတော့ အရာရာဟာ ပြောင်းလဲသစ်လွင်နေပါတယ်။ အိပ်ရာနိုးနေပေမယ့် မျက်စိကို မဖွင့်သေးဘဲ စိတ်ထဲမှာ တိုးတိုးလေး ရေရွတ်လိုက်ပါတယ်။ ဒီအချိန်ကစပြီး ငါကြုံတွေ့ရမယ့် လူတွေ အချိန်တွေ အရာအားလုံးကို ငါဘယ်တော့မှ နောက်ထပ်ပြန် မရနိုင်တော့ဘူး။ အဲဒီအတွက် အချိန်တိုင်းကို အကောင်းဆုံးပျော်ပျော် ရွှင်ရွှင် ရင်ဆိုင်ရမယ်။ ငါသာ မနက်ဖြန်သေသွားရင် ဒီနေ့က နောက်ဆုံး အသက်ရှင်နေထိုင်ရမယ့် ရက်ကလေးပဲ။ စက္ကန့်တိုင်းကို တန်ဖိုးထားမယ်။

အရင်ကဆို နားညည်းလို့ မောင်းမောင်းထုတ်တဲ့ ပြတင်းပေါက်က ငှက်ကလေးတွေ ပကျိပကျိအော်နေတာကို အရသာခံပြီး နားထောင်ပါတယ်။ ဘာတွေပြောနေကြတာလဲ သိချင်လိုက်တာလို့ တွေးမိတယ်။ သေချာနားထောင်ကြည့်တော့ (၂)ကောင်သား အတင်းပြောနေတဲ့ ပုံပဲ ဟဟ။ ပျော်ရွှင်ကြည်နူးမှုရဲ့ အရသာကို စတင်ခံစားမိပါတယ်။

မျက်နှာသစ်တော့လည်း သရဏဂုံတင်တယ်. . . ပြီးတော့ ဆန္ဒ တစ်ခုပြုတယ်။ ဒီနေ့အသက်ရှင်ခဲ့သည်ရှိသော် ကောင်းသော ဘဝရပါစေ သေခဲ့သည်ရှိသော် ကောင်းသောသေခြင်းနဲ့သေပါစေ. . . အရင်ကလို မှုန်ကုတ်ကုတ်မဟုတ်ဘဲ အလှတွေပြင်ပြီး ပြုံးပြုံးရွှင်ရွှင် ဆင်းလာတဲ့ မြကို မြင်တော့ မားမား အံ့သြနေတယ်။ ဘာမှမပြောဘဲ မားမားကို ဖက်ပြီးနမ်း လိုက်တယ်။ မားမားကို အရမ်းချစ်တာပဲ. . . လို့ပြောလိုက်တယ်။ ဒီအချိန်လေးတွေ ပြန်မရနိုင်တော့ဘူးလေ။ နက်ဖြန်သေခဲ့ရင်ပေါ့. . အသက်(၆၀)အပျိုကြီး ရှက်ပြုံးလေးနဲ့ ပျော်သွားတယ်။ အဘွားကြော်

ပေးထားတဲ့ ထမင်းကြော်နဲ့ကွေကာအုပ်တစ်ခွက်ကို သေချာအရသာခံပြီး စားတယ်။ ပြီးတော့ အဘွားရယ် စားလို့ကောင်းလိုက်တာ. . . ပဲပြုတ်လေးတွေ အိနေတာပဲလို့ပြောတော့ အဘွားက မျက်မှောင်ကြီးကုတ်ပြီး မမြင်ဘူးသလိုကြည့်တယ်။ ဟုတ်တယ်. . . ဘဝမှာ စားပြီးပြီးရော မြန်မြန်သုတ်သုတ် အရသာမခံဘဲ စားလာတာကြာပြီ။ ငံမှန်းမသိ၊ ချိုမှန်းမသိ၊ ချဉ်မှန်းမသိဘဲ၊ အရသာ မခံဘဲနဲ့လေ. . .။ TV ထိုင်ကြည့်နေတဲ့. . အဘွားဆံပင် ဖြူဖြူမွမွလေးတွေကို ငုံ့နမ်းရင်း အဘွားဟင်းချက်တာ အရမ်းတော်တာပဲလို့ ပြောမိတယ်။ နက်ဖြန်သေသွားရင် မပြောမိမှာစိုးလို့ အသက်(၈၀)ကျော်ကလေးလေး ပျော်သွားတယ်။ ထမင်းဟင်းချက်လာတာ နှစ်ပေါင်း(၆၅)နှစ်ကျော်ပြီ. . . ငါ့ယောက်ျားကလွဲရင် နင်ပဲ အဲ့လို ပြောသေးတယ်တဲ့. . .။ အဘွားအပြောကြောင့် ရှိစုမဲ့စု မိသားစု(၃)ယောက် အားရပါးရ ရယ်ကြရတယ်။

အိမ်ကထွက်လာတော့လည်း သစ်ပင်တွေ၊ လေနုအေးလေးတွေ၊ မျက်နှာပေါ်ကျတဲ့ နေရောင်နွေးနွေးလေးတွေကို ခံစားတယ်။ ကားတွေ ပိတ်နေတဲ့အခါ တခြားကားပေါ်ကလူတွေ စိတ်တိုနေတာကြည့်ပြီး ရယ်ရတယ်။ လမ်းတောင်းတဲ့ ကားတွေရယ်ပြီး လမ်းပေးလိုက်တယ်။ ပန်းဝယ်ပါဦး မမကြီးရယ်ဆိုတဲ့ ကလေးဆီက ပန်းဝယ်ဖြစ်တယ်။ ကားတွေကြည့်ရောင်းနေ . . . သားလို့ သတိတရမှာဖြစ်တယ်။ စည်းကမ်းမဲ့မောင်းတဲ့လိုင်းကားတွေနဲ့ ကြုံရရင်လည်း လုပ်ကြပေါ့ဗျာ. . ဆိုပြီး ရယ်မောမောခွင့်လွှတ်ဖြစ်တယ်။ မီးပွိုင့်မှာ ဘေးကားပေါ်က ရန်ဖြစ်နေတဲ့ လင်မယားကို မှန်ချပြီး မီးပွိုင့်ကြီးမှာ ရန်မဖြစ်ကြနဲ့ဗျို့လို့ လှမ်းစတော့ သူတို့ အံ့ဩသွားတယ်။ ပြီးတော့ (၂)ယောက်စလုံး ရှက်ရှက်နဲ့ရယ်ပြီး

အမကြီးက သူ့ကြောင့် . . . သူ့ကြောင့်ဆိုပြီး အစ်ကိုကြီးကိုထု . . . အစ်ကိုကြီးကလည်း ရယ်နေတယ်။ လမ်းဖြတ်ကူးတဲ့ လူတွေကို ကားရပ်ပြီး စောင့်ပေးတယ်။ ရုံးပေါ်တက်ဖို့ ဓာတ်လှေကားစီးတော့ (၅)လွှာက ကျောင်းသားလေးတွေက မထိတထိနဲ့ မမအရမ်းလှတာပဲလို့ မကြားတကြားစကြတယ်။ အရင်စိတ်နဲ့ဆို ဒေါသထွက်မိမှာ သေချာပေမယ့် ငါသာမနက်ဖြန်သေရင် သူတို့ကိုခု ငါနောက်ဆုံး ဆုံရတာပဲဆိုတဲ့စိတ်နဲ့ နင်တို့ အမပဲ လှတာပေါ့ဟာလို့ ရင်းရင်းနှီးနှီး ပြန်စဖြစ်တယ်။ ကောင်လေးတွေရှက်ပြီး တဟီးဟီးနဲ့ ထွက်ပြေးတာ တန်းနေတာပဲ . . . ရယ်ရတယ်။

ရုံးခန်းထဲရောက်တော့လည်း ဝန်ထမ်းတွေ၊ အလုပ်လုပ်နေတဲ့ လူတွေကို အကောင်းဆုံးဆက်ဆံဖြစ်တယ်။ ခွင့်လွှတ်ပေးတယ် . . . သင်ပြပေးတယ်။ အရင်ကလို မာန်မဲဆူပူတာမျိုး မလုပ်တော့ဘဲ သေချာနားလည်အောင်ရှင်းပြပေးတယ်။ လုပ်စရာအလုပ်တွေ အကုန်လုံးကို အကောင်းဆုံးလုပ်တယ်။

ပြန်တော့လည်း ကားပါကင်က ကုလားကြီးကို ပိုက်ဆံငါးထောင် ထုတ်ပေးပြီး ကျေးဇူးတင်ကြောင်းပြောဖြစ်တယ်။ အမြဲကားနေရာဦးထားပေး ကားထွက်ရင် ကားတားပေးတာလေ။ ကျေးဇူးတင်မိပေမယ့် မပြောခဲ့မိဘူး။ ခင်ဗျားအရက်သောက်မပစ်နဲ့နော်ဆိုတော့ . . . ဟာ မမြကလည်း မသောက်ပါဘူးဆိုပြီး ရှက်နေတော့ ရယ်ရသေးတယ်။ ကားတွေ ကြပ်သိတ်နေတဲ့ လမ်းပေါ်မှာ ကိုယ်ကြိုက်တဲ့ သီချင်းလေးနားထောင်ရင်း အရင်လို စိတ်မတိုတော့ဘဲ သာယာကျေနပ်နေမိတယ်။

အဲ့ဒီနေ့ကစလို့ ခုချိန်ထိ ကိုယ့်ဘဝကို ဘယ်တော့မှအပြစ်မတင်တော့ဘဲ ကြုံလာရသမျှကို အကောင်းဆုံးရင်ဆိုင်ဖြေရှင်းပါတယ်။ ကျော်

ဖြတ်နေရတဲ့ စက္ကန့်တိုင်း မိနစ်တိုင်းကို နောက်ဘယ်တော့မှ ပြန်မရနိုင်တော့ဘူးလို့ သဘောထားပြီး ပျော်ပျော်ရွှင်ရွှင် နေထိုင်ပါတယ်။ ချစ်တဲ့သူတွေကို အချိန်မဆွဲဘဲ သိပ်ချစ်တာပဲလို့ ပြောသလို ကိုယ့်ကိုမလိုအပ်တဲ့လူတွေကိုလည်း တောင်းပန်ပြီး ဘဝထဲက အပြီးထုတ်ပစ်လိုက်ပါတယ်။ မေ့ပစ်လိုက်ပါတယ်။ ခွင့်လွှတ်ရမယ့်လူတွေကို ချက်ချင်းခွင့်လွှတ်ပေးပါတယ်။ အမှားလုပ်မိရင် တောင်းပန်ဖို့ အချိန်မဆွဲတော့သလို ဘယ်လောက်ဆိုးရွားတဲ့ ပြဿနာကိုဖြစ်ဖြစ် ရယ်မောပြီး ရင်ဆိုင်ရပါတယ်။ သူငယ်ချင်းတွေ မိသားစုတွေကို အရင်ကထက်ပို အချိန်ပေးဖြစ်သလို၊ ဘဝကို အပျော်ရွှင်ဆုံး ဖြတ်သန်းပါတယ်။

ပြောချင်တဲ့စကားတွေ ပြောခဲ့တယ်။ လုပ်ချင်တဲ့ အလုပ်တွေလုပ်ခဲ့တယ်။ ချစ်ရမယ့်လူတွေ ချစ်ခဲ့တယ်။ မေ့ရမယ့်လူတွေ မေ့ခဲ့တယ်။ ခွင့်လွှတ်ရမယ့်လူတွေ ခွင့်လွှတ်ခဲ့တယ်။ တောင်းပန်ရမယ့် လူတွေ တောင်းပန်ခဲ့တယ်။

ဘာအနှောင်အဖွဲ့မှမပါဘဲ ညဘက်တွေမှာ ပေါ့ပါးလွတ်လပ်စွာ နှစ်နှစ်ခြိုက်ခြိုက် ခေတ္တသေဆုံးပါတယ်။

# ကားပါကင်

ရန်ကုန်မှာ ကားပါကင်နေရာ တစ်ခုရဖို့ တော်တော်ခက်တာ။ တစ်ခါတလေ တစ်နေကုန် ရုံးမှာ ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီးပြန်လာ အိမ်လည်းရောက်ရော ရပ်စရာ ကားပါကင်က မရ. . . တော်တော် ဒေါသထွက်ရတယ်။ ဒီနေ့လည်း တစ်နေကုန် ပင်ပန်း လူမောစိတ်မောနဲ့ အိမ်ပြန်လာ အိမ်ရှေ့လည်းရောက်ရော ဘယ်က taxi တစ်စီးလည်း မသိဘူး။ ပိတ်ရပ်ထားတယ်။ သေရော။ ကြံရာမရတဲ့အဆုံး မမျိုးပြောတဲ့ နည်းလမ်းသုံးလိုက်တယ်။ ကားကို မလှမ်းမကမ်းမှာရပ်၊ ပြီးတော့ taxi ယာဉ်မောင်းကို ခပ်တည်တည်နဲ့ သွားမေးတယ်။

"အစ်ကို ကား အားလား"

"အားတယ် ညီမလေး. . . ဘယ်သွားမလဲ"တဲ့

"ဒဂုံစင်တာ"

"၁၅၀၀ ပဲပေး"

"အိုကေ. . . ရော့ ၁၅၀၀"

"တက်လေ"

"ဟဲ ဟဲ. . . မတက်တော့ဘူး. . . အစ်ကိုဘာသာသွား။ အစ်ကို့

ကားထွက်သွားရင် ညီမ ကားပါကာင်ထိုးမလို့ ငိငိ"

"ညင်"

ဟား ဟား. . .

ပလော်ပလန်

## တစ်ဒါတရံ သမီးရည်းစား ဆက်ဆံရေးက
### အချစ်ကို ဖျက်စီးစေတယ်

သမီးရည်းစားဆက်ဆံရေး တစ်ခုမှာ ဖွဲ့စည်းတည်ဆောက်ပုံ ရှိတယ်။ တာဝန်နဲ့ ဝတ္တရားတွေ ရှိတယ်။ ဖွင့်မပြောလည်း အလိုက်တသိ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေ ရှိတယ်။ ဘောင်ခတ်ထားသလို ပုံစံတစ်ခု ရှိတယ်။

ဒါပေမယ့် အချစ်ဆိုတာက ဖွဲ့စည်းတည်ဆောက်ပုံ မရှိဘူး။ နိယာမ မရှိဘူး။ တာဝန်ဝတ္တရား မရှိဘူး။ ဘောင်မရှိဘူး။ စည်းမျဉ်းစည်းကမ်း ဥပဒေသ ဘာဆိုဘာမှ မရှိဘူး။

အချစ်ဆိုတာ နှလုံးသားမှာ သူ့အလိုလို ဖြစ်တည်လာတဲ့ ခံစားချက် တစ်ခုကိုသာ ဆိုလိုရင်း ဖြစ်တယ်။ လူနှစ်ယောက်ကြားက ဆက်ဆံရေးနဲ့ ရင်းနှီးပတ်သက်မှုကို ဆိုလိုတာ မဟုတ်ဘူး။

ဥပမာ. . .

သိပ်ချစ်လို့ လွမ်းတဲ့အခါ သတိရတဲ့အခါ ဖုန်းဆက်မယ်။ ဆက်ချင်တဲ့ အချိန်ဆက်မယ်။ ကန့်သတ်မထားဘူး။ အဲဒါချစ်တာ. . .။

မနက် ဇိပ်ရာနိုးတာနဲ့ ဆက်ပါ။ ညအိပ်ခါနီး ဆက်ပါ။ အပြင်သွား မယ်ဆိုရင် ပြောပါ. . . ဆိုတာတွေက စည်းကမ်းတွေ ပါလာပြီ။ ဘောင်

တွေ ပါလာပြီ။ ချစ်တာ မဟုတ်တော့ဘူး။ သန့်ရှင်းစင်ကြယ်တဲ့အချစ်မှာ အတ္တဆိပ်တွေ ရောလိုက်ပြီ။ ကိုယ့်ပျော်ရွှင်မှုအတွက် သူ့လွတ်လပ်မှုကို ဘောင်ခတ်လိုက်တာ။

လောကမှာ အမှန်တကယ် ချစ်နေကြတဲ့ စုံတွဲမဟုတ်တဲ့ ချစ်သူတွေ ရှိသလို မချစ်ကြတော့ဘဲ ချစ်ချင်ယောင် ဆောင်နေကြတဲ့ စုံတွဲတွေလည်း ရှိတယ်။ မချစ်ကြတော့တဲ့ စုံတွဲတွေက ရင်းနှီးပတ်သက်မှုအရ တစ်ယောက်ကို တစ်ယောက် ချစ်နေကြသလိုမျိုး ဟန်ဆောင်နေထိုင်ကြတယ်။ အလိုက်သင့်လေး. . . ဒါမှမဟုတ် အလိုက်တသိလေး။

တချို့ကလည်း တစ်ယောက်ကို တစ်ယောက် ဘယ်လိုရင်းနှီးပတ်သက်မှုမျိုးမှ မရှိဘဲ တကယ့်ကို မြတ်မြတ်နိုးနိုး ချစ်နေကြတဲ့ လူတွေလည်း ရှိတယ်။ ဖြည့်ဆည်းပေးတယ်။ နားလည်ပေးတယ်။ ယုယကြင်နာပေးတယ်။ ချစ်နေခွင့်ရရုံနဲ့ ကျေနပ်တယ်ဆိုတာမျိုးပေါ့။

တစ်စုံတစ်ယောက်ကို အမှန်တကယ် ချစ်မြတ်နိုးနေတဲ့ လူတစ်ယောက် ဖြစ်နေတာက. . . သမီးရည်းစား ပုံစံခွက် ဆက်ဆံရေးထဲက လူတစ်ယောက် ဖြစ်နေရတာထက် ပိုကောင်းပါတယ်။

အမှန်တကယ် ချစ်နေသောသူသာ ဖြစ်ပါစေ. . .။

ဒိုင်ရှီး

## ဒေါ်မြနဲ့ အရှုးသန်းဦး (၁)

ဒေါ်မြ ငယ်စဉ်က ကြီးပြင်းခဲ့တဲ့ လှည်းကူးမြို့နယ်က အင်းတိုင်ရွာလေးဟာ အိမ်ခြေ (၁၀၀)လောက်ပဲရှိတဲ့ ရွာသေးသေးလေးပါ။ အဓိက လုပ်ငန်းအနေနဲ့ လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြပြီး ငါးရှာ ဖားရှာ သီးနှံစိုက်ပျိုးပြီး သာသာယာယာ နေထိုင်ကြပါတယ်။

ရိုးသားဖြူစင်ပြီး စကားပြတ်ပြတ် ပြောတတ်တဲ့ ရွာသားတွေအားလုံးထဲမှာ ပညာတတ် ရှားပါတယ်။ ရွာမှာ ရွာဦးကိုးတောင်ပြည့်စေတီလေးရှိပြီး ကျောင်းထိုင်အပါအဝင် ဘုန်းကြီး (၃)ပါးပဲရှိတဲ့ ဘုန်းတော်ကြီးကျောင်းရှိသလို ဟသာကြီး ကိုးဇက်နေထိုင်တဲ့ ကရင်ခြံထဲက ခရစ်ယာန်ဘုရားကျောင်း သေးသေးလေးလည်း ရှိပါတယ်။

ထားပါ. . .

ဒေါ်မြ အသက် (၁၂)လောက်မှာ ရွာကို အရူးသန်းဦး ရောက်လာပါတယ်။ ဘယ်က ဘယ်လိုရောက်လာသလဲလို့ မမေးပါနဲ့။ ဘယ်သူမှ မသိပါဘူး။ ရွာပြင်သချိုင်းနားမှာ သူ့ဘာသာ တဲထိုးပြီးနေပါတယ်။ အလှူမင်္ဂလာဆောင်၊ သာရေးနာရေး ဘာပွဲရှိရှိ သူရှေ့ဆုံးက သွားပါတယ်။ ဆီရေး မီးရေးအပြင် အိုက်တိုးပဂေးဆံပါ ရတာမို့ လွယ်လွယ်ပြောရရင်

မီးဖိုချောင် လုပ်ပါတယ်။ နောက်ပိုင်းရွာက သာရေးနာရေးပွဲတွေမှာ အရှုံး သန်းဦးမပါရင် ပွဲမစည်သလောက် ဖြစ်လာခဲ့ပါတယ်။

အရှုံးသန်းဦးပုံကို မြင်ယောင်ကြည့်ကြပါစို့။ အသက် (၄၀)ဝန်းကျင်၊ အရပ်ရှည်ရှည်. . . မရှိဘူးဆိုတောင် (၅)ပေ (၁၀)လက်မတော့ ကျော်မယ်။ ဆံပင်က အမြဲဂုတ်ထောက်ကို ဘေးခွဲ။ အသားလတ်လတ်က ချေးအထပ်ထပ်နဲ့ဆိုတော့ ညိုသယောင် ထင်ရပါတယ်။ နေ့ရောညပါ တိုက်ပုံအမည်း ရင်ဘတ်ဟာပြကို ပုဆိုးခပ်တိုတိုနဲ့ အမြဲဝတ်တတ်ပါတယ်။ ရုပ်ရည်အသင့်အတင့်က နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေကြောင့်ရော အရယ်အပြုံးနည်းတဲ့ သူ့စရိုက်ကြောင့်ပါ ရုပ်ဆိုးသယောင် ထင်ရပါတယ်။ ဘယ်သူကပဲ နာမည်မေးမေး. . . "ကျုပ်နာမည် သန်းဦး. . . အပြည့် အစုံက အရှုံးသန်းဦး"လို့ ခပ်တည်တည်ဖြေတတ်လို့ နောက်ပိုင်းရွာက လူတွေ အကုန်လုံးက သူ့ကို အရှုံးသန်းဦးလို့ပဲ ခေါ်ကြပါတော့တယ်။ သန်းဦးလို့ခေါ် လည်း မရဘူး. . . အရှုံးသန်းဦးဆိုမှ လှည့်ကြည့်တာ. . .။

တစ်ခါတလေ တစ်ယောက်တည်း စကားတွေ အများကြီး ပြောနေ တတ်ခြင်း၊ ကလေးတွေ လက်ခုပ်တီးပေးရင် ကွေးနေအောင် က,ခြင်း၊ မေးသမျှမေးခွန်းတွေကို တောင်စဉ်ရေမရ ဖြေချင်သလို ဖြေတတ်ခြင်း တွေကြောင့် ရွာက အရှုံးအဖြစ် တညီတညွတ်တည်း ထောက်ခံမဲပေးလိုက် ကြပါတယ်။

**အရှုံးသန်းဦး ဓာတ်ရည်စိမ်ခြင်း**

သာရေးနာရေးတွေမှာ ဖင်ပေါ့ခြင်း၊ ဘုရားတရား ကြည်ညိုကိုင်းရှိုင်းခြင်းနဲ့ သည်းခံတတ်ခြင်းတွေကြောင့် လူချစ်လူခင်များတဲ့ အရှုံးသန်းဦး တစ်ယောက် ရွာရောက်ပြီး (၅)လအကြာ လူ့စည်းဝိုင်းက မောင်းထုတ်ခံရပါတော့တယ်။ အကြောင်းပြချက်က “နံလို့ပါ” ဟုတ်ပါတယ်။

ရောက်ကတည်းက တစ်ခါမှ ရေမချိုးတဲ့ အရှုံးသန်းဦး ကိုယ်က တော်တော်နံလာပါတယ်။ ဘယ်သူမှလည်း ရေချိုးခိုင်းလို့ မရပါဘူး။ သူ့ကို နံတယ်ပြောတိုင်း “ကြက်သွန်က ကြက်သွန်နံ့ ရှိမှာပဲ။ လူက လူနံ့ရှိမှာပဲ” လို့ ဆင်ခြေပေးတတ်ပါတယ်။ သာရေးနာရေး ပွဲတွေတိုင်း မဖိတ်လည်း အတင်းသွားတဲ့ အရှုံးသန်းဦးကို သူ့ကိုယ်နံ့ကြောင့် လူတိုင်း နှာခေါင်းရှုံ့လာပါတယ်။ မလာစေချင်ကြတော့ပါဘူး။ မောင်းထုတ်ကြပါတယ်။ တချို့ဆို ခိုက်ထုတ်ကြပါတယ်။ ရပ်ကွက်က မကြည့်ရက်တဲ့ လူကြီးတွေ ဝိုင်းချုပ်ပြီး ရေအတင်းလောင်းရင် ထိုးကြိတ်ပြီး ထွက်ပြေးပါတယ်။ နောက်ဆုံး အခြေအနေတွေ တင်းမာဆိုးရွားလာတော့ ဆရာတော်ဆီ သတင်းပေါက်ကြားသွားပါတယ်။ ကျောင်းထိုင်ဆရာတော်ကြီးက ကွမ်းညှပ်လေးနဲ့ ကွမ်းစိပ်မပျက်ဘဲ မိန့်ပါတယ်။ ဒေါ်မြက ဘုန်းကြီးကျောင်းမှာ ကြပ်းတိုက်နေရင်း မြင်နေကြားနေရသပေါ့လေ။

“ကပ္ပိယ. . . ကျောင်းနောက်က အုတ်ကန်အပျက် ပြန်သန့်ပြီး ရေအပြည့် ဖြည့်။ ပြီးရင် အရှုံးသန်းဦး သွားခေါ်ခဲ့. . . ငါခေါ်တယ် ပြောဟဲ့”

“တင့်ပါ. . .”

ကပ္ပိယကြီး ပြေးပြီ။

တအောင့်လေးကြာတော့ နှာခေါင်းကို လက်နဲ့ပိတ်ပြီး ကပ္ပိယကြီး ပြန်ရောက်လာတယ်။ နောက်မှာ ညစ်ပတ်ပေတူး နံစော်နေတဲ့ အရှူး သန်းဦး။ ဆရာတော်ကြီးက အိန္ဒြေမပျက်ပေမယ့် ကိုယ်တွေကတော့ အနံ့ မခံနိုင်လို့ ခပ်လှမ်းလှမ်းကို ထပြေးရပါတယ်။ ကျောင်းအောက်မှာလည်း လူအုပ်ကြီးက မနည်းဘူး။ အခြေအနေလာကြည့်ကြ တာ. . .။ အရူး သန်းဦးကိုများ ဆရာတော် သမလွှတ်မလားပေါ့။

ဆရာတော်က စေ့စေ့ကြည့်ရင်း. . .

"ဟဲ့. . . ငသန်းဦး"

"ဘုရား. . ."

"ငါ ဆေးတွေ ဖော်ဖော်နေတာ နင်လည်း အသိမို့လားဟဲ့"

"တင်ပါ့"

"အိမ်း. . . ခု ငါဖော်ထားတဲ့ ကာယသိဒ္ဓိဓာတ်ရည်တွေ နောက်က အုတ်ကန်ပျက်ထဲမှာ ရှိသဟဲ့။ နင့်တစ်ယောက်သာ ငါ ဓာတ်ကျလို့ မှုသဟဲ့။ သွား. . . အဝတ်အစားတွေချွတ်ပြီး ဓာတ်ရည်ထဲမှာ စိမ်ချေ။ ကိုယ်ထဲ စိမ့်ဝင်အောင် ပွတ်သပ်ပြီး စိမ်ချေ. . ."

အရူးသန်းဦး မျက်လုံးတွေ အရောင်တောက်သွားတယ်။

"တင့်ပါ ဘုရား" ဆိုပြီး

ချက်ချင်း ထပြေး. . . အုတ်ကန်နားလည်းရောက်ရော အဝတ်အစား တွေချွတ်၊ ပုံချပြီး အုတ်ကန်ထဲက ရေထဲ အားရဝမ်းသာ ဝုန်းကနဲ ဆင်းတာ. . .။

ဘာပြောကောင်းမလဲ. . . ဝိုင်းကြည့်နေတဲ့ လူအုပ်ကြီးကလည်း ဝမ်းသာအားရ လက်သီးလက်မောင်းတွေ တန်းပြီး ဩဘာပေးကြတယ်။

"ဟေး. . . အရှုးသန်းဦး ရေချိုးပြီကွ"

အရှုးသန်းဦးက ရေထဲမှာ စိမ်လို့. . . ပြုံးပြုံးကြီးကြီး. . .။

ကျောင်းပြတင်းပေါက်က ကြည့်နေတဲ့ ဆရာတော်ကြီးလည်း မိန့်မိန့်ကြီးပြုံးပြီး. . . ခရီးထွက်ဖို့ ပြင်တယ်။ လှည်းကူးမှာ နှစ်ညအိပ်သုံးရက်ဆွမ်းစားကြွရမှာ ဆိုလားပဲ။ တစ်ရွာလုံးစိတ်ချမ်းသာသွားကြပြီ။ အရှုးသန်းဦး ရေချိုးနေပြီကိုး. . .

လူတွေလည်း ခဏနေတော့ ပြန်ကုန်ကြတယ်။ အရှုးသန်းဦးခါတ်ရည်စိမ်လို့ကောင်းတုန်း. . .

ညနေစောင်းသွားပြီ။

အရှုးသန်းဦး ခါတ်ရည်စိမ်လို့ကောင်းတုန်း. . .

ည (၁၀)နာရီ

အရှုးသန်းဦး ခါတ်ရည်စိမ်လို့ကောင်းတုန်း. . .

ည (၁၂)နာရီ

အရှုးသန်းဦး ခါတ်ရည်စိမ်လို့ကောင်းတုန်း. . .

မနက် (၃)နာရီ

"ကယ်ကြပါဗျို့. . . အရှုးသန်းဦး မနက်ကတည်းက ရေစိမ်နေတာခုထိ မထွက်သေးဘူး။ ပြောလို့လည်း မရတော့ဘူး. . . လာကြပါဦး"

အမြင်မတော်တော့တဲ့ လူကြီးတစ်ယောက် လိုက်အော်တယ်။

သူကြီးအပါအဝင် ရွာက ကာလသားတွေရော၊ လူကြီးကလေးမကျန်အရှုးသန်းဦးဆီ ရောက်သွားကြတယ်။ ဝိုင်းပြောကြတယ်။

"သန်းဦး. . . ထွက်ခဲ့တော့. . . သေချင်လို့လား"

ဘယ်သူပြောပြော အရှုးသန်းဦးက ခပ်တည်တည်ပဲ။ ကန်ဘောင်မှာ

ဝါးရင်းတုတ်တို ထောင်ထားပြီး လာခေါ်ရင် ရိုက်ထုတ်မယ်လုပ်နေတော့ ဘယ်သူမှလည်း အနားမကပ်ရဲဘူး။ သူ့ကို မနာလိုလို့ ဖတ်ရည်ခိုးဖို့ လာကြတယ် ထင်နေတာ သူက. . .။

ပုံစံက တစ်ကိုယ်လုံးပြာနှမ်းနေပြီ။ ဆက်ထားရင် မသာပေါ်ပြီ။ အခြေအနေမကောင်းတော့. . .။

တတ်နိုင်ဘူး. . .။ လှည်းကူးထိတက်. . . ဆရာတော်သွားပြန်ပင့်။ ဆရာတော် တရားပွဲဖျက်. . . ဒေါသတွေထွက်ပြီးရောက်လာ. . . အရှူးသန်းဦးကို ကြိမ်နဲ့လိုက်. . . အရှူးသန်းဦး မိမွေးတိုင်း ဖမွေးတိုင်းကြီးနဲ့ ရွာပတ်ပြေး။ (၁၀)မိနစ်လောက်လိုက်ပြီး ဆရာတော်က ကျောင်းပြန်ပြီး ခရီးပန်းလို့ ကျိန်းနေပြီ။ သူက မွန်းတည့်တဲ့အထိ သူတစ်ယောက်တည်း ပြေးလို့ ကောင်းနေတုန်း. . .။ အရှူးသန်းဦး ပြောပါတယ်. . .။

# ဒေါ်ဖြနှင့်အရှူးသန်းဦး. . .(၂)

**အရှူးသန်းဦးနှင့်နေကာမျက်မှန်တစ်လက်...**

အရှူးသန်းဦး နေကာမျက်မှန်တစ်လက်ရတယ်။ ဘယ်က ဘယ်လို ရသွားလဲ ဘယ်သူမှမသိကြဘူး။ ဒါပေမယ့် ဘယ်သွားသွား နေကာမျက်မှန် အမည်းမှောင်မှောင်ကြီးတပ်ပြီး လမ်းသလားနေတဲ့ အရှူးသန်းဦးကို တစ်ရွာလုံး မမြင်ချင်မှအဆုံးရယ်. . .

အရှူးသန်းဦး နေကာမျက်မှန်တပ်တာ ပြဿနာမရှိပါဘူး။ ပြဿနာက ဘယ်တော့မှ မျက်မှန်မချွတ်တာ. . .။ ဆိုလိုချင်တာက ညဘက်တွေပါ မချွတ်တာ. . .။ အဲ့မှာ ပြဿနာစပြီ. . .။ ဟုတ်တယ်လေ လျှပ်စစ်မီး မရသေးလို့ ညဘက်ဆို တစ်ရွာလုံး မီးအိမ်လေးတွေ ဖယောင်းတိုင်လေး တွေနဲ့ မှုန်ကုပ်ကုပ်နေနေရတာ မှောင်ကြီးမဲကြီးထဲ ဒင်းက နေကာမျက်မှန် အနက်ကြီးတပ်ပြီး လျှောက်သွားတော့ ဘာဖြစ်မလဲတွေးသာကြည့်. . .

"အရှူးသန်းဦးရယ် ရွာထိပ်က မြောင်းထဲပြုတ်ကျလို့ ဗျို့. . . လာဝိုင်း ဆယ်ကြပါဗျို့. . ." ဆိုတာက တစ်မျိုး. . .။

"အရှူးသန်းဦး ရွာလယ်က ညောင်ပင်ကြီးနဲ့ဝင်ဆောင့်လို့ ခေါင်းမှာ သွေးတွေနဲ့ဗျို့. . . ဆေးခန်းပို့ကြပါဦး. . ."ဆိုတာက တစ်ဖုံ. . ။

"ရပ်ထားတဲ့ဆိုက်ကားကို ဝင်ဆောင့်လို့ အရှေ့သန်းဦး ဒူးကွဲပြီးဖော် နေတယ်။ လာကြပါဦးဟ. . . "ဆိုတာက တစ်လိ. . .။

ညစဉ်ညတိုင်း အရှေ့သန်းဦး သတင်းကို မကြားချင်မှအဆုံး တစ်ရွာလုံး ကြားကြရပါတော့တယ်။

မြင်ရတာလည်း စိတ်သက်သာစရာ တစ်ကွက်မှမရှိဘူး။ အရှေ့သန်းဦး တစ်ကိုယ်လုံးလည်း ပတ်တီးအဖွေးသားနဲ့ နေရာလပ်ကို မကျန်ဘူး။ မနက်တိုင်း ကျေးလက်ကျန်းမာရေးဌာနမှာ သူရှိတယ်။ ခြံစည်းရိုးတွေ ဝင်တိုးလို့ တိုး. . . မြောင်းဘောင်ပေါ်က ချော်ကျလိုက်၊ အိပ်နေတဲ့ခွေး တက်နင်းလို့ ခွေးဆွဲခံရ. . . ဇာတ်လမ်းမျိုးစုံ။ အဲ. . . နေကာမျက်မှန်နက်ကြီးတော့ မချွတ်ဘူး. . . ခပ်တည်တည်ပဲ။ လူကသာ ရစရာမရှိတော့တာ. . . သူ့ကြည့်ရတာလည်း သေမှမျက်မှန်နက်ကြီး ချွတ်မယ့်သဘောရှိတယ်။

နောက်ဆုံးမနေနိုင်တဲ့ ရွာက ကာလသားအစ်ကိုကြီးတွေပေါင်းပြီး အရှေ့သန်းဦးကို ထန်းရည်အမူးတိုက်ပြီး မျက်မှန်ခိုးဖို့ ကြိုးစားကြတယ်။ လိုချင်လွန်းလို့တော့ မဟုတ်ဘူး. . . သူကို သနားလို့. . . မကြည့်ရက်တော့လို့. . .။ အရှေ့သန်းဦးလည်း မူးပြီးအိပ်ရော သူတို့မျက်မှန်ယူပြီး ထွက်ပြေးကြတယ်။ ပြဿနာတစ်ခုတော့ အေးပြီပေါ့. . .။ အရှေ့သန်းဦး နိုးလည်းလာရော တစ်ရွာလုံးပတ်သောင်းကျန်းတာ မြင်မကောင်းဘူး။ နောက်ဆုံး ဓာတ်ဆီပုံးကြီးကိုင်ပြီး နေကာမျက်မှန်မရှိတဲ့ ဘဝမှာ မနေချင်တော့ဘူး။ သူ့ကိုယ်သူ မီးရှို့ပြီး သတ်သေမယ်လည်းလုပ်ရော. . . ရွာက ကာလသားတွေ မျက်မှန်ယူပြီး ချက်ချင်းပြေးချော့ရတယ်။ ကိုယ့်အစ်ကိုကြီးကို ညီလေးတို့က ချစ်လို့စတာ ဘာညာနဲ့. . .။ မပေးလို့လည်း မရဘူးလေ. . .။ ဟိုက ရှူးနေတာ တကယ်သတ်သေသွား ဘယ့်နှယ့်လုပ်မလဲ။

ပြဿနာက ပုံမှန်တိုင်းဆက်သွားနေတော့ သူကြီးဝင်ရှင်းရတဲ့ အဆင့်ထိရောက်သွားတယ်။ ဒါပေမယ့် သူ့မျက်မှန်မဲကြီးတော့ ဘယ်သူမှ တောင်းလို့မရဘူး။ တစ်နေ့ကုန်သွားချင်ရာသွား ညဘက်သူကြီး ထိပ်တုံးနဲ့ ညအိပ်ရတယ်။ မအိပ်ချင် မျက်မှန်ထားခဲ့ မနက်လာပြန်ယူ။ အရှုံးသန်းဦး လက်မခံဘူး။ ထိပ်တုံးခတ်လျက်သားကိုပဲ မျက်မှန်အမဲကြီးတပ်ပြီး ညအိပ် တယ်။ ခဏတာ အဆင်ပြေပေမယ့် ရည်ရှည်တော့ မကောင်းဘူးလေ။ သူကြီးလည်း နားလည်တယ်။

နောက်ဆုံးထုံးစံအတိုင်း ရွာဦးကျောင်းဆရာတော်ဆီ သတင်းရောက် သွားတယ်။ ဆရာတော် အရှုံးသန်းဦးကို ဆင့်ခေါ်ပြီး. . .

မျက်မှန်မဲကြီးနဲ့ အရှုံးသန်းဦးရောက်လာတော့. . .

"ငသန်ဦး"

"ဘုရား. . ."

"နင့်မျက်မှန်က တယ်မိုက်ပါလားကွ ဟေ. . ."

"ငါ့ခဏငှားစမ်း. . . . နက်ဖြန်တရားပွဲသွားစရာရှိတယ်"

အရှုံးသန်းဦး ငြိမ်ကျသွားတယ်။ ဟုတ်တယ်လေ တစ်ရွာလုံးသာ ကလန်ရဲတာ ဆရာတော်ကျ သူဖင်တုန်နေအောင်ကြောက်တာ. . . လေးစားကြည်ညိုတာလည်း တစ်ပိုင်းပေါ့လေ။ နောက်ဆုံး ငိုမဲ့ငိုမဲ့နဲ့ ချွတ် ပေးတယ်။ ချွတ်ပေးပြီး ပေကပ်ပေကပ်နဲ့ ကြည့်နေသေးတယ်။ ဆရာတော်က. . .

"နင်မပြန်သေးဘူးလား. . ."

ခတ်ဆတ်ဆတ်မိန့်မှ ကျောင်းပေါ်က ဆင်းတယ်။ နောက်ရက်တွေ လည်း ယောင်လည်ယောင်လည်နဲ့ ကျောင်းနားရောက်ရောက်လာသေး

တယ်။ ဆရာတော်ကလည်း ပြန်မပေး. . . သူလည်း မမေးရဲတော့. . . ဒီလိုနဲ့ပဲ အရှူးသန်းဦးနဲ့ နေကာမျက်မှန်ဇာတ်လမ်း တစ်ခန်းရပ်သွားပါတော့တယ်။

**အရှုးသန်းဦးဘာလဲ**

ဘယ်သူမှမသိဘူး. . . သိအောင်လည်း မကြိုးစားကြဘူး။ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ ရွာသားတွေဆိုတော့ အချိန်လည်း မပေးနိုင်ကြဘူးလေ. . .

တစ်ရက်တော့ ရွာမှာ မထိတ်သာ မလန့်သာ သတင်းတစ်ခုဝင်လာတယ်။ ရွာဖျားကိုင်းတောထဲမှာ ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက် မသေမရှင်ဖြစ်နေတယ်တဲ့. .။ တစ်ရွာလုံး အုတ်အုတ်ကျွတ်ကျွတ် ပြေးကြည့်ကြတယ်။ ဟုတ်ပါတယ်. . . မျက်နှာစိမ်းကိုယ်ဝန်ဆောင်မိန်းမတစ်ယောက် ထုရိုက်ခံထားလို့ သွေးတွေရွှဲနေတယ်။ လည်ပင်းမှာလည်း ပြတ်ရှရာလိုလို ဒဏ်ရာက သွေးတွေမြင်မကောင်းဘူး. . . စီးနေတာ။ အသက်မျှင်းမျှင်းတော့ ရှူနေသေးတယ်။ ထိလည်းမထိရဲ၊ ကိုင်လည်း မကိုင်ရဲကြတော့ တစ်ယောက်တစ်ပေါက်အော်ရင်း သူကြီးအလာ စောင့်နေကြတယ်။ မစောင့်တာ အရူးသန်းဦး. . .။ ကိုယ်ဝန်ဆောင်မိန်းမကို ပြေးပွေ့တယ်။ သွေးခုန်နှုန်းစမ်းတယ်. . . ကိုယ်ဝန်ကို ကြည့်တယ်. . . နေ့စေ့လစေ့ကြီး. . . ပြန်ချတယ်။ ရွာထဲပြန်ပြေးတယ်. . . ခဏပဲ ဘလိပ်ဓားတစ်ချောင်းနဲ့ ခဲတံချွန်တဲ့ ဓားတစ်ချောင်းယူလာတယ်။ ပြီးတော့ ကိုယ်ဝန်ဆောင်မိန်းမ ဗိုက်ထဲက ကလေးကို ခွဲထုတ်တယ်။ ဓားနှစ်ချောင်းကို လိုသလိုသုံးပြီး တလှာစီခွဲထုတ်တာများ ဝက်သားသည် မဒိုက်တောင် သြချယူရတယ်တဲ့. .။ ခွဲထုတ်နေတုန်းမှာပဲ အဲဒီမိန်းမ အသက်ကုန်သွားတယ်။ ဒါပေမယ့် ကလေးလေးကတော့ တဝါးဝါးနဲ့ငိုပြီး အသက်ရှင်တယ်။ ယောက်ျားလေး. . . ခုထိရွာက ဘုန်းကြီးကျောင်းမှာ သန့်ဇင်ဦးဆိုရင် မသိသူမရှိဘူး။ အရူးသန်းဦး မွေးပေးတဲ့ကလေး. . .။

တချို့လူတွေက ပြောကြတယ် အရှုးသန်းဦးက ဆရာဝန်တဲ့. . .။

၂၀၀၅-မေလလောက်ကြီး ရွာကို မြို့နယ်မှူးကြီးဦးဆောင်ပြီး နိုင်ငံခြားသားတစ်ဖွဲ့ ရောက်လာတယ်။ unicef ကလို့ ပြောတာပဲ. . . ကလေးတွေကို မုန့်တွေ စာရေးကိရိယာတွေ လှူတယ်။ စာရေးကိရိယာတွေကလည်း မမြင်ဘူးတဲ့ နိုင်ငံခြားဖြစ်တွေ. . . လွတ်ကောင်းပဲ။ ဒေါ်မြအပါအဝင် ရွာက ကလေးတွေ ပျော်ကြတာဆိုတာ. . . ဘာကာကွယ်ဆေးဆိုလား ထိုးပေးတယ်။ ဖျားနေတဲ့ ကလေးတွေကို ဆေးကုပေးတယ်။ ညနေ သူတို့ပြန်ခါနီးကျမှ တစ်ရွာလုံးမျက်လုံးပြူးရတဲ့ ကိစ္စပေါ်လာတယ်။ အရှုးသန်းဦး. . . ရယ်လာတဲ့ နိုင်ငံခြားသားအဖွဲ့က ခေါင်းဆောင် လူဖြူကြီးနဲ့ စကားတွေပြောနေတာ အင်္ဂလိပ်လိုကို မွတ်ထွတ်နေတာပဲ။ လူဖြူကြီးက တစ်ရွာလုံးခိုင်းဖတ် အရှုးသန်းဦးကို အရေးတယူလုပ်ပြီး ဒေါ်မြတို့ နားမလည်တဲ့ ဘာသာစကားတွေနဲ့ ပြောနေတာလေ. . .။ သူတို့အချင်းချင်းကျ ဟုတ်လို့ဆရာ. . .။ အံမယ် ဒင်းတို့က လက်တွေ ဘာတွေတောင် ဆွဲနှုတ်ဆက်လိုက်သေး. . .။ တချို့လူတွေက ပြောကြတယ်။ အရှုးသန်းဦးက ခေတ်ပညာတတ် ဖြစ်မယ်တဲ့. . .

တစ်ခါတစ်လေတော့လည်း နွေဦးညဘက်မျိုးမှာ လကြီးထိန်ထိန်သာနေရင် အရှုးသန်းဦးတစ်ယောက် ရွာလမ်းအတိုင်းလျှောက်ရင်း သီချင်းကြီး၊ ပတ်ပျိုး၊ ကာလပေါ်သီချင်းတွေကို အသံဝါကြီးနဲ့ စိတ်ကူးရသလို အော်ဆိုနေတတ်ပါတယ်။ သူ့အသံနဲ့ သီချင်းဟန်နဲ့လိုက်လွန်းလို့ တချို့ ကာလသားတွေပါ အိမ်ပြင်ထွက်ရင်း မယ်ဒလင်တွေ၊ ပလွေတွေနဲ့ ရွာရဲ့တေးသံသာညကို ဖန်တီးကြပါတယ်။ အပျိုတွေက လက်ဖက်တွေ၊ ရေနွေးကြမ်းတွေကမ်းရင်း ခပ်လှမ်းလှမ်းက နားထောင်ကြ. . . ဒေါ်မြတို့

ကလေးတွေက ကပါတယ်။

အေးမြတဲ့ ညချမ်းကလေးရယ်. . . လထိန်ထိန်သာနေတဲ့ လမင်းကြီးရယ်. . .၊ နောက်ချိုးနဲ့ ကောက်ရိုးနဲ့ သင်းသင်းတွေ. . .၊ သာယာနာပျော်ဖွယ်ရာ တေးသံတွေကြားမှာ ဂါဝန်အစုတ်လေး မကာ မကာလွှင့်မျော ကခုန်ခဲ့ရတဲ့ ညတွေ. . . ခုထိတွေးမိဆွေးမိတုန်းပါ။ တချို့ကလည်း ပြောပါတယ်။ အရှုးသန်းဦးက ဇာတ်မင်းသားဖြစ်မယ်. . . အဆို အငို တယ်ပိုင်တာကိုး. . . တဲ့. . .။

ဒါပေမယ့် အရူးသန်းဦး ဘယ်သူလဲဆိုတာ သူသေသွားတဲ့အထိ ဘယ်သူမှ မသိခဲ့ပါဘူး။ ဒေါ်မြ အင်္ဂလန်ရောက်နေတုန်း သူဆုံးသွားပါတယ်။ ရွာကလူတွေနဲ့အတူ ဒေါ်မြကို လေဆိပ်လိုက်ပို့တုန်းက သူမှာခဲ့တဲ့ နောက်ဆုံးစကားလေးပါ. . .။

"ဒေါ်မြလေး. . . ကမ္ဘာပေါ်မှာလေ နင်သွားချင်တဲ့
နေရာသွားလို့ရတယ်. . . တစ်ခုပဲ. . . လမ်းမမှားစေနဲ့
မှားမှန်းသိရင် ချက်ချင်းပြန်လှည့်. . . ကြားလား. . . တဲ့. . ."

သာမန်တွေးရင် ရိုးရိုးလေးပေမယ့် တန်ဖိုးရှိတဲ့ အဓိပ္ပါယ်တွေ အများကြီးပါနေပါတယ်။ ဒေါ်မြဘဝမှာ မှားသွားပြီလို့သိတိုင်း ချက်ချင်း နောက်ပြန်လှည့်တတ်အောင် သင်ခန်းစာယူထားပါတယ်. . . ခုချိန်ထိပဲဆိုပါတော့. . .

အရူးသန်းဦးသို့. . .
သတိရခြင်းများစွာဖြင့်. . .
ဒေါ်မြ



## ဒေါ်မြနဲ့ နေ့ရာ

နိုင်ငံခြားမှာနေတုန်းက ကျောင်းတက်ရက်တွေမှာရော ကျောင်းပိတ်ရက်တွေမှာပါ မနားတမ်း အလုပ်လုပ်ပါတယ်။ နေ့စဉ် လည်ပတ်မှုဇယား ကြားဖူးအောင် ဖတ်သွားကြပါကုန်။

မနက် (၆)နာရီ ထပါတယ်။ ထမင်းပေါင်းအိုးထဲကို ရေဆေးပြီးသား ဆန်ရယ်၊ ငါးသေတ္တာ ဒါမှမဟုတ် အသားဘူးတစ်ဘူး ဖောက်ထည့်ပါတယ်။ ပြီးရင် ဂေါ်ဖီ၊ မုန်ညင်းအရွက်တစ်မျိုးမျိုး ထည့်ပါတယ်။ ပြီးရင် ရေနည်းနည်းထည့်ပြီး ခလုတ်နှိပ်ထားလိုက်ရုံပါပဲ။ (၄၅)မိနစ်နေရင် ထမင်းလည်းကျက်၊ အသားလည်းကျက်၊ ဟင်းရွက်လည်းကျက် ကွက်တိပါပဲ။

ရေမိုးချိုး အဝတ်အစားလဲပြီးရင် (၇)နာရီခွဲ ကျောင်းအရောက်ပြေးရပါတယ်။ စာသင်ချိန်က မနက် (၇)နာရီ (၄၅)မိနစ်ကနေ နေ့လည် (၁၁)နာရီ (၄၅)မိနစ်ထိပါပဲ။ ကျောင်းဆင်းတာနဲ့ ကန်တင်းမှာ ထမင်းသုတ်သုတ်စားပြီး အလုပ်ကို ပြေးရပါတယ်။ နေ့ခင်းအလုပ်က (၁၂)နာရီ (၃၀)မိနစ်ကနေ ညနေ (၅)နာရီ (၃၀)အထိပါ။

ညနေအလုပ်ဆင်းရင် (၆)နာရီအရောက် စားသောက်ဆိုင်ကို ပြေးရ

ပါတယ်။ အဲဒီဆိုင်မှာ ညနေ(၆)နာရီကနေ နောက်နေ့မနက် (၂)နာရီထိ လုပ်ရပါတယ်။ အိမ်ပြန်ရောက်ရင် (၂)နာရီခွဲ၊ အဝတ်တွေလဲ ခြေလက်ဆေးပြီး စာခဏ ဖတ်ပါသေးတယ်။ မနက် (၃)နာရီအိပ်ရာဝင်ပြီး မနက် (၆)နာရီ ပြန်ထပါတယ်။

အဲဒီတော့ အချိန်ဇယားဆွဲပြရရင်. . .

6:00 am to 7:00 am အိပ်ရာထ၊ ရေချိုး၊ ထမင်းချက်

7:00 am to 7:30 am ကျောင်းသွား

7:45 am to 11:45 am စာသင်

11:45 am to 12:00 pm နေ့လည်စာစား

12:00 pm to 5:30 pm အလုပ်လုပ်

5:30 pm to 6:00 pm ညစာစား

6:00 pm to 2:00 am အလုပ်လုပ်

2:00 am to 3:00 am စာကြည့်

3:00 am to 6:00 am အိပ်ချိန်

အဲဒီအချိန်ဇယားနဲ့ ဘယ်လောက်ကြာကြာ လည်ပတ်ခဲ့သလဲဆိုရင် ခုချိန်ထိပါပဲ။ ဘော်ဒါအရင်းတွေအကုန်လုံး ခေါ်မြအိပ်ချိန် အရမ်းနည်းတာ သိကြပါတယ်။ တစ်နေကုန် အလုပ်လုပ်သလို ညဘက်တွေဆို (၂)နာရီ (၃)နာရီထိ မအိပ်သေးဘဲ အလုပ်လုပ်ပါတယ်။ စာတွေဖတ်ပါတယ်။ မနက်စောစောနိုးပါတယ်။ အကျင့်ဖြစ်သွားတာကြောင့် ထူးထူးခြားခြား အိပ်ရေးပျက်လို့ ခေါင်းကိုက်တာမျိုး ခေါင်းမကြည်တာမျိုး မခံစားရပါဘူး။ ထားပါ. . .။

အလုပ်တွေသာ ပြောင်းသွားတယ်။ အချိန်ဇယားကတော့ မပြောင်းပါဘူး။ ရှာလို့ရသမျှ ကျစ်ကျစ်လျစ်လျစ် စုပြီး အိမ်ပို့ပါတယ်။ အဝတ်အစားနဲ့ပတ်သက်လို့လည်း သိပ်မပူရပါဘူး။ ကျောင်းပြီးကာနီး အာဖရိကန်မလေးတွေ ရွှေးပေါင်းလိုက်ရုံပါပဲ။ သူတို့လှချင်ပချင်လို့ ဝယ်ထားသမျှ အနွေးထည်ထူထူလှလှတွေက သူတို့ပြန်ရင် အလကားနီးပါးဈေးနဲ့ ပြန်ရောင်းခဲ့ရတာပါ။ သူတို့နိုင်ငံမှာလည်း ဝတ်လို့မှ မရတာလေ။

ဒေါ်မြက အောက်ဈေးနဲ့ နှိုက်ပြီး ပြန်ဝယ်ဝတ်ပါတယ်။ shopping center တွေသာမရောက်တာ လူကတော့ တောက်ပြောင်လို့ပါပဲ။ ဒေါ်မြရယ်. . . မပင်ပန်းဘူးလား။ ပင်ပန်းပါတယ်။ သေမတတ် ပင်ပန်းပါတယ်။ ခုထိ အကျင့်ပါနေလို့ မပင်ပန်းရရင်တောင် ဖျားချင်ပါတယ်။ ဒေါ်မြဘဝကို ဟိုးအောက်ဆုံးကနေ ခုနေရာထိ မြှင့်တက်စေခဲ့တဲ့ အရေးကြီးဆုံးအချက်တစ်ချက် ရှိပါတယ်။ အဲဒါက စဉ်ဆက်မပျက် သင်ယူလေ့လာနေခြင်းပါပဲ။ ပြီးတော့ စိတ်ဓာတ်ပါ. . .။

ဆိုကြပါတော့. . . ဒေါ်မြ အကျီရောင်းတဲ့ဆိုင်မှာ အချိန်ပိုင်းအလုပ်ဝင်လုပ်တယ်။ လာရင်ရောင်း၊ မလာရင် ရပ်ကြည့်၊ မေးရင်ဖြေ . . . No. . . အဲဒါမျိုး လုံးဝမဟုတ်ပါဘူး။ ယူနီဖောင်းလဲပြီး ဆိုင်ထဲဝင်ကတည်းက ဒါငါ့ဆိုင်လို့ သဘောထားပါတယ်။ လူမြင်ကွင်းမှာ အမြင်မတော်တဲ့ အမှိုက်စုတ် ဘူးစုတ်တွေ ဖယ်ပါတယ်။ ဆိုင်အခင်းအကျင်းကို ပြန်ကြည့် အမြင်မတော်တာတွေ ပြန်ပြင်၊ ပြောင်လက်တောက်ပနေအောင် ဖုန်သုတ်၊ ဝယ်သူလာရင် သေချာရှင်းပြ အကြံပေး၊ မိတ်ဖွဲ့၊ နောက်ဆုံးဝယ်သူက သူတစ်ယောက်တည်းလာပေမယ့် အကောင်းဆုံး အကြံပေးအဖော်တစ်ယောက်ပါလာသလို ခံစားရပြီး ပြုံးပြုံးကြီး ကျေနပ်အားရ

သွားတဲ့အထိ ဝန်ဆောင်မှု ပေးပါတယ်။

အချိန်အားရရင် ဖက်ရှင်တွေ၊ ဒီဇိုင်းတွေနဲ့ ပတ်သက်တာတွေ လေ့လာပါတယ်။ ဒီအကျီလေးကတော့ဖြင့် ဘယ်ဒီဇိုင်နာရဲ့လက်ရာကို ပြန်ဆန်းသစ်ထားတာပေါ့။ ဘယ်လိုအရောင်တွေကတော့ဖြင့် ရှင့်အသား အရည်နဲ့ မလိုက်လောက်ဘူးနော်. . . စသည့်ဖြင့် ပြုံးနေတဲ့ မျက်နှာထားနဲ့ အမြဲကူညီပေးပါတယ်။ ငွေရှင်းပြီး ဆိုင်ပေါက်ဝရောက်တဲ့အထိ သူဝယ်ထားတဲ့ပစ္စည်းအိတ်ကို ဆွဲရင်း မလိုအပ်ပေမယ့် လိုက်ပို့ပေးပါတယ်။ လိုက်ပို့ပေးရင်း သူ့နာမည်ကိုမေး၊ နောက်တစ်ခါကြုံရင်လည်း ဝင်ခဲ့ဖို့ ဖိတ်ခေါ်၊ လက်ကလေးပြရင်း နှုတ်ဆက်ပါတယ်။ (၂)ခေါက်နဲ့အထက် လာဝယ်သူတွေရဲ့ နာမည်တွေ သေချာရေးမှတ်ပါတယ်။ သူတို့နောက် တစ်ခါလာရင် သူတို့နာမည်ခေါ်ပြီး နှုတ်ဆက်ပါတယ်။ ကြာလာတော့ ဘာဖြစ်လာသလဲဆိုတော့ ဝယ်သူတွေအားလုံးက ဆိုင်နာမည်ထက် ခေါ်မြကို ပိုရင်းနှီးလာကြပါတယ်။ မဝယ်ဖြစ်ရင်တောင် ဆိုင်ရှေ့က ဖြတ်သွားတိုင်း အမှတ်တရ လှမ်းနှုတ်ဆက်ကြပါတယ်။ တချို့ဆို မုန့်တွေ လက်ဆောင်ပေးသွားကြပါတယ်။

(၅)လနေတော့ လိုချင်တဲ့ အနေအထားရောက်ပါပြီ။ အလုပ် (၃)ရက် မသွားပါဘူး။ ဆိုင်မှာ customer complain တွေ ပြည့်နေပါတယ်။ လာသမျှ ဈေးဝယ်တွေက မြရော. . . မြရော. . . ပဲ မေးနေကြတော့ ဆိုင်ရှင်မနေသာတော့ဘူးလေ။ ဖုန်းဆက်လာပြီ။ ခေါ်မြတို့ ဈေးကိုင်ပြီ။ ငါတစ်နာရီ (၂၀)လိုချင်တယ်။ နင့်ဆိုင်ရောင်းအားကို ---%ထိ တင်ပေးမယ်။ deal ပေါ့။ ခေါ်မြကို ယုံကြည်နေပြီလေ။ အမှန်တကယ်လည်း လုပ်ပြခဲ့တာကိုး။ သူများတွေ တစ်နာရီ (၇)လောက် (၈)လောက်ပဲ ရနေတဲ့

အချိန်. . . ဒေါ်မြ (၂၀)စားပါတယ်။ ဆိုလိုချင်တာက ကိုယ့်တန်ဖိုးဆိုတာ ကိုယ်သတ်မှတ်ရတာပါ။ ကိုယ့်နေရာ ကိုယ်ဖန်တီးယူရတာပါ။

Company ဝန်ထမ်းတွေ အမိကပေါ့။

ကိုယ်အလုပ်လုပ်နေတဲ့ ကုမ္ပဏီမှာ ကိုယ့်နေရာ ဘယ်လောက်ရှိသလဲ ပြန်ကြည့်ပါ။ ဘယ်လိုကြည့်ရမလဲ။ တွေးကြည့်ပါ။

ငါမရှိရင် ဒီ Company ဘာဖြစ်သွားမလဲ။

(၁) ဘာမှ မဖြစ်ဘူး။ အေးဆေးပဲ။ ဒါဆို သင်နေရာ မရသေးပါဘူး။ ကြိုးစားလိုက်ပါအုံး. . .။

(၂) ငါမရှိလို့ ဘယ်ဖြစ်မလဲ။ စာရင်းတွေက ငါပဲသိတာ။ ဒါတွေကို ငါကလွှဲရင် Company မှာ ဘယ်သူမှ မလုပ်တတ်ဘူး။ စသည်ဖြင့် တွေးမိရင်တော့. . .။ ဈေးကိုင်ပါတော့. . .။

ဒါပေမယ့် အပေးအယူနဲ့ ကိုင်ပါ။ ငါ့ကို ဒါပေး. . . ငါ ဒါတွေ ပြန်လုပ်ပေးမယ်ဆိုတာမျိုးပေါ့။ သူဌေးတွေအကုန်လုံး အတွက်အချက် တော်ကြပါတယ်။ လူတော်လူကောင်း လိုချင်ကြပါတယ်။

သူငယ်ချင်းတွေအားလုံး နေရာကောင်းရနိုင်ကြပါစေ. . .။

# ဒေါ်မြနှင့်ကျောင်းသားသပိတ်

မြန်မာနိုင်ငံရဲ့ပညာရေး. . . အရေးကြီးပါတယ်။ ဖိနှိပ်ခံမျက်လုံး ထိုးဖောက်ခံ၊ ပုံစံခွက်ထဲက ပညာရေး. . . မြတို့အားလုံး ကြုံခဲ့ကြရတာ ပဲလေ။ ဆရာ၊ ဆရာမတွေကို မစော်ကားပါဘူး။ အနည်းဆုံးတော့ စာဖတ် တတ်ခဲ့တာပဲ မဟုတ်လား. . .။

မကျေနပ်တာတွေ ရှိတယ်။

ပြုပြင်ပြောင်းလဲချင်တာတွေ ရှိတယ်။

လိုအပ်နေတာတွေ ရှိတယ်။

ဘာလဲ. . . သူတို့ပြောင်းပေးမှ တို့ဘဝတွေက ပြောင်းလဲရမှာလား။

သူတို့ ပြင်ဆင်ပေးမှ တို့ဘဝတွေ တင့်တယ်မှာလား။

သူတို့သဘောတူပေးမှ တို့က ညီညွတ်ကြရမှာလား။

မှားနေပြီ. . .။

မြတို့အားလုံး ကိုယ့်ကိုယ်ကို အရင်ဆုံးပြောင်းလဲရမှာ။ နှစ်ပေါင်း (၂၀)နီးပါး ပိုးစိုးပက်စက် ရိုက်ချိုးဖျက်ဆီးခံထားရတဲ့ စာရိတ္တတွေကို ပြန်ပြင်ရမှာ. . . အတွေးအခေါ်တွေ ပြန်ပြင်ရမှာ. . .။

နေပူထဲမှာ အကျိုးမရှိ အဆာငတ်ခံ ဆန္ဒပြနေမယ့်အစား. . .

ဆယ်တန်းတွေ စာမေးပွဲဖြေနေတယ်လေ။ ကျူရှင်မယူနိုင်. . . ဂိုက်မငှား နိုင်တဲ့ ကိုယ့်ပတ်ဝန်းကျင်က မောင်လေး ညီမလေးတွေကို စာပြပေးကြပါလား။

မြို့နယ်တူ ကျောင်းသားကျောင်းသူတွေ စုစည်း၊ သုံးမရတဲ့ စည်ပင်တွေအစား ကိုယ့်မြို့နယ် ကိုယ့်အပတ်စဉ် သန့်ရှင်းရေးလုပ်။ အလှူငွေကောက်. . . ရလာတဲ့ငွေနဲ့ ဆရာငှားပြီး နွေရာသီအင်္ဂလိပ်စာ သင်တန်းတွေ ဖွင့်ပေးကြပါလား။

ခဏလောက် မျက်လုံးမှိတ်ပြီး မြင်ယောင်ကြည့်. . .။

မြို့ရွာတစ်ခုလုံး သန့်ရှင်းနေပြီ။ ကိုယ့်တူ ကိုယ့်သား ပညာတတ်တွေ ကိုယ်တိုင် တံမြက်စည်းကိုင် အမှိုက်ပုံးတွေဆွဲပြီး သန့်ရှင်းရေးလုပ်ထားတဲ့ လမ်း. . . မိဘပြည်သူတွေ အမှိုက်ချဖို့ စဉ်းစားသွားပြီ။ ပံ့ပိုးကူညီချင်လာပြီ။ သန့်ရှင်းရေးလုပ်နေရင်း အလှူငွေကောက်. . . ရလာတဲ့ အလှူငွေပေါ်မူတည်ပြီး ဆရာငှား နွေရာသီ အင်္ဂလိပ်စာ ပညာဒါနသင်တန်းတွေဖွင့်။ ဒါပြပြင်ပြောင်းလဲခြင်း စစ်စစ်ပါ။ စာကြည့်တိုက်တွေ လိုက်ဖွင့်ပေးနေတဲ့ ဖောင်ဒေးရှင်းတွေ ရှိတယ်။ ဆက်သွယ်ပါ။ စာဖတ်ဖို့ အချင်းချင်း တိုက်တွန်းပါ။ လက်ဘက်ရည်ဆိုင်မှာ အချစ်အကြောင်း ထိုင်ပြောမယ့်အစား ဘဝတိုးတက်ရေး ဗဟုသုတစာပေအကြောင်းတွေ ဖလှယ်ပါ။ မြို့နယ်ကျောင်းသားကိုယ်စားလှယ်တွေ ဦးစီးပြီး စာပေဟောပြောပွဲတွေ ကျင်းပပါ။ မြန်မာ့ကျောင်းသားတွေ ဆန္ဒပြနေတာထက်စာရင် ဉာဏခွန်အားတွေ အများကြီး တိုးပွားလာပါလိမ့်မယ်။

အပြောမဟုတ်ဘဲ အလုပ်နဲ့ သက်သေပြနေတဲ့ ကျောင်းသားတွေအတွက် စေတနာရှင်တွေရဲ့ ကူညီပံ့ပိုးမှု မရှားပါဘူး။ ကစားကွင်းတွေ

စနစ်တကျ ပြန်ပြုပြင်၊ မြတို့ ကျောင်းသားတွေ ဉာဏအမြင် ကာယပါ ကြွံခိုင်ဖွံ့ဖြိုးဖို့ လိုတယ်လေ။ မြို့နယ်တိုင်းက ပန်းခြံတွေမှာ ဘတ်စကက် ဘောကွင်းတစ်ခုစီ ရှိလာမယ်။ ဘောလုံးကွင်းတွေမှာ လူတွေရှိလာမယ်။ နှစ်စဉ် မြို့နယ်ကျောင်းသားကိုယ်စားလှယ်တွေ ပေါင်းပြီး ကျောင်းသား အားကစားပြိုင်ပွဲတွေ လုပ်ပါ။ မြန်မာ့ကျောင်းသားတွေ လပိန်ညောင်တွေ မဟုတ်တော့ဘူး။ မြင့်မြင့်မားမား ထွားထွားကျိုင်းကျိုင်း ကျားဆိုမှကျား တွေ ဖြစ်လာမယ်။

စာရိတ္တ. . . ဟုတ်တယ်။ အရေးကြီးတယ်။ မြန်မာနိုင်ငံက ကျောင်းသားတော်တော်များများ စာရိတ္တမကောင်းဘူး။ ဆေးလိပ် သောက်တာ၊ အရက်သောက်တာ၊ ဖဲရိုက်တာ၊ ကလပ်တက်တာ အဲဒါကို ပြောတာ မဟုတ်ဘူး။ ဒါတွေအားလုံးက အသက် (၁၈)နှစ်အထက် လူတစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်ပဲ။ ဆင်ခြင်တုံတရားနဲ့ယှဉ်ပြီး လုပ်မယ်ဆိုရင် အဆိုးမမြင်သင့်တဲ့ အချက်တွေပါ။ ဗိုလ်ချုပ်အောင်ဆန်း ဆေးလိပ် သောက်တယ်။ စာရိတ္တပျက်ရောလား။ ဘီလ်ဂိတ်အရက်သောက်တယ်။ စာရိတ္တပျက်ရောလား။ အင်ဂျလီနာဂျိုလီ ကလပ်တက်ရတာ ကြိုက်တယ်။ စာရိတ္တပျက်ရောလား။ ဒါဆို မြန်မာ့ကျောင်းသားတွေ စာရိတ္တပျက်နေတာ ဘယ်နေရာမှာလဲ။ မှန်တယ်ထင်တာကို မပြောရဲတာ၊ စာခိုးချတာ၊ ကျောင်းစည်းကမ်း မလိုက်နာတာ၊ အတန်းမှန်မှန်မတက်တာ၊ စာမသင် ချင်တာ. . .။ အဲဒါ ကျောင်းသားတစ်ယောက်ရဲ့ စာရိတ္တပျက်ပြားတာပဲ။

သူငယ်တန်းက စပြီး ခုထိ သင်နေတာပဲလို့ မပြောနဲ့။ ဆရာမပြော တာ လိုက်ရေး၊ အလွတ်ကျက် ပြန်ဖြေ၊ ဒါ့အပြင် ခေါင်းထဲမှာ ကိုယ့် အသိစိတ်နဲ့ကိုယ် စာအုပ်ထဲက စာတွေကို လေ့လာ၊ လက်တွေ့ဘဝမှာ

အသုံးချတဲ့သူ ဘယ်နှစ်ယောက်ရှိသလဲ။ ဘွဲ့ရပြီး အလုပ်မရလို့ ဆန္ဒပြတယ်။

ကျွန်တော်တော့ဖြင့်/ ကျွန်မတော့ဖြင့် . . . တက္ကသိုလ်ပညာရေးမှာ ခိုးကူးစာတစ်လုံးမှ မပါဘဲနဲ့ ကိုယ့်ရဲ့ပညာစွမ်း ဉာဏ်စွမ်းနဲ့ အောင်မြင်ခဲ့ပါတယ်ဆိုတဲ့ ကျောင်းသားကျောင်းသူ ဘယ်နှစ်ယောက်ပါသလဲ။ ဘယ်နှစ်ယောက်ရှိသလဲ။ လမ်းထိပ်က မိတ္တူဆိုင်အားကိုးပြီး အောင်လာကြတာချည်းပါပဲ။

ကျောင်းသားတွေ ဆန္ဒပြစေချင်ပါတယ်။ ဆရာဆရာမတွေ စာသင်တာ ညံ့လို့ပါ။

ကျောင်းတက်ရတဲ့အချိန် နည်းလို့ပါ။

ကျောင်းသွားဖို့ကား အချိန်မီ မရောက်လို့ပါ။

သင်ထောက်ကူပစ္စည်းတွေ မပြည့်စုံလို့ပါ။

စာစစ်ဆရာမတွေ အခကြေးငွေယူပြီး assigment တင်ပေးနေပါတယ်။

စာစစ်ဆရာမတွေ စာခိုးချတာ ခွင့်ပြုနေပါတယ်။

ကျောင်းအားကစားကွင်းကြီး ပြုပြင်ပေးပါ။

စာသင်ခန်းတွေ အဆင့်မြှင့်တင်ပေးပါ။

စာရိတ္တပျက်ပြားတဲ့ ကျောင်းသားတွေ တိတိကျကျ အရေးယူပေးပါ။

ပြကြစမ်းပါ။ အဲဒီလို . . . ဆန္ဒမျိုး။ ထုတ်ဖော်ကြစမ်းပါ . . . အဲလို ဆန္ဒမျိုး။ လိုက်လျောမပေးရင် ပါချုပ်ရုံးခန်းပါ မီးတက်ရှို့ပစ်။ ကျောင်းသားတွေမှန်တယ်။ ကျောင်းသားတွေနောက်မှာ မိဘပြည်သူတွေ ရှိတယ်။

ခုတောင်းဆိုတာ . . .

မြန်မာနိုင်ငံပညာရေး ဥပဒေပြင်ဆင်ဖို့ . . .

ဘယ်နှစ်ယောက်လောက် အစအဆုံး ကျေကျေလည်လည် ဖတ်ဖူး

လို့လဲ။

ဘာတွေပါလဲ ဘာသဘောဆောင်သလဲဆိုတာ သပိတ်စစ်ကြောင်းက ကျောင်းသား ဘယ်နှစ်ယောက် အလွတ်ရွတ်ပြနိုင်လဲ။

မြန်မာနိုင်ငံပညာရေး ဥပဒေကြီးစာရွက်ပေါ်မှာ အားရပါးရ စိတ်ကြိုက် ပြင်ဆင်လိုက်ရုံနဲ့တော ကျောင်းသားထုကြီးတစ်ရပ်လုံး လူရည်ချွန်တွေ ဖြစ်လာမယ်လို့ မျှော်လင့်ထားပါသလား။

နောက်ဆုံးတစ်ခုပဲ ပြောချင်ပါတယ်။

အမှန်တကယ် ပြုပြင်ပြောင်းလဲရမှာ မြန်မာနိုင်ငံ ပညာရေးဥပဒေ မဟုတ်ပါဘူး။

မြန်မာ့ကျောင်းသားထု တစ်ရပ်လုံးရဲ့ ကာယဉာဏ စာရိတ္တကိုပါ။

ဘယ်နေကစပြောင်းမလဲ။ မိမိကိုယ်တိုင်စပြင်ပါ။ ပတ်ဝန်းကျင်က သူငယ်ချင်းတွေကို လက်တွဲခေါ်ပါ။ သူတို့ပေးတဲ့ ပညာရေးကို မကြိုက်ရင် ကိုယ့်ဘာသာ ပညာရေးလမ်းသစ်ဖောက်ပါ။ ပညာတတ်ကျောင်းသား တွေနဲ့ ပူးပေါင်းပြီး အမျိုးသားကျောင်းတွေ ထူထောင်ပါ။ ပံ့ပိုးကူညီမယ့် အဖွဲ့အစည်းတွေ အများကြီး ရှိပါတယ်။ မယုံရင် စုံကြည့်ပါ။

ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်ပြောဖူးတဲ့ စကား ရှိပါတယ်။

"သူတို့ပေးတဲ့ ကျွန်ပညာရေးထက် သာလွန်ကောင်းမွန်သော အမျိုး သားပညာရေးကို ငါတို့ လက်ဖြင့် ငါတို့ကိုယ်တိုင် ဖန်တီးတည်ဆောက်အံ့" တဲ့. . .။

ကဲ. . . ကျောင်းသားကျောင်းသူတွေ ဘာလုပ်ကြမှာလဲ။

# ဒေါ်မြနှင့် အောင်မြင်ခြင်း

အောင်မြင်ချင်တယ်. . .။ဒါပေါ့. . . လူတိုင်း အောင်မြင်ချင်ကြတာပါပဲ။ မအောင်မြင်ချင်တဲ့ လူဆိုတာ မရှိပါဘူး။

အစ်မကို အားကျတယ်။

အစ်မလို အောင်မြင်ချင်တယ်။

အစ်မ ဘယ်လိုကြိုးစားခဲ့ပါသလဲ။

အမြဲမေးကြတဲ့ မေးခွန်းတွေပါ။

လူတိုင်းမှာ ကိုယ်ပိုင်အယူအဆရှိတာမို့ ဒေါ်မြအမြင်နဲ့ ကွဲလွဲနိုင်ပါတယ်။ ဖြေပါပြီ။

ဒေါ်မြ အမြင်က ဒီလိုပါ. . .

အရင်ဆုံး အောင်မြင်ခြင်းအစစ်ရဲ့ အဓိပ္ပါယ်ကို နားလည်ရပါမယ်။ အောင်မြင်ခြင်းဆိုတာဘာလဲ. . .။

ဟုတ်ကဲ့. . . ပျော်ရွှင်မှု ကျေနပ်မှုပါပဲ။

ကိုယ့်ဘဝကို ကျေနပ်ပျော်ရွှင်နေသူက အောင်မြင်နေတဲ့သူပါပဲ။ လူတော်တော်များများ ကိုယ်ရနေတဲ့ဘဝ ရှိနေတဲ့ဘဝကို ကျေနပ်ပျော်ရွှင်မှု မရှိကြပါဘူး။ ဒါကြောင့်လည်း လူတော်တော်များများ

မအောင်မြင်ကြပါဘူး။

ပြီးတော့ ရည်မှန်းချက်. . .

နိုင်မာတဲ့ တူညီတဲ့ ရည်မှန်းချက်ပန်းတိုင် (၂)ခုရှိရပါမယ်။ ရှုပ်သွားလား. . . ဒီလိုပါ။ တစ်နေ့ ကိုယ်ဖြစ်ချင်တာ ဖြစ်လာဖို့အတွက်. . .

(၁) ကာလတို ရည်မှန်းချက်ရယ်

(၂) ကာလရှည် ရည်မှန်းချက်ရယ် ရှိရပါမယ်။

ကိုယ်တွေ့ ဥပမာတစ်ခုနဲ့ ထပ်ရှင်းပြပါမယ်။

ဒေါ်မြသိတတ်စ ဘဝထဲက ကိုယ့်အစွမ်းအစနဲ့ကိုယ် သိပ်ချမ်းသာချင်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် သိပ်ဖြစ်ချင်ပါတယ်။ သိပ်ဆင်းရဲခဲ့လို့ပါ။ ရေခဲချောင်းရောင်းရင်း ကျောင်းတက်ခဲ့ရတဲ့ဘဝကို အကောင့်ထဲက ငယ်သူငယ်ချင်းတချို့ သိပါတယ်။ ထားပါ. . .။

ဒေါ်မြရည်မှန်းချက် (၂)ခုထားပါတယ်။

(၁) အသက် (၃၅)နှစ်တွင် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးတစ်ယောက် ဖြစ်လာရန်

(၂) ထိုရည်မှန်းချက်အတိုင်း နေ့စဉ် ရှင်သန်နေသော ဘဝကို အကောင်းဆုံး ကြိုးစားဖြတ်သန်းရန်

နံပါတ် (၁)အတွက်. . .

ဒေါ်မြဘယ်တုန်းကမှ ဘယ်လောက်ကောင်းတဲ့ အခွင့်အရေးကြုံလာလာ ကိုယ့်ရည်မှန်းချက် မပြောင်းလဲခဲ့ပါဘူး။ ပြီးတော့ ရည်မှန်းချက်ကို ဘုရားစာဆိုသလို မနက်တစ်ခါ ညတစ်ခါ ဆိုပါတယ်။ မေ့မသွားအောင်ပါ။ သူငယ်ချင်းတွေ မော်ဒယ်သင်တန်းတက်တော့ လိုက်မတက်သလို သီချင်းဆိုသင်တန်း တက်တော့လည်း လိုက်မတက်

ပါဘူး။ ဒေါ်မြစီးပွားရေးသမားပဲ ဖြစ်ချင်ခဲ့တာပါ။

နံပါတ် (၂)အတွက်. . .

ဒေါ်မြရောက်ရာဘဝမှာ အကောင်းဆုံး ကြိုးစားရှင်သန်ပါတယ်။ နိုင်ငံခြားမှာ ကျောင်းတက်တယ်။ အတန်းထဲမှာ ဒေါ်မြအသိအမှတ်ပြုခံရတဲ့ စာကြိုးစားသူပါ။ စားပွဲထိုး လုပ်တယ်။ ဒေါ်မြ VIP ဝိုင်း သီးသန့်ကိုင်ရတဲ့ အတော်ဆုံး စားပွဲထိုးပါ။ အရောင်းဝန်ထမ်းလုပ်တယ်။ သူများတွေထက် လခ (၂)ဆရတဲ့ အတော်ဆုံး အရောင်းဝန်ထမ်းပါ။ အောက်ခြေရုံးဝန်ထမ်း လုပ်တယ်။ director တွေကိုယ်တိုင် ခေါ်တွေ့ပြီး ချီးကျူးရတဲ့ အတော်ဆုံးရုံးဝန်ထမ်းပါ။ management level ရောက်လာတယ်။ CEO ကိုယ်တိုင် သူနဲ့ပူးပေါင်းပြီး ကုမ္ပဏီအသစ်ထောင်ဖို့ အကြံပေးရတဲ့ ခြေးကွက်အမြင်ဆုံး Manager ပါ။

ကိုယ်ရည်သွေးပြနေတာ မဟုတ်ပါဘူး။ ယှဉ်ပြတာပါ။

သမီး ရုံးဝန်ထမ်းတစ်ယောက်ပါ။ အောင်မြင်ချင်ပါတယ်။ အစ်မလိုဖြစ်ချင်တယ်။ ဟုတ်ကဲ့. . . ညီမလေး ခုလုပ်နေတဲ့ရုံးမှာ အတော်ဆုံးဝန်ထမ်းကောင်း တစ်ယောက်ဖြစ်လာအောင် အရင်ကြိုးစားပါ။

ကျွန်မ ကျောင်းဆရာမ တစ်ယောက်ပါ။ မြလိုမျိုး အောင်မြင်ချင်ပါတယ်။ ဟုတ်ကဲ့. . . ကျောင်းမှာ စာအသင်အပြ အကောင်းဆုံး အတော်ဆုံးဆရာမတစ်ယောက်ဖြစ်အောင် အရင်ကြိုးစားပါ။

သမီး ကျောင်းသူတစ်ယောက်ပါ။ အစ်မလို ဖြစ်ချင်တယ်။ ဟုတ်ကဲ့. . . အတန်းထဲမှာ အတော်ဆုံး ကျောင်းသူတစ်ယောက်ဖြစ်အောင် အရင်ကြိုးစားပါ။

ကျွန်တော်ကိုယ်ပိုင်လုပ်ငန်းလေး လုပ်နေပါတယ်။ အောင်မြင်

ချင်တယ် . . . ဟုတ်ကဲ့ . . . လုပ်ငန်းတွေ ပြိုင်ဘက် (၁၀)ယောက်ရဲ့ နာမည်ချရေးပြီး သူတို့ထက်သာအောင် အရင် ကြိုးစားပါ။

အောင်မြင်မှုဆိုတာ ပိရမစ်တစ်ခုကို တည်ဆောက်ရသလိုပါပဲ။ ဝုန်းကနဲ အတုံးလိုက် ချလိုက်လို့ မရပါဘူး။ တစ်ထွာသာသာရှိတဲ့ ကျောက်တုံးလေးတွေကို သူ့နေရာနဲ့သူ တစ်တုံးစီ တိတိကျကျ ရက်ပေါင်းများစွာ လပေါင်းများစွာ ခိုင်ခိုင်မာမာ ဦးတည်ချက် မယိုင်လဲစေဘဲ တစ်ဆင့်ခြင်းတည်ဆောက်ရတာမျိုးပါ။ အဆင့်ကျော်လို့ မရသလို အလောကြီးလို့လည်း မရပါဘူး။

ပုံမှန် တဖြည်းဖြည်း တည်ဆောက်ယူရတာမျိုးလို့ ဒေါ်မြတော့ ထင်ပါတယ်။

အမှားတွေနဲ့ ကျရှုံးခြင်း တွေ့ရမှာပါပဲ။ စိတ်ပျက်စရာအချိန်တွေ၊ အသက်တောင် ဝဝမရှူနိုင်တဲ့ကာလတွေ၊ ငိုစရာမျက်ရည်တောင် မကျန်တော့ဘူး ထင်ရတဲ့ အားငယ်စရာတွေ၊ အသက်ဆက်မရှင်ချင်တော့တဲ့ အထိ စိတ်ဆင်းရဲရတဲ့ အချိန်တွေ၊ ငါ့ဘဝတော့ ဆုံးပါပြီလို့ ထင်ရတဲ့ အမှားတွေ . . . ကြုံလာရမှာ မလွဲပါဘူး။

ဒေါ်မြလည်း ကြုံခဲ့ရတာပါပဲ။ တွေ့ခဲ့ရတာပါပဲ။

ဒါဆို ဒေါ်မြ ဘယ်လိုကျော်ဖြတ်ခဲ့လဲ။

(၁) အမှားတွေ လုပ်မိတိုင်း နောင်တထက် သင်ခန်းစာ ရအောင် ယူပါတယ်။ ဒေါ်မြ မှားပါတယ်။ ဒါပေမယ့် အမှားတစ်ခုကို ဘယ်တော့မှ (၂)ကြိမ်ထပ်မမှားပါဘူး။

(၂) သေလောက်အောင် စိတ်ဆင်းရဲရတဲ့ အချိန်တွေဆို ဒီလိုတွေး ပါတယ်။ "ငါ စိတ်ဆင်းရဲနေပြီ။ မပျော်ရွှင်တော့ဘူး။ သေချာလား . . .

သေချာတယ်။ အိုကေ. . . ဒါဆို ငါ့ဘေးမှာ ခုရှိနေတဲ့ လူတွေ ပျော်အောင် ငါနေပေးမယ်။ ဘာလို့လဲဆိုတော့ ကိုယ့်ကိုယ်ကို အကျိုးပြုဖို့ မွေးဖွားလာတာ. . . တိရစ္ဆာန်။ ကိုယ့်ပတ်ဝန်းကျင်ကို အကျိုးပြုဖို့ မွေးဖွားလာတာ လူသားတွေ။ ငါ လူတစ်ယောက်. . .။ ငါ့ပတ်ဝန်းကျင်ကို ငါအကျိုးပြုရမယ်။ ငါမပျော်တောင် သူတို့ပျော်စေရမယ်"

(၃) အားငယ်လာတဲ့အခါ ဒီလိုတွေးပါတယ်. . .

"ငါတစ်ယောက်တည်း ဒီလောကထဲ ရောက်လာတယ်။ တစ်နေ့ ငါတစ်ယောက်တည်းပဲ ပြန်ထွက်သွားရမယ်။ ခုအားငယ်နေလည်း ဘာအရေးလဲ။ ငါ့အတွက် ငါတစ်ယောက်လုံး ရှိတယ်။ ငါ့လိပ်ပြာ ငါလုံတယ်။ ငါ့သိက္ခာ ငါယုံတယ်။ ငါလုပ်နိုင်ရမယ်"

ဒီလို စိတ်ထားတွေနဲ့ ဒေါ်မြ ကြိုးစားခဲ့တာပါ။

နောက်ဆုံးအနေနဲ့ ပြောရရင် တစ်နေ့ကုန်လို့ ညဘက် အိပ်ရာဝင်တိုင်း နဖူးပေါ် လက်တင်ပြီး မျက်စိမှိတ်ပြီး အိပ်မယ်ကြံတိုင်း ခဏလေး ပြန်တွေးပါ။ မနေ့က သင်နဲ့ ဒီနေ့သင်. . . နည်းနည်းလေးဖြစ်ဖြစ် ဘာတွေ ထူးခြားပြောင်းလဲ တိုးတက်လာပါသလဲ။

"ဟင့်အင်း. . . မနေ့ကအတိုင်းပါပဲ"

"ဟုတ်ကဲ့. . . ဒါဆို သင်အောင်မြင်ခြင်းနဲ့ မနေ့ကလိုပဲ ဝေးကွာနေဆဲပါ"

ဘာလို့လဲဆိုတော့ တစ်ချိန်မှာ အောင်မြင်ကြီးပွားမယ့် လူတိုင်းက နေ့စဉ် သူတို့ဘဝကို တဖြည်းဖြည်းချင်း နည်းနည်းစီ ပိုမိုတိုးတက်ကောင်းမွန်စေဖို့ ပြုပြင်ပြောင်းလဲနေလေ့ရှိလို့ပါပဲ။

# ဒေါ်မြနှင့် ဘာသာရေး

ဒေါ်မြတို့ ဘိုးစဉ်ဘောင်ဆက် (၈)ဆက်တိုင်တိုင် တစ်ဦးတစ်ယောက်တောင် ဖောက်ပြားခြင်းမရှိဘဲ ဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့ကြပါတယ်။ ဒါပေမယ့် ဒေါ်မြအလှည့်ရောက်တော့ တစ်မျိုးပါ။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်မဖြစ်ချင်တာလည်း ပါ,ပါတယ်။ ဘုန်းကြီးကျောင်းမှာ ဝေယျာဝစ္စလုပ်ရင်း ကြီးပြင်းခဲ့ပေမယ့် ဘုရားကို ပုဆိန်ပေါက် ကန်တော့ရင်း (၈)တန်းအထိ ဘာသာမဲ့. . .။

ဒေါ်မြခံယူချက်က တစ်မျိုး။ ဈေးထဲက ကန်စွန်းရွက်တစ်စည်း၊ ရေဘိုးတစ်လုံး ဝယ်တာတောင် သေသေချာချာ စစ်ဆေးဝယ်ယူတတ်တဲ့လူတွေ. . .တစ်သက်တာ ကိုးကွယ်ရမယ့် ဘာသာတရားကို အမေ့ကြောင့်၊ အဖေကြောင့်ဆိုပြီး ပြီးပြီးရော ဘာမှမစစ်ဆေး မမေးမြန်းမလေ့လာဘဲ ဆွဲယူကိုးကွယ်တဲ့ မိရိုးဖလာဘာသာဝင်တွေ ဖြစ်နေရတာလဲပေ့ါ။ ဘာသာတရားတစ်ခုကို ယုံကြည်သက်ဝင်တဲ့ သင့်တဲ့အချိန်ရောက်ပြီလို့ ယူဆတဲ့အချိန်မှာ ဒေါ်မြလုပ်ငန်းစပါတယ်။

အိမ်နားက ဗလီဆရာဆီကနေ ကုမ်ရန်ကျမ်းစာအကြောင်း အလ္လာဟ်ရှင်မြတ်အကြောင်း သိနိုင်သမျှ လေ့လာပါတယ်။ သိလိုသမျှ

မေးမြန်းစုံစမ်းပါတယ်။

ခရစ်ယာန်အသင်းတော်က သူငယ်ချင်းတွေနဲ့ပေါင်းပြီး ယေရှုခရစ်တော်ရဲ့ ရာဇဝင်ကို လေ့လာပါတယ်။ ဘိုင်ဘယ်လ်ကို Old Testament ရော New Testment ပါ ဖတ်ပါတယ်။

ဗုဒ္ဓမြတ်စွာရဲ့အကြောင်းတွေကို သေချာလေ့လာပါတယ်။ ဘုန်းကြီးတွေ သီလရှင်တွေဆီမှာ ဆည်းကပ်ပါတယ်။ ဘုရားစာအုပ်တွေ ဖတ်ပါတယ်။ ဘာကိုတွေ့လာရသလဲဆိုတော့. . .

လူတော်တော်များများ ကိုးကွယ်ကြတဲ့ အရာ (၃)ခုရှိပါတယ်။

(၁) တန်ခိုးရှင်ဘုရား

(၂) ဖန်ဆင်းရှင်ဘုရားနဲ့

(၃) မြင့်မြတ်လွန်းသော လူသားစင်စစ်တစ်ယောက်

ငယ်စဉ်ကတည်းက ကိုယ့်ခွန်အား ကိုယ့်လုပ်အားမပါရင် ချိုချဉ်တစ်ပြားတောင် အလကားမရခဲ့ဖူးလို့ တန်ခိုးရှင်နဲ့ ဖန်ဆင်းရှင်အယူဝါဒကဒေါ်မြအတွက် သဘာဝလွန်ထူးခြားနေလို့ အပြည့်အဝ ယုံကြည်ဖို့ ခက်ခဲခဲ့ပါတယ်။

မြင့်မြတ်လွန်းသော လူသားစင်စစ်တစ်ယောက် (ဝါ) ဗုဒ္ဓမြတ်စွာ။ လူသားချင်းအတူတူတောင်မှ ဘာလို့များ လူပေါင်းများစွာရဲ့ ယုံကြည်ကိုးကွယ်မှု လေးစားအားထားမှုကို ရခဲ့တာပါလဲ။ ဗုဒ္ဓရဲ့အပြုအမူ၊ အနေအထိုင်၊ အတွေးအခေါ်၊ အယူအဆ၊ ရှင်သန်ကြီးပြင်းလာပုံ၊ အဆုံးအမ။ ဒေါ်မြ အငမ်းမရ သိချင်ဖတ်ချင် နားလည်ချင်ခဲ့ပါတယ်။ လေ့လည်းလေ့လာခဲ့ပါတယ်။ သီဟိုဠ်က ဝတ္ထုရေး ဆရာတွေ လက်စွမ်းပြထားတဲ့ ဗုဒ္ဓဝင်ဇာတ်ကြီးဆယ်ဘွဲ့ဖတ်ပြီး ယုတ္တိကင်းမဲ့မှုကြောင့် စိတ်ပျက်ခဲ့ရပေ

မယ့် အားမလျော့ဘဲ ဆက်လေ့လာပါတယ်။ ညီတော်အာနန္ဒာ၏ ဘစ်သက်တာမှတ်တမ်း၊ ဗုဒ္ဓဘာသာကို ကိုးကွယ်လာသူ တစ်ယောက် အကြောင်း၊ ပိဋကတ်သုံးပုံ မြန်မာပြန်အကျဉ်း. . . အစရှိတဲ့ စာအုပ်တွေ ဘတ်ပြီး လေ့လာပြီးတဲ့နောက်မှာ ဒေါ်မြ ဗုဒ္ဓမြတ်စွာကို နားလည်စ ပြုလာ ပါတယ်။

ဗုဒ္ဓမြတ်စွာက လူသားတွေအတွက် ဘဝရပ်တည်ရှင်သန်ရေး way of living ကို ညွှန်ပြပေးနိုင်ခဲ့တဲ့ ဘဝလမ်းပြ မီးအိမ်ရှင်တစ်ဦးပါ။ ကိုးကွယ် ခနရုံ ပူဇော်ပသနေရုံ ဆုတောင်းနေရုံနဲ့ ဘာမှ ဖြစ်မလာနိုင်ဘူးလို့လည်း နှုတ်က ယတိပြတ် မှာကြားခဲ့ဖူးပါတယ်။

ဗုဒ္ဓမြတ်စွာရဲ့ စကားတွေ ဒေါ်မြယုံကြည်ပါတယ်။ ဘာလို့ယုံကြည် ဘာလဲ။ မှန်လို့ပါ။

"သုခ၊ ဒုက္ခ၊ ဘဝ ဘယ်အရာမှ မတည်မြဲဘူး"

"ကိုယ့်ကိုယ်ကိုသာ အားကိုးပါ"

ဆိုတဲ့ စကားတွေအပြင် ဗုဒ္ဓမြတ်စွာရဲ့ နှုတ်ထွက်စကားအားလုံးဟာ နှစ်ပေါင်း (၂၅၀၀)ကျော်လာတဲ့အထိ ခေတ်နဲ့ လိုက်လျောညီထွေရှိနေဆဲ မှန်ကန်နေဆဲပါ။

လူ့ဘောင်ဆက်ဆံရေးမှာလည်း လင်နဲ့မယား၊ သားနဲ့အမိ၊ ဆရာနဲ့ ဘပည့်၊ မိတ်ဆွေသူငယ်ချင်း၊ အလုပ်ရှင်နဲ့ အလုပ်သမား၊ ဆက်ဆံ ပေါင်းသင်းရေးမှာ ရှောင်ရန် ဆောင်ရန်တွေကိုလည်း အသေးစိတ် ညွှန်ကြားခဲ့ပါတယ်။

ဥပမာ. . . ဒေါ်မြတို့လူတွေ ပြဿနာတစ်ခု ကြုံလာရပြီ။ ဖြေမဆည် နိုင်တဲ့ ပူဆွေးသောက ကြုံလာရပြီ ဆိုပါတော့. . . ဘယ်လူမျိုးကို လိုအပ်

ပါသလဲ။ နာကျင်ပိုကျွေးမှုတွေကို နှစ်သိမ့်ပေးမယ့်သူလား။ နာကျင်ပူဆွေးမှု တွေကနေ လွတ်မြောက်ရာကို လမ်းညွှန်ပေးမယ့်သူလား။ စာဖတ်သူတို့ ရွေးချယ်မှုပါပဲ။ ဒေါ်မြယုံကြည်တဲ့ ဗုဒ္ဓမြတ်စွာကတော့ လွတ်မြောက်ရာကို လမ်းညွှန်ပေးနိုင်တဲ့သူပါ။

ဒေါ်မြ ဗုဒ္ဓဘာသာကို ယုံကြည်ပါပြီ။ ယုံကြည်တဲ့အတွက် ကိုးကွယ်မှု ပြုရအောင် ဆက်လေ့လာပါတယ်။ ဗုဒ္ဓမြတ်စွာရဲ့ အနေအထိုင်၊ အမူ အကျင့်၊ စိတ်နေသဘောထား၊ တစ်ရက်ကို (၃)နာရီပဲ အိပ်တဲ့ တစ်နေ့တာ လုပ်ငန်းစဉ်တွေ။ ဒေါ်မြသိသမျှထဲက ဗုဒ္ဓမြတ်စွာရဲ့ အကျင့်တွေထဲက တချို့ကို ဖော်ပြရရင် . . .

(၁) ဆူညံတာကို မကြိုက်ပါဘူး။ ခုခေတ် ရွှေတိဂုံလို ဗုဒ္ဓရုပ်ပွားဝန်းမှာ ဆူညံအော်ဟစ်နေတဲ့ ပုံမျိုးနဲ့ဆို အဲ့လူတွေအားလုံးကို စိတ်ဆတ်တဲ့ ရှင်မဟာမောဂ္ဂလန်ကိုယ်တော်တိုင် ရင်ပြင်အောက်ကို ခြေထောက်ကနေ ဆွဲချမှာ အသေအချာပါပဲ။

(၂) စကားအပိုပြောတာ စကားများတာ မကြိုက်ဘူး။ လိုအပ်သလို အကျိုးရှိမယ့်စကားကိုသာ တိုတိုရှင်းရှင်း ပြောရန် မှာဖူးပါတယ်။

(၃) တံမြက်စည်းလှဲခြင်း အစရှိတဲ့ သဘာဝပတ်ဝန်းကျင် သန့်ရှင်း ရေးကို ဦးစားပေး ချီးကျူးပါတယ်။

(၄) အစားအသောက် အအိပ်အနေ သင့်တင့်မျှတအောင် အမြဲ သတိနဲ့ ထိန်းသိမ်းပါတယ်။ စားကောင်းလို့ ပိုမစားသလို စားမကောင်းလို့ လည်း လျှော့မစားပါဘူး။ ပင်ပန်းလို့ ပိုမအိပ်သလို မပင်ပန်းလို့လည်း လျှော့မအိပ်ပါဘူး။

(၅) တစ်နေ့တာ အချိန်ဇယားထားပြီး အဲဒီအတိုင်း ပုံမှန်လည်ပတ်

နေထိုင်ပါတယ်။

(၆) အမွေးနံ့သာနဲ့ ပန်းမာန် မကြိုက်ပါဘူး။

ခုခေတ် ဆင်းတုတော်တွေမှာလို ပန်းတွေ မြွတ်သိပ်နေအောင် ငုံဘတ်တွေ ဦးခေါင်းတော်တွေထိ တက်ချိတ်၊ ကိုယ့်ဟာကိုယ်တောင် အနံ့မခံနိုင်အောင် မွှန်ထူနေအောင် အမွှေးတိုင်တွေထွန်း၊ မြတ်စွာဘုရား မပြောနဲ့။ ဆရာတော်တစ်ပါးပင့်ပြီး အဲ့နားမှာ တစ်နာရီ တရားအားထုတ် နိုင်းကြည့်ပါ။ မူးလဲရင်လဲ မလဲရင် ထပြေးမှာ အသေအချာပါပဲ။

ဒေါ်မြ ပန်းလှူပါတယ်။ ဘယ်လိုလှူလဲ။ ဆင်းတုတော်သီတင်းသုံးရာ အောက်ခြေပလ္လင်ထက်မှာ ဖြန့်ခင်းပြီး ပန်းကော်ဇောပမာ လှူပါတယ်။ ခါးနာရောဂါရှိတဲ့ ကိုယ်တော်မို့ ထိုင်ပြီး တရားအားထုတ်တဲ့အခါ သက်တောင့်သက်သာ ရှိစေကြောင်း ရည်စူးပါတယ်။

ဒေါ်မြ ဆီမီးလှူပါတယ်။ မြတ်စွာဘုရားဆင်းတုတော် သီတင်းသုံးရာ ကျောက်တလျှောက် လာတဲ့ဘုရားဖူးတွေ အလင်းပြရန်အလို့ငှာ မှောင်တဲ့ လှေကားတွေ လက်ရန်းတွေ လျှောက်လမ်းတွေမှာ လှူပါတယ်။

ဒေါ်မြ အမွှေးတိုင်လှူပါတယ်။ သံဃာတော်များ အညစ်အကြေး စွန့်ရာ ကျင်္ငြီအနီးမှာ အနံ့ဆိုး ကင်းစေခြင်းငှာ လှူပါတယ်။

ဒေါ်မြ ဘုရားဝတ်ပြုပါတယ်။ ကိုယ့်မွေးနံ့ထောင့် ဘယ်တော့မှ မရှာဘဲ လူသူတိတ်ဆိတ်ရာ တည်တည်ငြိမ်ငြိမ် အာရုံပြုလို့ကောင်းမယ့် ကျောင်းတော်နေရာက ပြုပါတယ်။

ဒေါ်မြ ရေသပ္ပါယ်ပါတယ်။ အများသူငါလို ဆင်းတုကို ကိုယ်ချင်း စာမနာ သက်စေ့ ရေတဗွမ်းဗွမ်း လောင်းတာမျိုး မဟုတ်ဘဲ သွားပွတ်တံ အသစ်တစ်ချောင်းဝယ်သွားပြီး ရေညှိ ချေးညော်ကပ်တွယ်နေတဲ့ ဆင်းတု

တွေ သန့်ရှင်းရေးလုပ်ပြီး ရေသပ္ပါယ်ပါတယ်။

မြတ်စွာဘုရားထံ အခစားဝင်ကြည်ညိုတိုင်း အလုပ်အကျွေးတစ်ခု မပြုဘဲ မပြန်ပါဘူး။ အနည်းဆုံး ဆီမီးခုံပေါ်က အမှိုက်တွေ သန့်ခဲ့တာ။ အများသောက်ရေခွက်တွေ ဆေးခဲ့တာ။ တံမြက်လှည်းခဲ့တာ တစ်ခုမဟုတ် တစ်ခု လုပ်ပြီးမှ ပြန်ပါတယ်။ ဒေါ်မြဘုရားသွားတာ ကြည်ညိုမြတ်နိုး ကိုးကွယ်စိတ်နဲ့ သွားပါတယ်။

ရော့. . . အင့်. . . ပန်းတွေ ဒီမှာ. . . ဆီမီး အမွှေးတိုင် ရော့. . . ရေသက်စေ့. . . ဒီဆုတောင်းတော့ ပြည့်ပါရစေနော်ဆိုပြီး ဘုရားကို ညိုဖို့ သွားတာ မဟုတ်ပါ။

ပိုပိုသိလာတာနဲ့အမျှ လေးစားမြတ်နိုးတဲ့စိတ်တွေ ဖြစ်လာပါတယ်။ ကိုယ့်ဖခင်တစ်ယောက်လို ယုံကြည်တန်ဖိုးထားလာပါတယ်။ စကားနားထောင်တတ်လာပါတယ်။ မကောင်းမှုတစ်ခု ကျူးလွန်ခါနီးတိုင်း မိဘကို ချစ်တဲ့ သားသမီးတွေ တွေးမိသလို အဖေသိရင် ကြိုက်ပါ့မလား. . ဆိုတဲ့ အတွေးမျိုး တွေးတတ်လာပါတယ်။ လိမ္မာချင်လာပါတယ်။

အတွေ့အကြုံတစ်ခု ဖောက်သည်ချချင်ပါတယ်။ စီးပွားရေးအရ အရက်ချက်စက်ရုံတွေ စလုပ်ရတော့ ဒေါ်မြ သေမတတ် စိတ်ဆင်းရဲခဲ့ ရပါတယ်။ ဖအေလိုချစ်တဲ့ ဘုရားရှင်ကိုယ်တော်တိုင် မလုပ်သင့်ဘူးလို့ ပြောထားတဲ့အလုပ်ကို လုပ်မိလေခြင်းပေါ့။ သတင်းစာတွေ မီဒီယာတွေမှာ အရက်ကြောင့် လူတွေ သေကြေပျက်စီးကြရတဲ့ သတင်းတွေမြင်တိုင်း မစားနိုင် မအိပ်နိုင်နဲ့ နောက်ဆုံး (၉၅)ပေါင်အထိ ပိန်ချုံးပြီး သောက ရောက်ခဲ့ရပါတယ်။ ခေါင်းအေးအေးထားပြီး ပြန်စဉ်းစားတယ်။ အရာရာကို ကြိုတင်တွက်ဆ နည်းလမ်းပြတတ်တဲ့ အဖေလိုချစ်ရတဲ့ ဘုရားရှင် ခံစား

နေရတဲ့ ဒီသောကတွေအတွက် ဘယ်လိုဖြေရှင်းချက် လမ်းညွှန်ချက်များ
ပေးခဲ့လေမလဲ။ စာအုပ်တွေ ပြန်လှန်တယ်။ ကျမ်းတွေပြန်ဖတ်တယ်။
ဒီးစပ်ရာ ဆရာတော်တွေကို အကူအညီတောင်းတယ်။

တွေ့ပါပြီ။ အမြော်အမြင်ကြီးလိုက်တဲ့ အဖေ။ ယုံကြည်မြတ်နိုး
ကိန်ဖိုးထားစရာ ကောင်းလိုက်တာ။ သက်ဝင်ရင်းနှီးရကျိုး နပ်လိုက်တာ။
ကြည့်ကြပါဦး။ အရက်ရောင်းနေရတဲ့ ချစ်သမီးတွေအတွက် အဖေတစ်
ယောက်ရဲ့ ဆုံးမစကား. . .။

"စိတ်သာအဓိကပဲ။ တစ်ခါက သားသတ်မုဆိုး ယောကျ်ားတစ်ယောက်
နဲ့ သောတာပန်မိန်းမတစ်ယောက် အတူယှဉ်တွဲပေါင်းသင်းနေထိုင်ကြ
တယ် ချစ်သမီး။ လင်လုပ်သူက မနက် တောပစ်ထွက်ခါနီးတိုင်း မိန်းမ
လုပ်သူက မြားတွေ ချွန်ပေးရတယ်။ သားကောင်တွေ သေစေဖို့ အဆိပ်
ဆည်တွေကို မြားဦးမှာ သုတ်လိမ်းပေးရတယ်။ ကြာလာတော့ ပတ်ဝန်း
ကျင်က ပြောကုန်ကြတာပေါ့။ ဒီမိန်းမနှယ် သောတာပန်လည်း
ပြောသေး. . . လုပ်တော့ အကုသိုလ် အလုပ်။

သူလုပ်နေတာတွေဟာ အကုသိုလ် မဖြစ်ဖူးလား ဘုရား. . . ဆိုပြီး
မေးလျှောက်ကြတယ်။ မြတ်စွာသော ဘုရားရှင်က "ချစ်သားတို့ ဉာဏ်
ပညာနဲ့ ပြည့်စုံသော မိန်းမဖြစ်တဲ့အတွက် သားသတ်အလုပ်လုပ်ကိုင်ရာမှာ
သတ္တဝါတွေ သေစေလိုတဲ့ စေတနာ၊ နာကျင်ပျက်စီးစေလိုတဲ့ စေတနာ
မပါချေဘူး။ လုပ်ရိုးလုပ်စဉ် ဝတ္တရားတစ်ခုကို ပညာဉာဏ်နဲ့ယှဉ်ပြီး
လုပ်ကိုင်ခြင်းဖြစ်တဲ့အတွက် သူ့အပြစ်ကို ငါဘုရားမြင်တော်မမူ"တဲ့။
အဲ. . . ဒေါ်မြရင်ထဲမှာ လပေါင်းများစွာ တောက်လောင်နေတဲ့အပူ
သောကမီးတွေကို မိနစ်ပိုင်းအတွင်း ဟုတ်ကနဲ ငြိမ်းသွားအောင် အေးချမ်း

သွားအောင် လမ်းပြနိုင်တဲ့ အဖဘုရားရှင်ပါပဲ။ ကြည်ညို လေးစားလိုက်ပါဘိ။ ချစ်ခင်မြတ်နိုး တန်ဖိုးထားလိုက်ပါဘိ။

နောက်တစ်ခုက ဆုတောင်းတာ။ အဖဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဆုတောင်းဖူးသူတစ်ယောက် ရှိပါတယ်။ ဆေးဆရာ ဇီဝကပါ။ အဖဘုရားရှင်ရဲ့ ခါးနာရောဂါကို ကြာပန်းသုံးပွင့်ရဲ့ ရနံ့ကုထုံးနဲ့ ကုသအပြီးမှာ အခုလို လျှောက်တင်ပါတယ်။

"ဆုတစ်ခုတောင်းပါရစေ ဘုရား"ဆိုတော့ အဖဘုရားရှင်က

"ချစ်သား. . . ဘုရားရှင်တို့မည်သည် ဆုတောင်းပြည့်စေသောသဘောမရှိ။ ဆုပေးခြင်းမှ လွန်မြောက်ကုန်ရာ၏"တဲ့။

မှန်တာပေါ့. . . ဒါလုပ်ရင် ဒါဖြစ်မယ်လို့ တိတိကျကျ ညွှန်ကြားထားတဲ့ ဩဝါဒတွေရှိနေမှတော့ ညွှန်ကြားသလိုမလုပ်ဘဲ ဆုတောင်း. . . ခေတ်စကားနဲ့ပြောရင် ပူဇော်တောင်းတောင် ရကိန်းမမြင်။

ဒါပေမယ့် ဇီဝက,ကလည်း လူလည်ဆိုတော့. . .

"ဒါဆို. . . ခွင့်တောင်းပါရစေ ဘုရား"တဲ့။

"ရဟန်း သံဃာတွေအတွက် လှူပရိသတ်များမှ သင်္ကန်းလှူခွင့်ပေးသနားတော်မူပါ"တဲ့။

မြတ်စွာသော ဘုရားရှင်နဲ့ သာဝက (၅၀၀)ရဲ့ "သာဓု သာဓု သာဓု" ခေါ်သံဟာ ယနေ့အထိ ပြန့်လွင့်နေတုန်း. . .။ ဇီဝကသာ အရဲစွန့်ပြီး မလျှောက်တင်ခဲ့ရင် ခုထိ ဒေါ်မြတို့ ရဟန်းတော်တွေကို သင်္ကန်းလှူခွင့်ရမှာ မဟုတ်ပါဘူး။

ထားပါ. . . ပြောချင်တာက ဗုဒ္ဓဘာသာဝင်စစ်စစ် ဒေါ်မြ ဘယ်ဘုရားသွားသွား ဘယ်တော့မှ ဆုတောင်းလေ့မရှိပါဘူး။

ဘုရားစေတီသွားတိုင်းမှာ မြတ်စွာသောအဖဘုရားရှင်ရဲ့ အေးမြတဲ့ မေတ္တာတရား ကရုဏာတော်နဲ့ သြဝါဒစကားတွေ ပြန်ကြားယောင် နှလုံး သွင်းပါတယ်။ လောကမှာ အလေးစား တန်ဖိုးအထားရဆုံး ဖခင်တစ်ယောက် ရဲ့ ရင်ခွင်ရိပ်ကို ခိုလှုံရသလို နွေးထွေးကြည်လင်မှုကို ခံစားရပါတယ်။ ခင်ကို အရမ်းချစ်တဲ့ သမီးဆိုးလေးတစ်ယောက်လို အမှားတွေကို နောက်မလုပ်တော့မယ့်အကြောင်း မြတ်နိုးယုံကြည်စွာ ရင်ဖွင့်တောင်းပန် ပါတယ်။

ဒေါ်မြ ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်ပါတယ်။ ဒါကြောင့် မြတ်စွာသော ဘုရားရှင်ဟာ ဒေါ်မြအတွက် ကိုးကွယ်ပူဇော်ပသရာ မဟုတ်ပါဘူး။

မြတ်နိုးတန်ဖိုးထား ယုံကြည်ကိုးစားရာ ဘဝလမ်းပြပဲ့ကိုင်ရှင်သာ ဖြစ်ပါကြောင်း. . . ။

မှတ်ချက်။ ။ ခံစားယုံကြည်မှုအတိုင်း ရေးခြင်းသာ ဖြစ်ပါတယ်။ ဘယ်ပုဂ္ဂိုလ် ဘယ်ဘာသာရေးကိုမှ ပုတ်ခတ်လိုသောစိတ် မရှိပါ။

# ဒေါ်မြနှင့် အမျိုးသား ဖြည့်တန်ဆာနှစ်ယောက်

ဒေါ်မြစီးပွားရေးသမားစစ်စစ် ဖြစ်ပါတယ်။ ဆိုတော့ကာ ရုံဖန်ရုံခါ မဟုတ်တောင် တော်တော်များများ အလုပ်တွေအတွက် နိုင်ငံတကာ နည်းတူ ဌာနဆိုင်ရာ အကြီးအကဲတွေနဲ့ ရင်းနှီးအောင် လုပ်ရပါတယ်။ ဟုတ်ကဲ့. . . ပေးကမ်းအောက်ကျို့ပြီး ဖားရတာကို ပြောတာပါ။ ဒါပေမယ့် ခင်မင်ရင်းနှီးမှုကို အခွင့်ကောင်းယူပြီး ပတ်သက်ရာ လူကြီးတွေဆီကို လိုတာထက်ပိုတဲ့ အခွင့်အရေးယူတာမျိုး တစ်ခါမှ မလုပ်ဖူးပါ။ ဝါသနာ လည်း မပါပါ။ အဖေလို ခင်မင်ရင်းနှီးတဲ့ လူကြီးတစ်ယောက်ကဆို အပြတ်ပြောထားပါတယ်။

"မယ်မြ. . . ညည်းသတ္တိရှိရင် မြို့တော်ခန်းမရှေ့က ရဲကားတွေ မီးသွားရှို့ချည့်။ ငါလိုက်ရှင်းပေးမယ်။ ညည်းကား မော်တော်ပီကယ် ဘားရုံနဲ့တော့ ငါ့ဆီ ဖုန်းမဆက်နဲ့။ လိုက်ရှင်းရတာ သိက္ခာကျတယ်ဟ"တဲ့။

အဲ့သလို. . .

ထားပါ။

ဒီလိုနဲ့ တစ်ခါတော့ ဌာနတစ်ခုအတွက် အီလက်ထရောနစ်ပစ္စည်း တချို့ တင်ဒါခေါ်တော့ ဒေါ်မြအားရဝမ်းသာ ဝင်တင်ပါတယ်။ result

မကျခင် အခြေအနေအရ ရမယ်ထင်ပြီး နိုင်ငံခြားကို ဖော်ဒါ confirm ပေးမိပါလေရော။ အနားကပ်မှ တခြားကုမ္ပဏီတစ်ခုက ကိုယ့်ထက် ပိုသေချာနေတာ တွေ့လိုက်ရပါတယ်။ ဒေါ်မြ ပြာသွားတယ်။ စရံဆုံးမယ့် အပြင် ရနိုင်တဲ့ ကုမ္ပဏီက ကိုယ့်ပြိုင်ဘက်ဖြစ်နေတော့ ဒေါ်မြ ရှူးချင် သွားပါတယ်။ ငွေအဆုံးခံနိုင်ပေမယ့် သိက္ခာအရှုံးမခံနိုင်လို့ပါ။ ကဲ. . . ဒေါ်မြတွေးပြီ။ ဘာလုပ်ရမလဲ။ (၃)ရက်လောက် ကြံရာမရဖြစ်ပြီးနောက် ကားမောင်းနေရင်း ဒေါ်မြအသိတစ်ယောက် ပြောဖူးတဲ့စကားကို သတိရ သွားတယ်။

"လူကြီးတစ်ယောက်အိမ်ကို ဘယ်လိုမှ ဝင်လို့မရရင် နောက်ဖေး ပေါက်က ဝင်ပါ"တဲ့။

နောက်ဖေးပေါက်. . . မီးဖိုချောင်. . . အိမ်ရှင်မ. . . အိုကေ။ ရပြီ။

"ဟယ်လို မမ. . . ရေ မြပါ။ အိမ်မှာလား။ သတိရလို့. . . အိမ် အလုပ်တွေ ဝိုင်းလုပ်ပေးမယ်လေ. . . ခစ်ခစ်။ ဟုတ်. . . ခုလာပြီ"

ဟုတ်ကဲ့။ ဒေါ်မြ တင်ဒါအောင်ခဲ့ပါတယ်။

အဲ့ဒီအမေအရွယ် မမနဲ့လည်း တော်တော်လေး ရင်းနှီးခဲ့ပါတယ်။

ဒီလိုနဲ့ တစ်နေ့ ရုံးမှာ လခတွေပေးနေတုန်း. . . မမဆီကနေ ဖုန်း ဝင်လာပါတယ်။

"မြလေး. . . အားလား။ နိုင်းစရာရှိလို့ ခဏလာခဲ့ပါ။ လှည်းတန်း နားက ဟိုတယ်မှာ. . ."

မအားလည်း အား. . . ပေးရတာပေါ့။

"ဟုတ်. . . အားပါတယ် မမ. . . ခုလာပြီ"

လက်ချည်းသွားလို့ မရပါဘူး။ မမှာပေမယ့် လမ်းက ကောင်းပေ့ဆိုတဲ့

အသီးအနှံလေးတွေ ဖွယ်ဖွယ်ရာရာ ဝယ်သွားပေးရပါတယ်။

အခန်းထဲရောက်တော့ ကိုယ်သိတဲ့ မမ (၃)ယောက်အပြင် တခြား မမ (၂)ယောက်ပါ တွေ့ရပါတယ်။ ချစ်စရာလေး. . . အလိုက်သိတယ် တော့. . . ဘာညာနဲ့။

ကိုယ်လည်း သူတို့ကစားနေတဲ့ ဖဲဝိုင်းဘေးမှာ ခုံလေးဆွဲထိုင်ပြီး အမိန့်စောင့်ရတာပေါ့။ အိမ်က လူကြီးတွေ နိုင်ငံခြားအစည်းအဝေးသွား လို့ မမတွေ လူစုပြီး ကဲနေကြတာပါ။

ခဏကြာမှ ကိုယ်ရင်းနှီးတဲ့ မမက. . .

"မြလေး. . . မမတို့ချည်း ကစားရတာ ပျင်းလို့ အဖော် (၂)ယောက် လောက် ရှာပေးစမ်းပါ။ ရှမ်းတရုတ်တစ်ယောက်. . .၊ အသားညိုညို ထောင်ထောင်မောင်းမောင်းတစ်ယောက်။ နော်. . . မြလေး။ သိတယ် ဟုတ်. . .။ သွား. . . သွား. . . မြန်မြန်"

"အိုကေ. . . မမ"

အထင်မကြီးနဲ့ အိုကေလို့ ပြောပြီးသာ သွက်သွက်လေး ထထွက် သာတာ ဘာကိုဆိုလိုမှန်း ဟိုတယ်အောက်ရောက်တဲ့အထိ မသိဘူး။ အတွေးထဲမှာ ဖဲကစားနေကျ သူငယ်ချင်းတွေ ဘယ်သူရှိလဲ တွေးနေတုန်း။

ကားစက်နှိုးတော့မှ. . .

ဟုတ်သေးပါဘူး။ ဖဲကစားဖို့ဆိုရင် လူပုံစံပြောစရာမှ မလိုတာ. . . နော့်လေ။ ဒါဆို ဘာကစားဖို့ပါလိမ့်။

ညင်. . . အဲဒါလား မသိဘူး။ ဒါပဲရှိတာပဲ။

ဟိုက်. . . သေပြီဆရာ. . . သွားပဟ။

ကယ်ကြပါဦး။

အတွေးနဲ့တင် တစ်ကိုယ်လုံး ထူပူ။ ခေါင်းတွေကြီး. . . လက်တွေတုန်။ ဘာ. . . ဘာ. . . ဘာလုပ်ရမလဲ။ ဘယ်သွားရှာရမလဲ။

ကြံရာမရတဲ့အဆုံး အရင်းနှီးဆုံးသူငယ်ချင်း ကောင်မလေးကို ဖုန်းဆက်။ အရေးကြီးတယ်။ ခုချက်ချင်း လာခေါ်မယ်။ သူငယ်ချင်း ကောင်မလေးက ကားပေါ်ရောက်ရောက်ခြင်း. . .

"မယ်မြရယ်. . . နင့်ဟာက မထိတ်သာ မလန့်သာ ဘာဖြစ်တာတုန်း"

"ငါ အမျိုးသားပြည့်တန်ဆာ နှစ်ယောက်ခေါ် ချင်လို့. . . အရေးပေါ်။ မြန်မြန်လေး. . ."

"ဘာ. . . နှစ်ယောက်တောင်. . .။ နင်ခေါ်မှာ. . ."

"နင်. . . အဲ့လောက်တောင် ဖြစ်နေပြီလား"

ဩော် အရေးထဲ သူက အထင်စွတ်ကြီးနေသေးတယ်။

"မသာမရယ်. . . ငါခေါ်မှာ. . . ဒါပေမယ့် ငါ့အတွက်မဟုတ်ဘူး။ ဒီလို. . ."

ဇာတ်စုံခင်းပြမှ သူငယ်ချင်းမလည်း သက်ပြင်းချနိုင်ပါတော့တယ်။

"နင်ဟာကလည်းဟယ်. . . ဘယ်လိုလုပ်ကြမလဲ။ ဘယ်ကသွား ခေါ်မလဲ"

"ငါလည်း မသိဘူးလေ. . ."

နောက်ဆုံး တော်တော်အရှက်ကွဲခံပြီးနောက်မှာ မိတ်ကပ်ဆရာ တစ်ယောက်ဆီက ခိုင်မာတဲ့ သတင်းရခဲ့ပါတယ်။

ဗိုလ်ချုပ်ဈေးကိုသွား။ ----ကျောက်မျက်ဆိုင်ထဲကို ဝင်။ နှင်းဆီပန်း ဝယ်ချင်တာလို့ တိုးတိုးပြော။ အနောက်ခန်းထဲ ခေါ်သွားပြီး ဓာတ်ပုံ အယ်လ်ဘမ်တစ်ခု ပြလိမ့်မယ်။ စိတ်ကြိုက်ရွေး. . .။ တစ်ခါတည်း

ငွေချေ။ ပြီးရင် ဟိုတယ်နာမည်နဲ့ အခန်းနံပါတ် ဒါမှမဟုတ် ကားနံပါတ် ပြောပြီး ထိုင်စောင့်နေ။ တစ်နာရီအတွင်း လာလိမ့်မယ်တဲ့။

ရှက်ရှက်နဲ့ ဗိုလ်ချုပ်ဈေးက သူပြောတဲ့ဆိုင်ထဲဝင်. . .။

သူငယ်ချင်းက ပြောစရာရှိတာပြောပြီး အနောက်ခန်းထဲရောက်တော့ မိတ်ကပ်ဆရာပြောလိုက်သလို အယ်လ်ဘမ်တစ်အုပ် ထုတ်ပြပါတယ်။ အားမနာနဲ့. . . ညီမလေး စိတ်ကြိုက်ရွေးတဲ့။ အအေးခွက်တောင် ချပေးလိုက်သေး။ ရှက်တာ. . . ရှက်တာ. . . စာဖတ်သူတို့ရေ။ မျက်နှာတစ်ခုလုံး ထူပူပြီး စကားတစ်ခွန်းတောင် မထွက်ဘူး။ အယ်လ်ဘမ်လည်း ဖွင့်လိုက်ရော. . . အောင်မလေး. . .

မင်းသားရုံးတဲ့မျက်နှာ၊ မော်လ်ဒယ်ရှုံးတဲ့ အချိုးအစားနဲ့ ပုရိသများစွာရဲ့ အလှပုံတွေ။

ဪ. . . လောက. . . လောက။

ဒေါ်မြ တရားကျတာ. . . ကျတာ။

အချိန်သိပ်မဆွဲဘဲ မမ မှာလိုက်တဲ့ ပုံစံနဲ့ လူနှစ်ယောက်ကို မြန်မြန်ရွေးပြီး ငွေချေ။ (အဲဒီအချိန်ကတောင် တစ်ယောက်ကို တစ်သိန်းရှစ်သောင်းပေးရပါတယ်) ကားရပ်ထားတဲ့နေရာနဲ့ ကားနံပါတ်ပြောပြီး သွားစောင့်နေပါတယ်။

နာရီဝက်လောက်အကြာမှ အဲဒီအစ်ကိုနှစ်ယောက် ရောက်လာပါတယ်။

သပ်သပ်ရပ်ရပ် ပေါ့ပေါ့ပါးပါး ဝတ်စားပြီး အပြုံးချိုချိုနဲ့. . .

"ကြည့်. . . ကောင်မလေးတွေ ကားပေါ်က မစောင့်ဘူး။ နေပူနေတာကို. . . ပေး. . . ကားသော့ အစ်ကိုမောင်းပေးမယ်"

အဲမယ်. . . မသိရင် ငယ်ပေါင်းကြီးဖော်တွေလိုလို မိတ်ရင်းဆွေရင်း တွေလိုလို. . .

ကိုယ်လည်း ယောင်နနနဲ့ ကားသော့ပေးလိုက်တော့ တစ်ယောက်က နောက်မှာ ဝင်ထိုင်တယ်ဆရာ။

ကားပေါ် ရောက်ပြီး မကြာခင်မှာပဲ ဖြစ်ကြောင်းကုန်စင်ရှင်းပြရင်း ဒေါ်မြတို့ ရင်းနှီးသွားကြပါတယ်။ စကားအပြောအဆို အနေအထိုင် ပလူးပလဲမရှိတဲ့ စကားပြောနေရင်းက ရှက်တဲ့စိတ်တွေပျောက်ပြီး ပေါ့ပေါ့ ပါးပါးပြုန်ဖြစ်လာအောင် သူတို့မသိမသာ ဆွဲယူနိုင်ခဲ့ပါတယ်။ ပညာပါပဲ။ လေးစားပါတယ်။

ဟိုတယ်ရောက်. . . အခန်းနံပါတ်ပြောပြီးတော့ ဘာမှမဟုတ်သလို သူတို့နှစ်ယောက် အေးအေးဆေးဆေး ရယ်မောစကားပြောရင်း ထွက်သွားတာကို ဒေါ်မြတို့ သူငယ်ချင်းနှစ်ယောက် နောက်ကကြည့်ရင်း ပါးစပ်ကလေးတွေ အဟောင်းသားနဲ့ ကျန်ခဲ့ပါတယ်။

ရင်ထဲမှာ တကယ်လို့ သူတို့သာ ငါ့အစ်ကိုတွေဆိုရင်ဆိုတဲ့ စိတ်နဲ့။

ယောကျ်ားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် လူသားတစ်ယောက်ရဲ့ လိင်မှု ကိစ္စဟာ ချစ်ခြင်းတရားကိုပဲ အရင်းခံသင့်တာပါ။ တန်ဖိုးဖြတ်ပြီး ရောင်းစားစရာ ဈေးကွက်ဝင်ပစ္စည်း မဖြစ်သင့်ပါဘူး။ ဘာလို့များ အလွယ် လမ်းလိုက်ပြီး အဆုံးထိ မိုက်နေကြတာပါလိမ့်။ စိတ်မကောင်းခြင်း ရှက်ခြင်း၊ သူတို့ဘဝတွေကို နမြောရင်း. . .။

တစ်နေ့ လမ်းမှန်ရောက်ကြပါစေ ဆုတောင်းရင်း. . .။

အဲဒီနေ့က အိမ်အပြန်လမ်းမှာ သက်ပြင်းခဏခဏ ချမိခဲ့ပါတယ်။

အကျိုးဆက်အနေနဲ့ကတော့ သူငယ်ချင်းတွေကြားမှာ လတော်တော်

ကြာကြာ နာမည်ကြီးသွားပါတယ်။ အဲ့ဒီအထဲက အစ်ကိုတစ်ယောက်ကို သည်း ခုဆို မော်ဒယ်လ်လောကမှာ ရှိုးပွဲတွေမှာ မကြာမကြာ တွေ့ရပါ တယ်။ သူရှက်နေမှာပဲဆိုတဲ့စိတ်နဲ့ သွားမခေါ်ဘဲ တချို့ပွဲတွေမှာ မတွေ့ အောင် တမင်ရှောင်ပေးပါတယ်။

တစ်ခုပဲ. . . ခုချိန်ထိ ဗိုလ်ချုပ်ဈေးဆို ဝေးဝေးရှောင်ပါတယ်။

တစ်ခါမှကို ထပ်မသွားတော့တာ. . .။ ဘယ်တော့မှ မသွားဘူး။

ကြာတော့ ကြာပါပြီ။

ဒါပေမယ့်. . . ခုချိန်ထိ ရှက်လွန်းလို့. . .။

# ဒေါ်မြနှင့် ဖိနပ်များ

လောကမှာ ဖိနပ်တွေများပါတယ်။ လူတိုင်း နေ့စဉ် ဖိနပ်တွေစီးရင်း
နှန်းကန်လှုပ်ရှားသွားလာနေကြပါတယ်။ တချို့က အပေါစားဖိနပ်တွေနဲ့
တချို့က အကောင်းစားဖိနပ်တွေနဲ့။ တချို့က လမ်းတဝက်မှာ ဖိနပ်တွေ
ပြတ်လို့၊ တချို့က ဖိနပ်တွေကြပ်လို့ ဖိနပ်ပေါက်ပြီး ထော့ကျိုး ထော့ကျိုး။
တချို့ကျတော့ ပေါ့ပေါ့ပါးပါး. . .။

တစ်ခါတလေ ဒေါ်မြ တွေးမိပါတယ်။

အဲဒီ ဖိနပ်တွေနေရာမှာ ဒေါ်မြတို့ရဲ့ ဘဝလက်တွဲဖော်တွေဆိုရင်
ရော. . .။

ဘယ်သူမဆို ဘယ်လိုဖိနပ်မျိုးလိုချင်လဲ မေးလိုက်ရင် အကောင်းစား
ဈေးကြီးတဲ့ ဖိနပ်လှလှလေးလိုချင်ကြမှာပါပဲ။

လူတိုင်း ချောမောလှပတင့်တယ်ပြီး အစစအရာရာ ပြည့်စုံတဲ့
တန်ဖိုးကြီးကြီး ဘဝလက်တွဲဖော်ကို လိုချင်ကြတာပဲလေ။

တစ်ခါတလေ ဖိနပ်ဝယ်တဲ့အခါ အရမ်းကြိုက်လွန်းလို့ မတော်ပေမယ့်
တော်အောင်စီးမယ်ဆိုပြီး ဝယ်လာကြတယ်။ ကိုယ်နဲ့မတော်တော့ လမ်းတောင်
သိပ်မလျှောက်ရသေးဘူး ဖိနပ်ပေါက်။ နာကျင်မှုကို လူမသိအောင် မျိုသိပ်

အပြုံးမပျက်ဆက်သွား။ လူတွေက ဟယ်. . . ဖိနပ်ကလေးက လှလိုက်တာ၊ နင်နဲ့ လိုက်,လိုက်တာဆိုတဲ့ ချီးကျူးစကားမှာ ယစ်မူး။

လူတွေကွယ်ရာရောက်မှ အား. . . ကျွတ်ကျွတ်. . . ကျွတ်ဆိုပြီး နာကျင်မှုကို တိတ်တိတ်လေးခံစား။ ကိုယ်နဲ့မတော်ပေမယ့် လွှင့်မပစ်ရက်။ ချောင်ထိုးပြီး သိမ်းထား. . . သတိရရင် ထုတ်ထုတ်ကြည့်။

ဒီလိုပဲလေ. . . တစ်ခါတလေ ကိုယ့်အကြိုက် ကိုယ့်စရိုက်နဲ့ အဆင်မပြေမှန်းသိပေမယ့် ကိုယ့်ဘက်က လိုက်ဖက်မယ်ထင်ပြီး relation တစ်ခုကို မရရအောင် ဖန်တီးကြတယ်။ သိပ်ကြာကြာမတွဲရခင်မှာ သူပေးတဲ့ ဒဏ်ရာတွေနဲ့ နာကျင်ရတော့တာပါပဲ။ ဒါပေမယ့် လူတွေပြောတဲ့ နင်တို့ အတွဲလေးက လိုက်,လိုက်တာ၊ ပျော်စရာကောင်းလိုက်တာ၊ ကြည်နူးစရာလေးဟယ်စသဖြင့် အပေါ်ယံအမြင်တွေမှာ သာယာပြီး နာကျင်သမျှ သည်းခံနေကြတာပါပဲ။ လူတွေ မမြင်ကွယ်ရာရောက်မှ သူပေးတဲ့ သောကတွေကို တစ်ယောက်တည်း တိတ်တိတ်လေး ကျိတ်ပြီး မျက်ရည်ကျရတယ်။ FB မှာ ကြည်နူးနေတဲ့ couple photo ပုံလေးတွေရဲ့ နောက်ကွယ်မှာ လူမသိတဲ့မျက်ရည်တွေ ဘယ်လောက်တောင်များနေကြပြီလဲ။ ဒေါ်မြ မတွေးတတ်ပါ။ ဉာဏ်မမီပါ။ တွဲလာတဲ့ သက်တမ်းကြာနေလို့ ဖြတ်ရမှာ နှမြောတဲ့သူက ရှိသေး။

ညီမလေး မောင်လေးတွေရေ . . .

ရည်စားသက်တမ်းရှည်ဖို့ထက် အိမ်ထောင်သက်ရှည်ဖို့ ဦးစားပေးကြစမ်းပါ။ ချစ်သူဖြစ်တာ (၄)နှစ်ပြည့်ထက် အိမ်ထောင်သက် နှစ်လေးဆယ်ပြည့်ကို မြတ်နိုးကြစမ်းပါ။ ကိုယ့်အချစ်နဲ့ မထိုက်တန်ဘူး. . . ကိုယ့်ကို မချစ်ဘူးလို့ သေချာတာနဲ့ ခပ်ရဲရဲ ကျောခိုင်းပစ်စေလိုပါတယ်။ ဘာကြောင့်

သဲဆိုတော့ အဲဒီအချိန် နာကျင်ရတာ ခဏပါ။ ပြီးတော့ ကိုယ်တစ်ယောက်တည်းပါ။ မတော်တဲ့ ဖိနပ်ကို အတင်းအနာခံစီးနေသလို လမ်းခွဲသင့်တဲ့သူကို မခွဲဘဲ အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်တွဲခဲ့ရင် တစ်ချိန်နာကျင်ရတာ တစ်ဘဝစာဖြစ်မယ့်အပြင် ကိုယ့်ရင်သွေးတွေ ကိုယ့်မိသားစုတွေပါ နာကျင်စေရလို့ပါပဲ။ ဒါပေမယ့် သူက ကိုယ့်အတွက် သင့်တော်တဲ့ဖိနပ်တစ်ရံလို ရေရှည်လက်တွဲလို့ရတဲ့ လူဟုတ်မဟုတ် ဘယ်လိုသိနိုင်မလဲ။

မျက်လုံးလေး ခဏမှိတ်၊ သူ ငါ့ကို တကယ်ချစ်တာနေမှာပါဆိုတဲ့ ကိုယ့်ကိုယ်ကို လိမ်နေတဲ့ စိတ်ကိုဖျောက်ပြီး အရှိအတိုင်း အမှန်အတိုင်း သူ့နှလုံးသားကို ခံစားကြည့်လိုက်ပါ။ စိတ်ထဲမှာ လှိုက်ခနဲ ဝမ်းနည်းသွားရင် . . . ဆောရီး။ အဲဒီဖိနပ်လေးကို အမြန်ဆုံးစွန့်ပစ်လိုက်ပါတော့။

ဒါမှမဟုတ် ရင်တထိတ်ထိတ်နဲ့ နွေးနွေးလေးခုန်လာရင် Congratulation . . . သင်သိပ်ကံကောင်းပါတယ်လို့ ပြောပါရစေ. . . အဲဒီဖိနပ်လေးကို တန်ဖိုးထားပေးပါ။

တစ်ခါတလေကျတော့ မလှမပ ပုံမကျတဲ့ဖိနပ်က ကိုယ့်အတွက် အဆင်ပြေနေမြန်ရော။ လူတွေက ဟယ်. . . နင့်ဖိနပ်က စုတ်လိုက်တာ၊ ပုံတုံးကြီးပါ။ ဝဲလိုက်တော့. . . အပေါ်စားကြီး စသည်ဖြင့် အမျိုးမျိုး ဝေဖန်သမျှ သည်းခံရပေမယ့် တကယ်တမ်း ကိုယ့်အတွက်က လွတ်လပ်ပေါ့ပါးနေတတ်တာမျိုးလည်း ရှိပါတယ်။

အဲ့ဒီလိုပါပဲ. . . တစ်ခါတလေ ဟယ်. . . နင့်စော်က ပုံတုံးကြီး၊ နင့်ဘဲက ရုပ်ကြမ်းကြီးကွာ၊ ဒီထက်သာတာတွေ တစ်ပုံကြီး၊ နင်နဲ့မတန်ဘူး စသည်ဖြင့် အပြောခံရပေမယ့် တကယ်တမ်း နှစ်ကိုယ်ကြားဆက်ဆံရေးမှာ ကြင်နာနွေးထွေးမှုတွေ ပျော်ရွှင်မှုတွေ နားလည်မှုတွေအပြည့်နဲ့

ကျော့နပ်ကြည်နူးစရာ ကောင်းနေတတ်ပါတယ်။

တကယ်တော့ အရာအားလုံးက ကိုယ်ပြုခဲ့တဲ့ ကံတရားပါပဲ။ သူငယ်ချင်းတွေအားလုံး မတော်တဲ့ဖိနပ်ကို စိတ်ဖြတ်စွန့်ပယ်ပြီး သင့်တော်ရာ ဖိနပ်လှလှလေးတွေနဲ့ ဘဝခရီးကို အကြာကြီး ပျော်ပါးပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ကြပါစေ. . .။

ဒေါ်မြလား. . .

ခုထိ ခြေဗလာနဲ့ ခပ်ရဲရဲ လျှောက်ဆဲပါ။ ဖနောင့်မှာတော့ မကြာခင်က လမ်းမှာ စွန့်ပစ်ခဲ့တဲ့ ဖိနပ်လှလှလေးတစ်ရံကြောင့် ရထားတဲ့ ဒဏ်ရာက သွေးစလေးတွေ ခြောက်လုခြောက်ခင်ပေါ့။ ခြေဗလာနဲ့ သွားနေရလို့ တစ်ခါတရံ ရှက်ရသလို တစ်ခါတရံ ဆူးဒဏ် ခဲဒဏ်တွေကို ဖိနပ်ပါတဲ့ လူတွေထက် ပိုခံရပါတယ်။ ဒါပေမယ့် တစ်နေ့တော့ ကံကောင်းရင် ဒေါ်မြနဲ့ ထိုက်တန်တဲ့ လိုက်ဖက်တဲ့ ကိုက်ညီတဲ့ ဖိနပ်လှလှလေးတစ်ရံ တွေ့လိမ့်မလားလို့. . .။

## ဒေါ်မြနဲ့ သူငယ်ချင်းတစ်ယောက် (၁)

ဒေါ်မြ ငယ်ငယ်တုန်းက တော်တော်ဆင်းရဲပါတယ်။ "ကုန်းကောက်စရာမရှိတဲ့ ဘဝ" ဆိုတာ လူတော်တော်များများ ကြားဖူးပေမယ့် ကြုံဖူးမယ်မထင်ဘူး။ ပြောပြမယ်. . . အရေးဟာယ် အကြောင်းဟာယ် ပိုက်ဆံလိုလို့ အပေါင်ဆိုင်ပို့စရာ ပစ္စည်းလိုက်ရှာ မွှေပြီးသာ သေသွားမယ်။ အပေါင်ဆိုင်က လက်ခံလောက်မယ့် ကောင်းကောင်းကန်းကန်းပစ္စည်း ဘာတစ်ခုမှ မရှိဘူး။ အဲဒါကို ကုန်းကောက်စရာမရှိတဲ့ ဘဝလို့ ခေါ်ပါတယ်။ ကိုယ်တွေ့မို့ သေသေချာချာ သိခဲ့တာပါ။ (၆)တန်းတက်မယ့်နှစ်မှာ အိမ်က စီးပွားရေး အခြေအနေကြောင့် ကျောင်းထွက်ဖို့ ဖြစ်လာပါတယ်။ ဒါပေမယ့် ကျောင်းတက်ချင်တဲ့ ဒေါ်မြ ဆုံးဖြတ်ချက်ရဲရဲချပြီး ကျောင်းမုန့်ဈေးတန်းမှာ ရေခဲချောင်းရောင်းရင်း ကျောင်းဆက်တက်ခဲ့ပါတယ်။

ပဲခူး-ရန်ကုန် ကားလမ်းဘေးက အ. ထ. က(အင်းတိုင်)ကျောင်းမှာ (၆)တန်းကနေ (၁၀)တန်းအထိ အဖြူအစိမ်း နှစ်စုံတည်းရှိတဲ့သူ၊ ဘော်လ်ပင်မဝယ်နိုင်လို့ (၉)တန်းထိ ခဲတံကိုင်တဲ့သူ၊ ကျောင်းက ဘာကြေး ညာကြေး ကောက်တိုင်း ဘယ်တော့မှ မပေးနိုင်တဲ့သူ၊ အတန်းကြီးသမား

တွေ သနားလို့ ပြန်ပေးတဲ့ ဖတ်စာအုပ်အဟောင်းတွေပဲ သုံးနိုင်တဲ့သူ၊ မိုးရွာတဲ့မနက်တိုင်း ထီးမရှိလို့ ကျောင်းပျက်တဲ့သူ၊ တစ်လ (၃၀၀)ပေးရတဲ့ ဖယ်ရီအစုတ်ကြီးမစီးနိုင်လို့ ရေခဲချောင်းပုံးတစ်ဖက် လွယ်အိတ်တစ်ဖက်နဲ့ (၂)နာရီကျော် လမ်းလျှောက်ပြီးမှ ကျောင်းရောက်တဲ့သူ၊ မနက်တိုင်း ကျောင်းနောက်ကျလို့ ပထမအချိန် သူများတွေ စာသင်နေတုန်း ကျောင်း ပတ်ပတ်လည် တစ်ဦးတည်း အမှိုက်လိုက်ကောက်ရသူ၊ သူငယ်တန်းကနေ (၁၀)တန်းအထိ ဘယ်တုန်းကမှ အဆင့် (၄၀)အပေါ် မတက်ဖူးတဲ့သူ၊ အဲဒါ ဒေါ်မြပါပဲ။

သူငယ်တန်းကနေ (၁၀)တန်းအထိ တောက်လျှောက်တူတူတက်ခဲ့တဲ့ အတန်းဖော် (၄)ယောက်ထဲမှာ ဒေါ်မြ တိတ်တခိုး အားကျခင်မင်ခဲ့ရတဲ့ သူဌေးသမီးတစ်ယောက်ပါ ရှိပါတယ်။ သူက ကိုယ်ပိုင်ကားနဲ့ ကျောင်းတက် နိုင်ပါတယ်။ ဘယ်တုန်းကမှ ဒေါ်မြကို အဖက်လုပ်ပြီး မပေါင်းခဲ့သလို ရွှံ့စရာသတ္တဝါတစ်ကောင်လို မသတီစရာလူတစ်ယောက်လို အမြဲနှိုင့်ထက် စီးနင်း နှိမ့်ချဆက်ဆံခဲ့တာပါ။ သူ့ကြောင့် (၁၀)တန်းနှစ်မှာ ကျောင်းသူ ကျောင်းသားတွေအလယ်မှာ မျက်ရည်ပေါက်ပေါက်ကျအောင် အရှက်ရ ခဲ့ဖူးပါတယ်။

သူချောက်ချလို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ကြည် ကြိမ်လုံးနဲ့ အချက် (၂၀)ဆော်တာကို မျက်ရည်ပေါက်ပေါက်ကျအောင် အံကြိတ်ပြီး ခံခဲ့ရဖူးပါတယ်။ ဒါပေမယ့် သူ့ကို ခင်တုန်းပါပဲ။ (၁၀)တန်းစာမေးပွဲ နောက်ဆုံးနေ့က သူ လာနှုတ်ဆက်ပါတယ်။

"မြခွာညို့ . . . ဖြေနိုင်လား။ ငါရန်ကုန်သွားတော့မှာ။ ကွန်ပျူတာ သင်တန်းတက်မလို့ . . .။ နင်လည်း ရေခဲချောင်းရောင်းကောင်းပါစေ

ဟာ. . . ”တဲ့။

ဒေါ်မြပျော်လိုက်တာလေ။ အားရပါးရဖက်ပြီး နှုတ်ဆက်ချင်ပေမယ့် သူ့အင်္ကျီဖြူဖြူလှလှလေး ပေသွားမှာစိုးလို့ အားနာလို့ မဆက်ဖြစ်ခဲ့ဘူး။ (၁၁)နှစ်လုံး တူတူကျောင်းတက်ခဲ့ပြီး ခုမှ စကားကောင်းကောင်းပြောဖော် ရတဲ့ ငယ်သူငယ်ချင်းလေး. . . ။

မေ့မရခဲ့ပါဘူး။ ခုချိန်ထိ ကြုံရင် ကြုံသလို သတိရတုန်း. . . ။ ခုနေချိန် ပြန်တွေ့ရင်တော့ သူ ငါ့ကို ခင်ခင်မင်မင် ပေါင်းလောက်ရဲ့လို့ တွေးမိတုန်း။ ငယ်သံယောဇဉ်ကိုး. . .

လွန်ခဲ့တဲ့နှစ်ရက်လောက်က CEO က သူမပြန်ခင် ရာထူးမြင့် ဝန်ထမ်းတွေနဲ့ရော ဒါရိုက်တာအဖွဲ့ဝင်တွေနဲ့ပါ ညစာစားချင်တယ်ဆိုလို့ ကန်တော်ကြီးက Signature စားသောက်ဆိုင်အပေါ်ထပ် VIP ခန်းမှာ စီစဉ်ပေးခဲ့တယ်။ ဇီဇာကြောင်တဲ့ CEO အတွက် အစစအရာရာ လိုအပ်မှု မရှိအောင် အမှားအယွင်းနည်းအောင် ဒေါ်မြတို့စားပွဲအတွက် အတော်ဆုံး စားပွဲထိုးတစ်ယောက် သီးသန့်ထားပေးဖို့ တောင်းဆိုခဲ့တယ်။

နည်းနည်းနောက်ကျပြီးရောက်သွားတာကလွဲလို့ ညစာစားပွဲက အားလုံးအဆင်ပြေပြေပါပဲ။ CEO ရဲ့ ခိုးကျုးစကားတွေကြားမှာ (၆)လလုံး ငပ်ပန်းသမျှ ပြုံးပြုံးကြီး ပဏာယူလို့ကောင်းနေတုန်း ဒေါ်မြလှမ်းတွေ့ လိုက်တယ်။

ငယ်သူငယ်ချင်းလေး. . . ။

ဒေါ်မြတို့စားပွဲကို တာဝန်ယူနေတာ သူပါလား။

ဘယ်မေ့လိမ့်မလဲ။ (၁၁)နှစ်လုံး ကျိတ်ခင်ခဲ့ရတဲ့ သူငယ်ချင်း. . . ။

နောက်ဆုံးဆုံတဲ့နေ့က ဖက်ပြီးနှုတ်မဆက်လိုက်ရလို့ ခုထိရင်ထဲ

တန့်နေရတယ်။ ဘေးက ဝန်ထမ်းတွေနဲ့ CEO ကြောင့် ချက်ခြင်း ထ,မနှုတ်ဆက်နိုင်ပေမယ့် ညစာစားပွဲပြီးလို့ CEO တို့လည်း ကားပေါ်လည်းတက်သွားရော အပေါ်ထပ်ကို ပြေးတက်သွားလိုက်တယ်။ ဒေါ်မြတို့ရဲ့ စားကြွင်းစားကျန် ပန်းကန်တွေကို သိမ်းနေတဲ့ သူ့ကို အားရ ဝမ်းသာနဲ့ လက်ဆွဲကိုဆွဲပြီး နှုတ်ဆက်လိုက်တယ်။

"သူငယ်ချင်း. . . ငါလေ မြခွာညိုလေ. . .။ ငါ့ကို မမှတ်မိဘူးလား"

တွဲထားတဲ့ လက်ကို ခါချပြီး သူက ခပ်တည်တည်နဲ့ ပြန်ဖြေတယ်။

"ငါ မှတ်မိပါတယ်။ နင်အရမ်းပြောင်းလဲသွားတယ်။ ခုလိုမြင်ရတာလည်း ဝမ်းသာပါတယ်။ ဒါပေမယ့် ကျေးဇူးပြုပြီး ငါ့ကို နောက်တစ်ခါတွေ့ရင် မခေါ်ပါနဲ့။ မသိသလိုပဲ နေရအောင်"တဲ့။

ဒေါ်မြ ဝမ်းနည်းသွားတယ်။ ရင်ထဲမှာလည်း အောင့်သွားတယ်။ ဒေါသလည်း ထွက်သွားတယ်။

"ဘာလို့လဲ" သူခေါင်းငုံ့ထားတယ်။ ပြန်မဖြေဘူး။

"ပြောလေ. . . ဘာလို့လဲ. . . လို့"

ဒေါ်မြ မျက်ရည်တွေနဲ့ ဆက်ပြောတယ်။

"ငါတို့ သူငယ်တန်းကနေ (၁၀)တန်းထိ (၁၁)နှစ်လုံးလုံး တူတူနေ့တိုင်းကျောင်းတက်ခဲ့ကြတယ်။ ငါစတွေ့ကတည်းက နင့်ကို အရမ်းခင်ခဲ့တာ။ (၁၁)နှစ်နော်။ (၁၁)နှစ်လုံးလုံး. . .။ နင် ငါ့ကို ဘာတွေပဲလုပ်ခဲ့ လုပ်ခဲ့ ငါစိတ်မဆိုးခဲ့ဘူး။ နောက်ဆုံး နင်နှုတ်ဆက်တဲ့နေ့က ငါနင့်ကို ဖက်ထားပြီး နှုတ်ဆက်ချင်ခဲ့တာ။ ဒီမှာကြည့်. . . ငါ မညစ်ပတ်တော့ဘူး။ ငါမဆင်းရဲတော့ဘူး။ ငါ ရေခဲချောင်းလည်း မရောင်းတော့ဘူး။ ဘာလို့ ခုထိ ငါ့တို့ သူငယ်ချင်းဖြစ်လို့ မရသေးတာလဲ။ ငါ နားမလည်

တော့ဘူး”

သူပြန်မဖြေဘူး။ ခေါင်းငုံ့ထားတုန်းပဲ။ ကိုယ်လည်း ပြန်လှည့်ထွက်လာခဲ့တယ်။

အပြန်လမ်းတလျှောက် ဝမ်းနည်းစိတ်နဲ့ မျက်ရည်ဝဲရင်း အဖြေကို ရှာမရခဲ့ဘူး။ မနေ့ညနေက စိတ်ထိန်းထားတဲ့ကြားက သူဆီရောက်သွားတယ်။ သူ အလုပ်ထွက်သွားပြီတဲ့. . .

မမြစ္စာညီလာရင် ပေးပေးပါဆိုပြီး စာလေးတစ်စောင် ထားခဲ့တယ်။

သူပေးခဲ့တဲ့ စာလေးကို လက်မှာ တင်းတင်းဆုပ်ကိုင်ရင်း ဒေါ်မြ တွေးမိတယ်။ ပိုက်ဆံက စစ်မှန်တဲ့ လူမှုဆက်ဆံပေါင်းသင်းရေးတစ်ခုကို ဘယ်အတိုင်းအတာထိ နှောင့်ယှက်ဖျက်ဆီးတတ်ပါသလဲ။

# ဒေါ်မြနှင့် သူငယ်ချင်းတစ်ယောက် (၂)

ဒေါ်မြမှာ သူငယ်ချင်းတစ်ယောက်ရှိပါတယ်။ ခင်မင်ရင်းနှီးလာတာ (၄)နှစ်ကျော်ပါပြီ။ (၂၀၁၅)ခုနှစ်၊ (၁)လပိုင်းလောက်က သူ ငွေလိုတယ် ဆိုလို့ ပမာဏများများငွေတွေ ဘာအာမခံချက်မှ မယူဘဲ ယုံယုံကြည်ကြည် ဘုတ်ချေးခဲ့ပါတယ်။ သူက (၂)လတိတိသုံးမယ်ပြောပြီး ပြန်ပေးဖို့ (၃)ရက် လောက်အလိုမှာ နောက်တစ်လ အချိန်ထပ်ဆွဲပါတယ်။

ဒေါ်မြ ပြာသွားပါတယ်။ အိုင်ပတ်တစ်လုံးနဲ့ တိုင်ပတ်သွားပါတယ်။

ဒေါ်မြ သူဌေးမဟုတ်ပါဘူး။ ဘယ်သူဌေးမှလည်း နေပူစပ်ခါးမှာ ဒေါ်မြတို့လို နဖူးက ချွေးခြေမကျအောင် သွားလာပြီး ပင်ပင်ပန်းပန်း ရှာမစားပါဘူး။ စီးပွားရေးထဲမှာ လည်နေတဲ့ ငွေတွေဆိုတာ ချက်ခြင်း ပြန်ထုတ်ဖို့ မလွယ်ကူဘူးဆိုတာ အမှန်တကယ် စီးပွားရေးလုပ်နေတဲ့ မိတ်ဆွေတိုင်း နားလည်ကြမှာပါ။

အဆိုးဆုံးက မြန်မာပြည်စီးပွားရေးပျက်ကပ် စဝင်နေပါတယ်။ မြန်မာနိုင်ငံမှာ စီးပွားရေးအင်အားအကြီးဆုံး ဆောက်လုပ်ရေးကုမ္ပဏီ (၁)ခု၊ သတ္တုတူးဖော်ရေးလုပ်ငန်း (၆)ခု၊ ဆီအုန်းနဲ့ ရာဘာလုပ်ငန်းရှင် (၁)ဦး ပိုးစိုးပက်စက် ပြိုလဲသွားပါပြီ။ စီးပွားရေးလုပ်ငန်းရှင် တော်တော်

များများရဲ့ အိမ်တွေ ခြံတွေ တိုက်ခန်းတွေ ကားတွေ ပိုင်ဆိုင်မှုတွေ ဘဏ်ရောက်ကုန်ပါပြီ။

ပြန်ရုပ်တဲ့လူတွေ ရုပ်၊ လိုက်ယုတ်တဲ့လူတွေ ယုတ်နဲ့ တော်တော် ကမောက်ကမ ဖြစ်နေပါတယ်။ ဒေါ်မြတို့ မြန်မာနိုင်ငံစီးပွားရေးလောက က မုတ်သုန်သစ်တောအုပ်တစ်ခုနဲ့ တူပါတယ်။ ကြီးမားခိုင်ခန့်တဲ့ အပင် တစ်ပင်ကို မှီခိုပြီး အရိပ်အာဝါသယူပြီး သစ်ပင်များစွာ ရှင်သန်ကြသလိုမျိုး လုပ်ကိုင်ရှင်သန်နေကြတဲ့အတွက် အပင်ကြီးကြီး တစ်ပင်ပြိုလဲရင် သူ့ကို မှီခိုနေတဲ့ အပင်တွေပါ ပြိုလဲပါတယ်။ ထားပါ။

ဒေါ်မြ တိုင်ပတ်ပါပြီ။ သူငယ်ချင်းဆီက ငွေမရလို့ PLAN B အနေနဲ့ နိုင်ငံခြားက ရစရာရှိတဲ့ ပိုက်ဆံလှမ်းတောင်းတော့လည်း သကောင့်သားတွေ (၂)ပတ် ထပ်ရွှေ့ပါတယ်။ ဒေါ်မြပတ်တဲ့တိုင် ကြီး ပါပြီ။ (၄)လပိုင်းထဲရှင်းပေးရမယ့် ပိုက်ဆံတွေက back up ထားတဲ့ ငွေ ပမာဏရဲ့ (၂)ဆခွဲကျော်ရှိပါတယ်။ မတတ်နိုင်တဲ့နောက်ဆုံး ရှိသမျှ ရောင်းတန်ရောင်း၊ ပေါင်တန်ပေါင်၊ အကုန်ခေါင်းခံ ရှင်းရပါတယ်။ မလောက် တော့ နီးစပ်ရာ မိတ်ဆွေတွေဆီက ပတ်ချေးရပါတယ်။ အကြောင်းသိ မိတ်ဆွေတွေအားလုံး ဒေါ်မြအိမ်ထိလာပြီးတစ်မျိုး၊ ရုံးကိုလာပြီး တစ်မျိုး၊ ဖုန်းနဲ့တစ်မျိုး စိတ်မပူဖို့ ခေါင်းအေးအေးထားဖို့ အားပေး အကြံပေး ပိုင်းဝန်းဖေးမ ကြပါတယ်။ စီးပွားပျက်ကပ်မိစ ပြနေတဲ့အချိန်မို့ သူတို့ ကိုယ်တိုင်လည်း မလှုပ်အောင် ထိန်းနေကြရတဲ့ အချိန်ပါ။

ဒေါ်မြ နားလည်ထားတဲ့ မိတ်ဆွေကောင်းတို့ ဝတ္တရား ရှိပါတယ်။

အကူညီပေးနိုင်ရင် အကူညီပေးပါ။

အကူညီမပေးနိုင်ရင် အကြံဉာဏ်ပေးပါ။

ဒကူညီရော အကြံဉာဏ်ရော မပေးနိုင်ရင် အားပေးပါ။

ဆိုတာပါပဲ။

လူတချို့ကလွဲလို့ ဒေါ်မြ မိတ်ဆွေတော်တော်များများ အဲ့ဒီအတိုင်း ဒေါ်မြအပေါ် ကျင့်သုံးနားလည်ပေးကြပါတယ်။ ဒေါ်မြကို ဒုက္ခပေးသွား တဲ့ သူငယ်ချင်းကို ခုထိ ဘာအပြစ်မှ မတင်ခဲ့ပါဘူး။ သူ စားမြတိုက်ယူတာ မဟုတ်ဘူးလေ။ ကိုယ်ကိုယ်တိုင် ယုံကြည်လို့ ကျေကျေနပ်နပ် ပေးလိုက် တာပဲ။ FB မှာလည်း ခင်မင်နေပေမယ့် post တင်ပြီး အရှက်ခွဲဖို့ သူနဲ့ ပတ်သက်ရာ လူတွေကို ကိုယ်သေချာမသိတဲ့ သူ့အကြောင်းကို တခြားလူ ပြောစကားနဲ့ သွားပုတ်လေလွင့်ပြောပြီး အရှက်ခွဲဖို့ စဉ်းစားတောင် မစဉ်းစားမိပါဘူး။ ဘာလို့လဲဆိုတော့ ဒေါ်မြ 'လူ'ဖြစ်နေလို့ပါ။

နောက်ဆုံး သူမပေးရင် သက်ဆိုင်ရာမှာ ဒေါ်မြအရေးယူပြီး ဖြေရှင်း ပါမယ်။ လူတစ်ယောက်အကြောင်းကို သေချာမသိဘဲ စွပ်စွဲအပုတ်ချ ပြောဆိုတာဟာ အင်မတန် အောက်တန်းကျတဲ့ လူ့သိက္ခာမဲ့လုပ်ရပ် ဖြစ်တယ်လို့ ထမိတ် မိန်းမသား ဒေါ်မြခံယူထားလို့ပါ။ ဒေါ်မြ သူငယ်ချင်းကိုလည်း "နင်လုပ်လိုက်တာ. . . ငါအရမ်းဒုက္ခရောက်သွား တယ်ဟာ. . နင်အဆင်ပြေရင်တော့ ချက်ခြင်းပြန်ပေးပါ" ဆိုတဲ့ စကားတစ်ခွန်းကလွဲလို့ ခုထိ သူနာကျင်အောင် စိတ်မကောင်းဖြစ်အောင် ဘာတစ်ခွန်းမှ မပြောခဲ့ပါဘူး။ လူတိုင်းက လူကောင်းပဲ ဖြစ်ချင်ကြတာပါ။ ဘယ်လောက်အကြွေးတူနေတဲ့ လူဖြစ်ဖြစ် သိန်း(၁၅၀၀)ထိ ပေါက်ကြည့်။ သူပေးသင့်သလောက် ပြန်ပေးကြမှာချည်းပါပဲ။ အဲဒီတော့ သူ့လုပ်ငန်းတွေ အဆင်ပြေအောင် ညတိုင်းမေတ္တာပို့ ဆုတောင်းပေးပါတယ်။

သူ စိတ်ညစ်မယ့်စကားတွေပြောပြီး ပြဿနာရှာမနေဘဲ သူ့အလုပ်

တွေ ပိုမိုအဆင်ပြေအောင် အကြံပေး အားပေးပါတယ်။ လိုအပ်ရင် သူ့အလုပ်ကိစ္စတွေပါ မအားတဲ့ကြားက ဝိုင်းကူလုပ်ပေးပါတယ်။

သူ့ကို မယုံတော့တဲ့ တချို့မိတ်ဆွေတွေ သူ့အကြောင်း ဖုန်းဆက်မေးရင် သူ့ဘက်က အာမခံပြီး နားလည်ပေးဖို့ အလုပ်တွေ ယုံယုံကြည်ကြည် ဆက်လုပ်ပေးဖို့ သူ့ကို စိတ်မပျက်ကြဖို့ သူ့ကိုယ်စား ရှင်းပြတောင်းပန်ပေးပါတယ်။

သူ့အလုပ်တွေ အဆင်ပြေမှ ကိုယ့်ငွေ သူပြန်ပေးလို့ရမှာကိုး။ တချို့ညဘက်တွေ သူငယ်ချင်းနှစ်ယောက် ကန်ဘောင်မှာ တူတူထိုင်ပြီး ဘီယာတစ်ပုလင်းစီမော့ရင်း အလုပ်ကိစ္စ အကြံပေး အားပေး စိတ်ပြေလက်ပျောက် ရယ်စရာတွေပြောရင်း နက်ဖြန်ဆိုးဆိုးတွေကို ရင်ဆိုင်ဖို့ အားယူကြပါတယ်။

ခုတော့ ဒေါ်မြရှင်းစရာတွေ အားလုံးရှင်းပြီးသွားသလို သူ့အလုပ်တွေ တော်တော်များများ ပြန်အဆင်ပြေ စပြုနေပါပြီ။ သူရစရာရှိတဲ့ငွေ လက်ခံဘောက်ချာတချို့ ဒေါ်မြနာမည်နဲ့ (မလိုအပ်ပါဘူးပြောလည်း) လွှဲပေးထားပါတယ်။ ကန်ဘောင်မှာ နောက်ဆုံးအခေါက်က ဘီယာထိုင်သောက်ကြရင်း သူပြောတာက. . .

"မြခ္ခာညို. . . သူငယ်ချင်းဆိုတာ နင့်လိုမျိုးကို ပြောတာပဲ။ ငါ့ကြောင့် နင်ဘယ်လောက် ဒုက္ခရောက်သွားလဲ ငါသိပါတယ်။ ငါပြောစရာစကားမရှိလို့ ဘာမှမပြောတာပါ။ ဒါတောင် အပြုံးမပျက် ငါ့ကို ကူညီတယ်။ အားပေးတယ်။ ယုံကြည်ပေးတယ်။ နင့်ကြောင့်သာမဟုတ်ရင် ငါ့လုပ်ငန်းလည်း ပိတ်ရပြီ။ ငါလည်း ခွေးဖြစ်ပြီ။ ငါ့မိသားစုလည်း လမ်းဘေးရောက်ပြီ။ နင် ငါ့အပေါ်မှာထားတဲ့ ယုံကြည်မှု၊ အားပေးမှု၊ နားလည်ခွင့်လွှတ်မှု

တွေကြောင့် ငါ့အလုပ်တွေ ခုလို ဆက်လုပ်နိုင်တာ။ ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်. . . "တဲ့။

ဒေါ်မြကလည်း. . .

"မ,သာရယ်. . . ငါ အဲလိုမနေဘဲ နင့်ကို ပိတ်နင်းပြောနေလို့ နင် သတ်သေသွားရင်ဖြစ်ဖြစ်၊ ထွက်ပြေးသွားရင်ဖြစ်ဖြစ် စိတ်ဓာတ်ကျပြီး အလုပ်ဆက်မလုပ်နိုင်ရင်ဖြစ်ဖြစ် ငါ့သောက်ဆံတွေ ဆုံးသွားမှာပေါ့. . . ငါက စီးပွားရေးသမားလို တွေးတာလေ၊ လမ်းဘေးအတွေး မတွေးဘူး။ သဘောပေါက်. . . "ဆိုတော့. . .

"မ,သာမ. . . "တဲ့။

ဒေါ်မြတို့ သူငယ်ချင်းနှစ်ယောက် အားရပါးရ တဟားဟားရယ်ဖြစ်ကြပါတယ်။

ရယ်လို့ဝမှ ဒေါ်မြက. . .

"ပြန်ကြစို့ သူငယ်ချင်း. . . နင့်မိန်းမ စိတ်ပူနေမယ်" ဆိုပြီး ကိုယ့်အိမ်ကိုယ် ပြန်လာကြပါတယ်။

ဒါပါပဲ။ စီးပွားရေး ဒါမှမဟုတ် လူ့ပတ်ဝန်းကျင်ဆိုတာ တစ်ဦးတစ်ယောက်တည်း တည်ဆောက်လို့ မရပါဘူး။ သူငယ်ချင်းမိတ်ဆွေ အချင်းချင်း တစ်ယောက်ကို တစ်ယောက် ဖေးမကူညီရင်း ခွင့်လွှတ်နားလည်ရင်း ပိုမိုကောင်းမွန်တဲ့ လူ့အသိုင်းအဝိုင်းတစ်ခုကို တည်ဆောက်ရမှာပါ။ လမ်းမှားရောက်နေတဲ့ သူငယ်ချင်းဆိုရင်တောင် လမ်းမှန်ရောက်အောင် ကူညီရပါမယ်။ သူငယ်ချင်းကောင်းတစ်ယောက်ရဲ့ ဝတ္တရားပါ။ သင့်အပေါ် မကောင်းဘူးထင်တဲ့လူတိုင်းကို ကျဉ်ထားရင် နောက်ဆုံးသင် တစ်ယောက်တည်း ကျန်ခဲ့ပါလိမ့်မယ်။ ဒေါ်မြကတော့ လူတွေကို

သူငယ်ချင်းလို့ သတ်မှတ် ခဲ့ပါတယ်။ သူငယ်ချင်းလို့ သတ်မှတ်ပြီးရင်လည်း သူကောင်းကောင်း မကောင်းကောင်း သူသေတဲ့အထိ ဘယ်တော့မှ မစွန့်လွှတ်ပါဘူး။

ဘာမှတော့မဆိုင်ပေမယ့် အဲဒီနေ့က တိုက်တဲ့ အင်းယားက လေက ရင်ထဲအထိ အေးနေပါတယ်။

P.Sဒေါ်မြသူငယ်ချင်း ဘယ်သူလဲဆိုတာ လာမမေးကြပါနဲ့။ CBမှာ လာမေးလဲ မပြောပါဘူး။ ဒေါ်မြအပေါ် ကောင်းကောင်း၊ မကောင်းကောင်း ဘယ်လောက်ယုတ်မာသော သူငယ်ချင်းဖြစ်နေပါစေ။ ဘယ်လောက် အဆိုးမြင် မကြည်လင်သောသူများ ဖြစ်နေပါစေ။ ဒေါ်မြကြောင့် သူတို့ ဘယ်တော့မှ (ဘယ်သောအခါမှ) မထိခိုက် မနစ်နာစေရပါ။ သူတို့ကို လည်း ဒေါ်မြ မမုန်းပါ။ အရင်လို ချစ်ခင်မြဲ ယုံကြည်မြဲသာ ကူညီ ပေးမြဲသာ။ အဘယ်ကြောင့်ဆိုသော် သူတို့ ဘယ်လောက်ဆိုးဆိုး ဒေါ်မြက သူတို့အား "ဒေါ်မြ၏ သူငယ်ချင်း"ဟု အစဉ်အမြဲ သတ်မှတ်ထားခဲ့ပြီး ဆက်လက်၍လည်း သတ်မှတ်ထားမည်သာ. . .

# ဒေါ်မြနှင့် Facebook

ဒေါ်မြလေ. . . မြန်မာမိန်းကလေးတွေကို စိတ်ဓာတ်ခွန်အား ့ယက် အများကြီး ပိုမိုအားကောင်းလာစေချင်တယ်။ ခုခေတ် မိန်းကလေး ခေတ်တော်များများမှာ ပြင်ပဗဟုသုတဆိုလို့ ကိုရီးယားကားတွေ၊ ကြော်ငြာ အသားပေး မဂ္ဂဇင်းတွေနဲ့ facebook တစ်ခုပဲ သူတို့ကမ္ဘာလို့ ထင်နေကြ ာယ်။ သမီးတို့က ခေတ်နဲ့ အချိန်နဲ့ တပြေးညီ သတင်းတွေဖတ်ချင်လို့ acebook သုံးနေတာလို့ ပြောလိမ့်မယ်။ ကဲ. . . ဖြေ. . .

(၁) ဟာသနဲ့ ရယ်စရာကလွဲရင် ထိထိရောက်ရောက် ပညာပေး ideo တွေ ဘယ်နှစ်ယောက်လောက်ကများ share လို့လဲ။

(၂) ကိုယ့်ပြဿနာနဲ့ စားကြောင်း သောက်ကြောင်းတွေကလွဲရင် ဗဟုသုတရမယ့် စာတိုပေစ ဘယ်နှစ်ယောက်လောက်ကများ တင်လို့လဲ။ acebook မှာတက်လာသမျှ new feeds တွေကြည့်လိုက်။ အဆိုးရမကောင်း ကြောင်းက သုံးဆယ်ရာခိုင်နှုန်း၊ ချောလား လှလား ခရလားနဲ့ ့ယ့်ပြဿနာကိုယ် ရေးကြတာက သုံးဆယ်ရာခိုင်နှုန်း၊ လူမှုရေးခွဲခြားပြီး ့လူဆဲ ဒီလူဆဲ အကုန်ပတ်ဆဲတဲ့ဟာတွေနဲ့ အချစ်အလွမ်း မောင့်အတွက် ာအတွက် ကိုကို့အတွက် ဒဿနတွေက သုံးဆယ်ရာခိုင်နှုန်း. . .

အနုပညာရှင်တွေရဲ့ အညှိအဟောက်နဲ့ ကြော်ငြာတွေက ဆယ်ရာခိုင်နှုန်း။

ကဲ. . . ဘယ်မှာလဲ ဘဝအကျိုးပြုစာပေ. . .

အဲဒါကို ဘာလို့ အဲ့လောက် အချိန်ကုန် ငွေကုန်ခံနေရလဲ။ ဒေါ်မြတော့ စဉ်းစားလို့မရဘူးရယ်။ ဒါဆို ဘယ်လိုသုံးမလဲ။

ဒေါ်မြ facebook သုံးနည်း ပြောပြမယ်။

(၁) Account ထဲမှာ ရှိသမျှ အပြင်မှာ မမြင်ဖူး မတွေ့ဖူးတဲ့ လူတွေ အကုန် အားလုံးနီးပါး unfollow လုပ်ပါ။ (ကိုယ်နဲ့ ဝါသနာတူသူတချို့နဲ့ ကိုယ်စိတ်ဝင်စားတဲ့ profile တချို့တော့ ချန်ထားပေါ့)

အင်မတန် မျက်စိနောက် သက်သာပါလိမ့်မယ်။

(၂) ပြီးရင် ကိုယ်ရဲ့ page like ကို အမြဲစီစစ်ပါ။ မြင်သမျှ page တွေ like မလုပ်ပါနဲ့။ ကိုယ့်အသက်မွေးဝမ်းကြောင်းနဲ့ ဆက်စပ်ရာ ဝါသနာပါရာကိုပဲ လုပ်ပါ။ travel and tour မှာလုပ်နေရင် travel and tour page တွေ၊ အင်္ဂလိပ်စာလေ့လာနေရင် အင်္ဂလိပ်စာ learning page တွေ၊ ဖက်ရှင်စိတ်ဝင်စားရင် fashion page တွေ စသည်ဖြင့်ပေါ့။

New feeds ကြည့်တိုင်း ဗဟုသုတ တိုးပွားနေပါလိမ့်မယ်။

(၃) နိုင်ငံခြားသား ၃, ၄ယောက် friends list ထဲမှာ ရှိနေပါစေ။ သူတို့ wall ကိုဝင်ကြည့်ရင်း အင်္ဂလိပ်စာ လေ့လာနိုင်သလို တခြားနိုင်ငံ တစ်ခုရဲ့ ဗဟုသုတတွေ သိခွင့်ရနိုင်ပါတယ်။

(၄) ဘယ်သူ့ကိုမှ သေချာမသိဘဲ စွတ်အထင်ကြီး မလေးစားပါနဲ့။ မချစ်ပါနဲ့။ အတုအယောင်တွေ ပေါပါတယ်။ လေးစားစရာ လူတစ်ယောက် ရှိပြီပဲထား။ သူ့ကို လေးစားတဲ့နေရာမှာ ရပ်မသွားပါနဲ့။ သူ့လို ဘဝမျိုး ရောက်တဲ့အထိ ခြေကုန်သုတ်ပြီး နောက်က အမှီလိုက်ပါ။

(၅) like အနည်းအများကို ဂရုမစိုက်ပါနဲ့။ like ဘယ်လောက်ရလဲဆိုတာ မကြည့်ဘဲ facebook သုံးတတ်အောင် လေ့ကျင့်ပါ။

FB အပြင် သိချင်တာတွေအတွက် Google နဲ့ You Tube ကြည့်တာ အကျင့်လုပ်ပါ။ ဥပမာ- အားလပ်ရက် အခန်းသန့်ရှင်းရေးလုပ်မယ်ပဲထားပါတော့။ FB ကြည့်ပြီး အပျင်းကြောဆွဲနေမယ့်အစား You Tube မှာ How to clean up my room လို့ ရိုက်ရှာကြည့်ပြီး လေ့လာတာပိုအကျိုးရှိပါတယ်။ how to make cup cake, how to make my hair style, how to choose my outfit, how to study English, how to become business man အစရှိသည်ဖြင့် You Tube က how to တွေဟာ တော်တော်အကျိုးရှိပါတယ်။ ဒေါ်မြကိုယ်တိုင် ကားသော့အထဲမှာထားပြီး ကားတံခါး လော့ခ်ကျသွားတုန်းက You Tube ကနေ how to open my car door without keys လို့ ရိုက်ရှာပြီး လိုက်လုပ်ရင်း ဘယ်သူ့အကူအညီမှမပါဘဲ ကားတံခါးဖွင့်ခဲ့ဖူးပါတယ်။ တစ်ခါလည်း အိမ်မှာ ညာဘက်ကြိုးဒိုင်ဖောက်တံ ပျောက်နေတော့ how to open win bottle easily ဆိုပြီးရှာလုပ်တာ အဆင်ပြေပါတယ်။ how to make up, how to eyes shadow, how to collect money, how to make money at online, how to nail art အစရှိသည်ဖြင့် လေ့လာလို့ မကုန်ပါဘူး။

အရည်မရ အဖတ်မရ new feeds က ပေါက်ကရပိုစ့်တွေဖတ်ရင်း comment တွေမှာ ရန်ဖြစ်ရင်း အချိန်ကုန်နေမှာထက်စာရင် ခုလို ဝါသနာပါရာတစ်ခုခုကို လေ့လာရင်း အချိန်တွေ ဘေလ်တွေကုန်တာ ပိုအကျိုးရှိမယ်ထင်လို့ပါ။

**ကဲ့ရဲခြင်းများ**

နင်သိပ်ညံ့တာပဲ။ အသုံးမကျလိုက်တာ. . .။ သုံးစားမရပါဘူးဟာ။ ဆန်ကုန်မြေလေး. . .။ လုပ်မနေပါနဲ့. . . ဘာမှဖြစ်လာမှာလည်း မဟုတ်ဘူး။ ပြောခံရဘူးလား။ အဲ့လိုမျိုး. . .။ စိတ်မပျက်ပါနဲ့။ ဒေါ်မြ ကိုယ်တိုင် အဲ့ဒီလို အကြိမ်ပေါင်းများစွာ အပြောခံခဲ့ရဘူးပါတယ်။ တစ်ခုပဲ ကိုယ်ဘာလဲဆိုတာ ကိုယ်ကိုယ်တိုင် သိနေဖို့ပဲ လိုအပ်ပါတယ်။ အဲဒီလို အပြောခံရပြီးတိုင်း လူရှင်းတဲ့ တစ်နေရာကို သွားပါတယ်။ မျက်လုံးမှိတ် အသက် ခပ်ပြင်းပြင်း ရှူသွင်း ရှူထုတ် ငါးခါလောက်လုပ်ပါတယ်။ ပြီးရင် ကိုယ်တစ်ယောက်တည်း ကြားနိုင်လောက်တဲ့ စကားတစ်ခွန်း တိုးတိုးလေး လေးလေးနက်နက် ပြောပါတယ်။

"အေး. . . ခုနင်တို့ပြောတဲ့ ဘာမှ သုံးမရဘူးဆိုတဲ့ ငါ့လိုလူက တစ်ချိန်ကျရင် လူ့ပတ်ဝန်းကျင်တစ်ခုအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ မရှိမဖြစ် လူတစ်ယောက်ဖြစ်လာစေရမယ်"

ပြီးရင် ခြေလှမ်းအသစ်တွေ အားအသစ်တွေနဲ့ အကောင်းဆုံး ကြိုးစားမှုတွေနဲ့ နှစ်ဆတိုး လျှောက်လှမ်းပါ။ နှစ်ဆတိုး ကြိုးစားပါ။ ကိုယ့်ယုံကြည်ချက်ကို သူများပါးစပ်ထဲမှာ မဆုံးရှုံးပါစေနဲ့။ ဘဝက အောင်မြင်တိုးတက်ချင်တဲ့ အမှန်တကယ် ကြိုးစားသူ လူငယ်တွေ အားလုံးအတွက် ထိုက်တန်တဲ့ ဆုလာဒ်တစ်ခု သတ်မှတ်ထားမြဲမှာ. . .။ ဒေါ်မြခင်မင်ရတဲ့ သူငယ်ချင်းတွေကို ဘယ်တော့မှ See you...။

ဘယ်နေရာမှာတွေ့မယ်လို့ မပြောပါဘူး။ fighting...I'm with you. ကြိုးစား. . . ငါမင်းနဲ့ အတူရှိမယ်လို့ပဲ ပြောပါတယ်။

# ဒေါ်မြ Taxi စီးခြင်း

ဒေါ်မြ ကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်ပါတယ်။ အမြဲ ကိုယ်တိုင်မောင်းနေရပေမယ့် ထိုင်စီးရတာ အကြိုက်ဆုံး။ တစ်ခါတလေ taxi နဲ့ သွားရင်းလာရင်း ကြုံဖူးခဲ့သမျှ အတွေ့အကြုံ ဆန်းလေးတွေ ပြန်လည် ဖောက်သည်ချပါရစေ။

**လမ်းကြုံတင်ချင်တဲ့ ယာဉ်မောင်း**

တစ်နေ့ မြို့ထဲ ရုံးကအပြန် ကားမမောင်းချင်တော့တာမို့ ဒေါ်မြ ကားတားတယ်။

"ဘယ်သွားမလဲ ညီမလေး. . ." မုန်ချပြီး မျက်နှာချိုချိုနဲ့ မေးတယ်။

"စမ်းချောင်းကိုရှင့်"

ဈေးတွေဘာတွေပြောပြီး ကားပေါ်ရောက်တော့ သူက ပြုံးစစနဲ့ "ညီမလေး. . . အလျှင်မလိုရင် လမ်းကြုံလေးတင်ပါရစေနော်. . . ဒုံနာခလေး မပြည့်သေးလို့ ဟီးဟီး. . ."တဲ့။

ဩော်. . . သနားပါတယ်။ တစ်နေကုန် မီးပူရှေ့ထဲ ထိုင်မောင်းရတာနေမှာ. . .။ ကိုယ်လည်း အိမ်ပြန်မှာပဲ။

"ရပါတယ် တင်. . . တင်. . ."ပေါ့။

သိမ်ကြီးဈေးရှေ့ရောက်တော့ အဒေါ်ကြီးနှစ်ယောက်က ကားတယ်။ သူတို့အချင်းချင်း ဈေးတွေဘာတွေပြောပြီး ဂေါက်ဂက်နဲ့ တက်လာကြတယ်။

ရန်ကင်းတဲ့. . .။

ညင်. . . အဲ့ လမ်းကြုံတာလား။

ပြောတော့ပါဘူး။ ကိုယ်လည်း အလျှင်မှမလိုတာ လေညင်းခံထွက်တယ် သဘောထားပြီး ဘာမှမပြောတော့ဘူး။

မောင်းရင်းမောင်းရင်း ရန်ကင်းရောက်. . .။ ဟိုအဒေါ်ကြီးနှစ်ယောက်ဆင်းပြီး မကြာဘူးရယ်။ ၁၂ လုံးတန်းက ကောင်မလေး တစ်ယောက် ထပ်တားပါလေရော. . . အရေးကြီးလို့ပါတဲ့။ စံပြဆေးရုံကိုတဲ့. . .။ ကားသမားက ကိုယ့်ကို တစ်ချက်ကြည့်တယ်။ ညီမလေး ကူညီလိုက်ပါရစေ. . . . အချိန်ရသေးရဲ့မို့လား. . . တဲ့။

ဘာပြောရမလဲ. . .။

"ချပါဗျာ မထူးပါဘူး။ စမ်းချောင်းဌားတာ ရန်ကင်းတောင် ရောက်နေမှပဲ။ သယ်န်းကျွန်း ဘာဝေးတာမှတ်လို့"

အဲ့လိုနဲ့ပဲ ငွေကျပ် (၂၅၀၀)နဲ့ တစ်မြို့လုံးပတ်ပြီးသကာလ ညနေ (၆)နာရီ မြို့ထဲကနေ စမ်းချောင်းပြန်တာ ည (၈)နာရီခွဲစွန်းစွန်း အိမ်ပြန်ရောက်ခဲ့ဖူးပါကြောင်း. . .။

**ရုပ်ရှင်ကြိုက်တဲ့ယာဉ်မောင်း**

အမှန်က အဲ့နေ့က သူငယ်ချင်းတစ်ယောက် ဖွင့်ထားတဲ့ ကြော်ဒင်ဂုံက သူတို့ ကျောက်မျက်ဆိုင်ကို သွားလည်တာ။ အပြန်ကျ ကားအဆင်မပြေတော့ taxi ငှားပြန်လာရပါလေရော။ ကားပေါ်စတက်ကတည်းက လွဲနေပြီမှန်းသိတယ်။ ဘယ့်နှယ် ကားမောင်းရင်း သူက ဗီဒီယိုဇာတ်ကားကြည့်တာဆရာ။ နေတိုးနဲ့ မင်းသမီးကတော့ ကိုယ်လည်း မမြင်ဖူးပါဘူး။

အောင်မာ. . . သူက ကြည့်ရုံတင်မဟုတ်ဘူး။ ကိုယ့်ကိုပါ ဇာတ်လမ်းအကျဉ်းပြောပြီး ကျေနပ်နေတာ။

မင်းသားက ဘယ်လို မင်းသမီးက ဘယ်ချမ်းသာနဲ့။ ကိုယ်မှာ ရင်တွေထိတ်တာ ထိတ်တာ. . .။ မထိတ်ဘဲနေမလား သူက လမ်းကိုမှ မကြည့်ဘာ TV ပဲကြည့်မောင်းနေတော့တာလေ။ ဘေးက ကားတွေက ဆဲလိုက် နောက်ကကားတွေက ဆဲလိုက်။ ကိုယ်ပါ သူနဲ့ရောပြီး ယောင်ချာချာ အဆဲခံနေရတာ မျက်နှာပူလာတယ်။ နောက်ဆုံးခံနိုင်တော့ဘူး. . .

"ဦးလေး လမ်းလည်းကြည့်မောင်းပါဗျာ. . . တိုက်မိကုန်တော့မယ် ခင်ဗျားဇာတ်ကားနောက်မှ ကြည့်လို့ရပါတယ်"

ဆိုတော့. . .

"အို. . . ငါ့တူမကြီး ရှာကြံပူမနေနဲ့. . . ဦးလေးကားက ကားပိုင်။ Grand Guardian မှာ အာမခံလုပ်ထားပြီးသား။ ဇာတ်ကားလေးကောင်းလွန်းလို့ ဟေး. . . ဟေး"

အွန်. . . ဖြစ်ရတယ်။

ပြန်ပြောချင်တာ ပါးစပ်ကို ယားနေတာပဲ။

"ဦးလေးကားက အာမခံရှိတယ်။ ကျွန်မက အသက်အာမခံ မလုပ်

ရသေးဘူးဗျ"

လို့ . . . အာ့လိုနဲ့ပဲ အသည်းတအေးအေး . . . ရင်တဖိုဖိုနဲ့ကားမျိုးစုံရဲ့ အယုတ်တ အနတ်တ အဆဲပေါင်းစုံ လမ်းတောက်လျှောက် ခံပြီးသကာလ မြေနီကုန်းမီးပွိုင့်ရောက်လာတယ်။ ယူထားတာကွေ့ကြော . . . လမ်းတွေ မီးနီမနီ သူမကြည့်အားဘူး။ သူ့မင်းသားရဲဖမ်းနေပြီ။ သူ့မှာ တောက် တခေါက်ခေါက်နဲ့ . . . ဟိုလိုလုပ်ပါလား . . . ဒီလိုလုပ်ပါလား။ တတွတ် တွတ် ရေရွတ်လို့မဆုံး။ နောက်ဆုံး မင်းသားက ရဲတွေလက်က အလွတ် ရုန်းပြေးသူကလည်း အားတွေပါပြီး မီးပွိုင့်ကဆောင့်ထွက် . . .

"ဒုန်း . . . တိုက်ပဟ"

ကားတိုက်ပြီ။ မဆင်းသေးဘူး . . . သူ့မင်းသားရဲလက်က လွတ် မလွတ်ကြည့်သေးတာ ဆရာသမားက။ ကိုယ်လည်း ကားထဲဂျမ်းပြန်ပြီး နဖူးနဲ့ဘာနဲ့ဆောင့်လို့ ဆောင့်မှန်းမသိ။ အာလူးသီးထွက်ပြီး တော်တော် နဲ့ မထနိုင်ဘူး။ ခဏနေမှ . . .

"ကျေနပ်တယ်"

"ညင်"

ကားဘေးကြီးလည်း ချိုင့်လို့၊ မော်တော်ပီကယ်တွေလည်း ပိုင်းနေ ပြီ။ ပါလာတဲ့ ခရီးသည်လည်း အာလူးဘူးသီးနဲ့ သူက ကျေနပ်နေတယ်။

သူ့မင်းသားရဲလက်ကလွတ်သွားလို့ . . .

လခွမ်းထဲမှပဲ . . .

**ကိုရင်အေး**

ပြီးခဲ့တဲ့နွေ တော်တော်ပူတာ။ တော်ဝင်စင်တာက အပြန်ထင်တာပဲ။ နေပူလွန်းလို့ တွေ့တဲ့ကားလှမ်းတားပြီး ဈေးတောင်မမေးဘဲ ဝင်ထိုင်တယ်။

သွားမယ့်နေရာနဲ့ ဈေးပြောပြီးတော့မှ သတိထားမိတာ ယာဉ်မောင်းက ဝါးယပ်တောင်လေး တဖျပ်ဖျပ်နဲ့။ ဩော်. . . အေးပေါ့. . ပူရှာမှာပဲ။ နေအပူ စက်အပူနဲ့။ တဝမ်းတခါးရှာဖွေစားရတာ မလွယ်ဘူးပဲ။ ခဏနေတော့ သူက စကားစတယ်။

"တော်တော်ပူတယ်ဗျာ. . . ကိုရင်အေးတို့က ပူတဲ့ဒဏ်အကြောက်ဆုံးပဲ။ မခံနိုင်ဘူး"

ပြောရင်းဆိုရင်း အပေါ်အင်္ကျီ ချွတ်တယ်။

အဲ့. . . ဘာမှမဖြစ်လောက်ပါဘူးပေါ့နော်။ နေ့လည် (၂)နာရီ ေသာက်ကြီး ပြည်လမ်းပေါ်မှာ. . .

မကြာဘူး ထပ်ပြောတယ်။

"ပူလွန်းအားကြီးတယ်ဗျာ. . . တကယ်မခံနိုင်တော့ဘူး"

ပုဆိုးကို ပေါင်ရင်းထိလှန်တင်ပြီး မောင်းတယ်။

အွန်း. . .

အေးလေ. . . ယာဉ်မောင်းတော်တော်များများ ပူလာရင် အဲ့လိုပဲ ေမာင်းကြတာနေမှာပေါ့။

"တော်တော်ပူတာ. . . ကိုရင်အေးတို့က ပူလာရင်မရဘူး"

ခဏခဏပြောတာ. . . ကိုယ်လည်း သိပ်မသက်သာချင်တော့ဘူး။

"ဆီခဏ ဝင်ထည့်မယ်နော်"

"ဟုတ်"

အဲ့လိုနဲ့ ပြည်လမ်းပေါ်က City Mart ရှေ့က ဆီဆိုင်ထဲ ကွေ့ဝင်ချသွားပါလေရော. .။

အဲ့မှ စပြဿနာတတ်တာပဲ။

ဆီထည့်နေတုန်း. . .

"ကိုရင်အေး မရတော့ဘူး. . . မရတော့ဘူး"

ဆိုပြီး ကိုယ်ပေါ်က တစ်ခုတည်းသော အဝတ်တန်ဆာပုဆိုးကြီး ချွတ်ချပြီး ကိုယ်တုံးလုံးနဲ့ ဒဂုံစင်တာဘက် ထွက်ပြေးပါလေရော. . .

ကိုယ်လည်းလိုက်ပဲဆွဲရမလား. . . ထွက်ပဲပြေးရမလား။ မျက်နှာတွေလည်းပူ၊ နေတွေလည်းပူ။

အယ်. . . ဘယ်သူကများ အရှူးကို ယာဉ်မောင်းလိုင်စင် ထုတ်ပေးပြီး Taxi ပေါ်တင်ပေးလိုက်ပါလိမ့်မယ်။ ငါကိုက သောက်ကျိုးနည်းလွန်းပါတယ်။

# Black Taxi

အမှန်က အဲ့နေ့က သူငယ်ချင်းမုန့်စားဖို့ လာခေါ်တာ။ ဆိုင်ရောက်မှ (၂)ကောင်သား သောက်စကားတွေများပြီး ကိုယ့်ဟာကို Taxi ငှားပြန်ဖို့ လုပ်တာ။ အင်းယားလမ်းလို နေရာမျိုးကလည်း ညနေဘက် ကားရဖို့ အခက်သားကလား။ ဟိုကြည့်ဒီကြည့်နဲ့ ကားတားနေတုန်း. . .

ကျွိ. . .

ဟဲ့. . . ပလုတ်တုတ်။

"ညီမလေး ဘယ်သွားမလို့လဲ"

ကြည့်တော့ ကားက BMW 2010 ကြီး။ လူပုံက သန့်သန့် ငယ်ငယ်။ ရုပ်ကတော့ အတည်။

"အွင်. . ."

"ကျွန်မ Taxi တားတာနော်"

"ဟုတ်ပါတယ်. . . အစ်ကို့ကားက Black Taxi ကြုံရင် ကြုံသလို လူတင်တယ်"

အောင်မယ်. . . အဆန်းဟ. .

မှောင်ရီရီလည်းဖြစ်နေတာကြောင့် မပြောတော့ဘဲ နောက်ခန်းထဲ ဝင်ထိုင်လိုက်တယ်။

"စမ်းချောင်းကိုရှင့်. . . ဘယ်လောက်ပေးရမလဲ"

"ပေးချင်သလောက် ပေးပါ"

"အင်. . . ၃၀၀၀ ပေါ့"

"အိုခေဗျာ"

စကားအပိုမပြောဘူး။ ဖွင့်ထားတဲ့ အင်္ဂလိပ်သီချင်းလိုက်ညည်းပြီး

အေးအေးလူလူပဲ မောင်းလာတယ်။

“ဟုတ်သေးပါဘူး. . . ဝတ်ထားတဲ့ရှပ်က GL၊ လမ်းမှာ ထုတ်ပြောတဲ့ ဖုန်းက BB၊ နာရီက Omega ကိုယ်လည်း စိတ်ထဲ သိပ်မသန့်တော့တာနဲ့ အင်းယားလမ်းထိပ်က Friendship ဆိုင်မှာပဲ ရပ်ခိုင်းလိုက်တယ်”

ပိုက်ဆံထုတ်ပေးမှ. . .

“ရတယ်. . . မပေးနဲ့. . ခုနက ညီမလေးပိတ်ရပ်ပြီး တားနေတာ အစ်ကို့အိမ်ရှေ့. . . ခင်လို့လိုက်ပို့ပေးတာ။ ဘာသဘောမှ မပါပါဘူး. . . ရိုးရိုးသားသားပါ။ ညီမလေးကိုလည်း သိတယ်။ မြခွာညို့. . . ဟုတ်တယ်ဟုတ်။ အစ်ကိုဟိုတစ်ခါ ကိုရဲထွဋ်နဲ့တူတူပါလာတယ်လေ. . . ညီမလေးမမှတ်မိလို့. . . နောက်တွေ့လည်း အလကားတားစီး. . . ဟုတ်ပြီလား”

သူက ရယ်ရယ်မောမော ပြောချင်ရာပြောပြီး မောင်းထွက်သွား. .

ကိုယ်ကတော့ ထောင်တန်လေး (၃)ရွက်ကိုင်ပြီး လမ်းပေါ်မှာ ကြောင်နေတုန်း. . . ဟား. . . ဟား. . .

# ဒေါ်မြဖြနဲ့ ဒံပေါက်

၂၀၀၆-ခုနှစ် နှစ်ဦးပိုင်းလောက်တုန်းက ဖြစ်မယ်ထင်ပါတယ်။ ဗိုလ်အောင်ကျော်လမ်းက ဒေါက်တာသိန်းထွန်းဦးဆောင်တဲ့ လူမှုရေးအဖွဲ့အစည်းလေးတစ်ခုမှာ ကျွန်မပါဝင်ကူညီဖြစ်ခဲ့ပါတယ်။ AIDS/HIV ရောဂါကူးစက်ခံနေရတဲ့ မိဘမဲ့ကလေးတွေအတွက် အထူးအဖွဲ့စည်းထားတာမို့ ပါဝင်တဲ့အဖွဲ့ဝင်နည်းပါတယ်။ အဖွဲ့ဝင်အနေနဲ့ အမိက လုပ်ဆောင်ရတာတွေက များပါတယ်။ အဲဒီထဲမှာမှ ကျွန်မတာဝန်ယူထားရတာက အားပေး ကြင်နာ နှစ်သိမ့်ပါ ဆိုတဲ့အပိုင်းပါ။ ရောဂါကူးစက်ခံနေတဲ့ ကလေးငယ်လေးတွေကို အဖော်ပြုရင်း သူတို့သိချင်သမျှကို ဖြေကြားရင်း ကူညီထောက်ပံ့ဖြည့်ဆည်းပေးရတာမျိုးပါ။ သူတို့ပျော်အောင် ပုံပြင်တွေ ပြောပြရပါတယ်။ သီချင်းတွေဆိုပြရပါတယ်။ တစ်ခါတစ်လေ ကပြရပါတယ်။ မယုံမရှိနဲ့. . . တကယ်ပါ။ ဒါပေမယ့် သူတို့လေးတွေ ခံစားနေရတဲ့ ဝေဒနာတွေကို ခဏပဲဖြစ်ဖြစ် မေ့ဖျောက်ပြီး ပေါ့ပေါ့ပါးပါးရယ်မောနေတာကို မြင်ရတိုင်း ပြောမပြတတ်အောင် ကြည်နူးမိတာတော့ အမှန်ပါ။

ဒီလိုနဲ့ပဲ ကျွန်မဒံပေါက်ကို ရင်းနှီးခဲ့ပါတယ်။ ဒံပေါက်က ရန်ကုန်ဆေးရုံကြီး ကူးစက်လူနာဆောင်က HIV ကူးစက်ခံဝေဒနာရှင်လေး

တစ်ယောက်ပါ။ သူ့အသက်က (၄)နှစ်ပဲ ရှိပါသေးတယ်။ နာမည်ရင်းက နီလာပါ။ ဒါပေမယ့် နီလာဒံပေါက်ဆိုင်နာမည်နဲ့ ဆင်နေတဲ့သူ့ကို ခပ်နောက်နောက် အလုပ်သင်ဆရာဝန်တစ်ယောက်က ဒံပေါက်လို့ ကင်ပွန်းတပ်ပေးသွားတာလို့ ကြားရပါတယ်။

အသားဖြူဖြူ မျက်လုံးပြူးပြူးနဲ့ အပြစ်ကင်းလှတဲ့ ချစ်စရာကလေးငယ်လေးဟာ ဒီရောဂါဆိုးကြီးကို သူ့မိခင်ဝမ်းထဲမှာကတည်းက အမွေဆက်ခံရရှိခဲ့တာပါ။ ဒံပေါက်က သူ့အမေကို မမြင်လိုက်ရပါဘူး။ ပြီးတော့ သူ့မှာ မိခင်အပြင် ဖခင်လည်းရှိတယ်ဆိုတာ နားလည်ပုံမရပါဘူး။ သူသိသမျှက သူ့အမေက မိုးပေါ်မှာရှိတယ်။ တစ်နေ့သူ့ကိုလာခေါ်မယ်။ ဒါပါပဲ. . . ထောက်ပံ့သူနည်းပါးပြီး ဂရုစိုက်ကြင်နာသူ မရှိသလောက်ရှားတဲ့ ဒံပေါက်အပါအဝင် သနားစရာ ကလေးငယ်လေး(၁၂)ယောက်ဟာ ရန်ကုန်ဆေးရုံကြီးတစ်နေရာက အလင်းရောင်ကောင်းကောင်းမရတဲ့ အခန်းကျဉ်းလေးထဲမှာ နေကြရပါတယ်။ ပထမဆုံးရောက်သွားတဲ့နေ့က နည်းနည်းစိမ်းနေပေမယ့် နောက်ပိုင်းဒံပေါက်က ကျွန်မအချစ်ဆုံး၊ အရင်းနှီးဆုံး ကလေးငယ်လေးဖြစ်လာပါတယ်။

မြန်မာနိုင်ငံကို ပြန်လာပြီး ကိုယ်ပိုင်စီးပွားရေးတစ်ခုကို အခြေကျအောင် ကြိုးစားနေတဲ့ ကျွန်မက အဲဒီတုန်းကတော်တော်အလုပ်များပါတယ်။ မကြာခဏလည်း နိုင်ငံခြားခရီးသွားရတတ်ပါတယ်။ ဒါပေမယ့် ဒံပေါက်ဆီမှန်မှန် ရောက်အောင်ကြိုးစားပြီးသွားပါတယ်။

"ဟေး. . . မမမေကြီးလာပြီ"

ဆိုတဲ့ သူ့ရဲ့ဝမ်းသာအားရ နှုတ်ဆက်သံက ကျွန်မအတွက် ဘယ်တော့မှ ရိုးမသွားတဲ့ အချိုမြဆုံးစကားသံပါပဲ။

ကျွန်မဝယ်လာတဲ့ အားဖြည့်ဆေးတွေ၊ မုန့်တွေဝေမျှရင်း သူနဲ့ တခြားကလေးငယ်လေးတွေ ကိုယ်ပေါ်က အနာလေးတွေကို ပြည်ဖောက်၊ ဖန်ရည်ဆေး၊ ဆေးထည့်ပေးရင်း ဆေးတိုက်ရပါတယ်။ ပြီးတော့ သူတို့လေးတွေရဲ့ ပြောစကားတွေ၊ မေးခွန်းတွေကိုလည်း စိတ်ရှည်ရှည်နဲ့ နားထောင်ပေး ဖြေပေးရပါသေးတယ်။

ဒံပေါက်က ကျွန်မကို မမမေကြီးလို့ခေါ်ပါတယ်။ ဘာသဘောနဲ့ ခေါ်မှန်းမသိပေမယ့် တော်တော်တော့ နားထောင်လို့ကောင်းပါတယ်။ ဒံပေါက်က ဆေးရုံကြီးရယ်၊ ဆရာဝန်တွေရယ်၊ ငှက်တွေရယ်လွဲရင် ကျန်တာတွေ သိပ်မသိပါဘူး။ အဲဒီတော့ ကျွန်မကပဲ သူ့ကို သူမသိတဲ့အပြင်လောကအကြောင်း ပြောပြရပါတယ်။

တစ်ခါတော့ ဒံပေါက်က မေးပါတယ်။ မမမေကြီး ဘယ်နေရာကို အကြိုက်ဆုံးလဲ တဲ့။ ဘာသဘောနဲ့ မေးမှန်းမသိပေမယ့် ကျွန်မလည်း နားလည်သလို ပြန်ဖြေခဲ့ပါတယ်။ ကမ္ဘာအေးဘုရား အနောက်က ငါးအကြီးကြီးတွေရှိတဲ့ ငါးကန်ရယ်၊ စဥ့်အိုးတန်းဆိပ်ကမ်းကနေ လှေငှားပြီး (၄၅)မိနစ်လောက်သွားရင် ရောက်တဲ့မီးပြတိုက် သေးသေးလေးရှိတဲ့ ကျွန်းလေးနဲ့ကျောက်လမ်း ရှည်ရှည်လေးရယ်ပေါ့လို့။ သူခဏ ငြိမ်သွားပါတယ်။ ပြီးမှ ကျွန်မကို တိုးတိုးလေးပြောပါတယ်။

"ဒံပေါက်လည်း သွားချင်လိုက်တာ. . . ဒံပေါက်နေကောင်းသွားရင် ခေါ်သွားပါနော်. . ."တဲ့

ကျွန်မရင်ထဲ မကောင်းလိုက်တာလေ. . .

ကျွန်မသူ့ကို လိမ်ခဲ့ပါတယ်။ သူနေကောင်းသွားရင် သေချာပေါက်လိုက်ပို့ပေးမယ့်အကြောင်း၊ နေမြန်မြန်ကောင်းရင် မြန်မြန်ရောက်နိုင်

ကြောင်း၊ ပြီးတော့ နေကောင်းအောင် ဆေးမှန်မှန်သောက်ရမယ့် အကြောင်းတွေပါ။ တစ်သက်တာလုံးမှာ မကြားခဖူးမဟုတ်တောင် ရံဖန် ရံခါတော့ မှသားသုံးရပါတယ်။ ဒါပေမယ့် ဒီတစ်ခါလိမ်ရတာ. . . ကျွန်မ အတွက် အခက်ခဲဆုံးနဲ့ အပင်ပန်းဆုံးပါပဲ။

နောက်တစ်ခေါက်ရောက်တော့ ဒံပေါက်တော်တော်ပိန်ကျသွားပါ တယ်။ သူဖျားနေတာလည်း တပတ်ကျော်ပြီလို့ သိရပါတယ်။ ကျွန်မ ရောက်လာတော့ သူတော်တော်လေးလန်းလာပါတယ်။ မကြာခင်ရောက် လာမယ့် သူ့ရဲ့ငါးနှစ်ပြည့်မွေးနေ့မှာဝတ်ဖို့ ကျွန်မဝယ်လာပေးတဲ့ ဂါဝန် လှလှလေးကိုကြည့်ပြီး သူအရမ်းပျော်နေခဲ့တာပါ။

"ဘာစားချင်လဲ ဒံပေါက်လေး"

လို့မေးတော့ "ဂျယ်လီ"လို့ တိုးတိုးလေးဖြေပါတယ်။

မွေးနေ့လက်ဆောင် ဘာယူမလဲလို့မေးတော့ ဝက်ဝံရုပ်တဲ့။ ဒံပေါက် မှာ သူ့ကိုယ်ပိုင်ဝက်ဝံရုပ်ကလေး တစ်ရုပ်ရှိပါတယ်။ ချေးအထပ်ထပ်နဲ့ မဲတူးပြီး အရောင်လွင့်နေတဲ့ အရုပ်ကလေးပါ။ ကျွန်မလည်း သူလိုချင်တာ တွေ နောက်တစ်ခေါက်လာရင် ဝယ်လာမယ့်အကြောင်းပြောပြီး လုပ်စရာ ရှိတာလုပ်ရပါတယ်။ ကျွန်မပြန်ခါနီးတော့ ဒံပေါက်က ကျွန်မကို လက်ရပ် ခေါ်ပြီး တိုးတိုးလေးမေးပါတယ်။

"ဒံပေါက် ဒီတစ်ခါအကြာကြီးအိပ်ပျော်သွားရင် အမေနဲ့တွေ့ရမှာ ဆို. . ."တဲ့။

ကျွန်မ ဘာမှပြန်မပြောနိုင်ပါဘူး။ မငိုမိအောင် တင်းထားရင်း. . .

"ဒါပေါ့"

လို့ခပ်ပြတ်ပြတ် ပြောတော့. . . သူက ပြောပါတယ်။

"မြန်မြန်အိပ်ပျော်သွားရင်. . . ကောင်းမှာ. . ."တဲ့။

တာဝန်ကျဆရာဝန်တွေကို နှုတ်ဆက်ပြီး အပြန်လမ်းမှာတော့ ကျွန်မရင်ထဲက တစ်နေရာမှာ နာနေပါတယ်။ ဘယ်သူဘယ်ဝါကြောင့် ဘယ်ကံတရားကြောင့်လို့ ကျွန်မခေါင်းစဉ်တပ်ရပ့ါမလဲ။

ဒံပေါက်ဆီက ပြန်လာပြီး ရက်ပိုင်းအတွင်းပဲ ကျွန်မနိုင်ငံခြားခရီး ထပ်သွားရပါတယ်။ အလုပ်ကိစ္စတွေမပြတ်တာနဲ့ဘဲ (၁၀)ရက်လောက် ကြာသွားပါတယ်။ ပြန်ရောက်ရောက်ခြင်းမနားဘဲ ကျွန်မဒံပေါက်ဆီ ပြေးခဲ့ပါတယ်။ သူ့မှာတဲ့ ဂျယ်လီနဲ့ဝက်ဝံရုပ်ကလေးလည်း ပါလာပါတယ်။ ဝက်ဝံရုပ်ကလေးကိုရရင် သူဘယ်လောက်ပျော်သွားမလဲဆိုတာ မှန်းဆကြည့်ရင်း ကျွန်မပျော်ခဲ့ပါတယ်။

အခန်းဝကိုရောက်ရောက်ခြင်း တစ်ခုခုတော့ မှားနေပြီဆိုတဲ့ အသိဝင်လာပါတယ်။ အခန်းထဲမှာ ဒံပေါက်ရှိမနေပါဘူး။ ခါတိုင်းသူအိပ်နေကျ ကုတင်စုတ်ကလေးကလည်း ပိုင်ရှင်မဲ့နေတဲ့ အနေအထားနဲ့ပေ့ါ။ မဖြစ်နိုင်ဘူးလို့တွေးရင်း တာဝန်ကျဆရာဝန်ရှိရာ အခန်းကို အပြေးအလွှားသွားခဲ့ပါတယ်။ သူ့နေမကောင်းတာမှန်ပေမယ့် အဲဒီလောက်မြန်ဆန်ဖို့ မကောင်းပါဘူး။ လွန်ခဲ့တဲ့ (၁၀)ရက်လောက်ကမှ ကျွန်မလက်ကိုဆွဲပြီး တီတီတာတာပြောနေသေးတဲ့ သနားစရာ (၄)နှစ်သမီးလေးပါ။ ဒီလောကကြီးမှာ မမမေကြီးကို အချစ်ဆုံးလို့ ခွဲတတ်တဲ့ ချစ်စရာကလေးမလေးပါ။ လောကကြီးရဲ့ မာယာတွေ၊ လှည့်ဖျားမှုတွေကင်းစင်ပြီး ပကတိရိုးသားဖြူစင်သူလေးပါ။ ရခဲလှပါတယ်ဆိုတဲ့ လူ့ဘဝကိုရလာကာမှ ကိုယ့်ပရောဂမပါဘဲ ရောဂါဆိုးကြီးကူးစက်ခံရပြီး ကြင်နာယုယသူမရှိ၊ မိသားစုမရှိ၊ အိမ်ဆိုတဲ့ ဝေါဟာရကိုတောင် မသိဘဲ အခန်းကျဉ်းကျဉ်းမှောင်မှောင်

လေးထဲမှာ နေ့ရောညပါ ကုန်ဆုံးခဲ့ရရှာတဲ့ သနားစရာကလေးငယ်လေး ပါ။

ဆရာဝန်နဲ့တွေ့တော့ သေချာပါတယ်။ ဒံပေါက်ဆုံးသွားပါပြီတဲ့။ ကျွန်မနဲ့ကလေးမလေးရဲ့ သံယောဇဉ်ကို သိထားတဲ့ဆရာဝန်က ဘာကြောင့် ဘယ်လိုဆိုတာ သေသေချာချာရှင်းပြပါတယ်။ နားထဲမှာ မကြားတစ်ချက် ကြားချက်ပါပဲ. . .။

ညီမဝယ်ပေးထားတဲ့ ဂါဝန်လေးနဲ့. . .။

မေးသေးတယ်. . .။

ဒေါက်တာကြီးအမေက ဒံပေါက်ကိုတွေ့ရင် မှတ်မိပါ့မလားတဲ့. . .

မမမေကြီးက ဝက်ဝံရုပ်ဝယ်လာမှာ. . . တဲ့။

ဆရာဝန်ရှေ့မှာ အနိုင်နိုင်တင်းထားသမျှ ကားပေါ်ရောက်ရောက် ချင်း ငိုချမိပါတယ်။ တစ်နေ့တစ်ချိန် သူသွားရမှာမှန်း သိပေမယ့် ဒီလောက် ထိ မြန်ဆန်လိမ့်မယ်လို့ လုံးဝထင်မထားခဲ့တာပါ။ ဒံပေါက်ကိုမပေးဖြစ်တဲ့ ဝက်ဝံရုပ်လေးကိုကိုင်ပြီး ဒံပေါက်နဲ့ပတ်သက်ပြီးရခဲ့တဲ့ အတွေးသစ်တွေက ကျွန်မကိုပိုပြီး လူပီသစေခဲ့တာပါ. . . ဒီနေ့ထက်အထိပဲ ဆိုပါတော့. . .။

လှည်းကူးက နှင်းဆီဖြူမိဘမဲ့ကလေးဂေဟာ၊ ပဲခူးက မီးအိမ်ရှင် HIV ကူးစက်ခံကလေးငယ်များ ပြုစုစောင့်ရှောက်ရေးဂေဟာတွေမှာ အမှုဆောင်အနေနဲ့ အားလပ်ချိန်တိုင်း၊ မြန်မာပြည်မှာရှိတဲ့အချိန်တိုင်း ခုထက်ထိ စေတနာ့ဝန်ထမ်းအနေနဲ့ သွားရောက်တာဝန်ထမ်းဆောင်လျက် ရှိပါတယ်။

မမေ့ပါနဲ့. . . ရှင်တို့ ရေခဲသေတ္တာထဲက နွားနို့ဘူးတွေချဉ်ကုန်လို့ လွှင့်ပစ်တိုင်းမှာ တစ်နေရာရာမှာ နို့ဆာလို့ အော်ငိုနေရင်း ကလေးငယ်

လေးတွေ သေဆုံးနေရပါတယ်။

မမေ့ပါနဲ့. . . ရှင်တို့မကုန်လို့ဘဲဖြစ်ဖြစ်၊ မစားနိုင်တော့လို့ဘဲဖြစ်ဖြစ် ထမင်းဟင်းတွေ သွန်ပြစ်တိုင်းမှာ ကမ္ဘာပေါ်မှာ အစားအသောက်ငတ်ပြတ်မှုဒဏ်ကြောင့် နေ့စဉ်ကလေးငယ် (၁၂,၂၀၀)ကျော် သေဆုံးနေရပါတယ်။

ကမ္ဘာပေါ်က ကလေးတွေ အားလုံးအတွက် မဟုတ်တောင်မှ သင့်ပတ်ဝန်းကျင်ကလေးငယ်လေးတွေအတွက် လက်တကမ်းအကူအညီလေးတွေ ပေးနိုင်ပါစေ. . .။

# ဒေါ်မြချစ်သော ဗိုက်ပူကြီး

အဲ့ဒီ ဒီဗိုက်ပူကြီးကို တကယ်ချစ်တာ. . .။ ဩော်. . . တမျိုးတွေး မနေနဲ့။ ကျွန်မပြောတာ ဟောဟိုမှာလာနေတဲ့ (၃၉)ဗိုက်ပူ စစ်ကျန် ဘတ်စ်ကားကြီးကိုပြောတာ. . .။ မချစ်ဘဲ နေနိုင်ပါ့မလား. . . နေ့ပေါင်း များစွာ သူ့ရင်ခွင်မှာ ခိုလှုံပြီး လိုရာခရီးဆက်ခဲ့ရတာလေ။ အမြင်မလှပါ ဘူး။ ဆေးသားတွေက ဟောင်းညစ်ပြီးကွာလို့. . . ဘေးတံဖက်တစ်ချက် မှာ ကွမ်းတံတွေးတွေ ချေးတွေ အထပ်ထပ်။ ထိုင်ခုံတွေပေါက်ပြဲ. . .။ အရောင်မှိန်နေတဲ့ မီးခွက်တွေက အလင်းမပါဘဲ ဟန်ပြတပ်ထားတာ ဖြစ်နိုင်ပါတယ်။ မြို့ထဲရောက်လို့ အဲ့ဒီကားပေါ်က ဆင်းလာတာဆိုရင် လူတော်တော်များများ အထင်သေးတဲ့ အကြည့်နဲ့ ကြည့်ကြတယ်။ ဒါပေ မယ့် ကျွန်မတို့ မတတ်နိုင်ဘူး။ ဒီကားကြီးပေါ်မှာ နေ့ပေါင်းများစွာ ကုန် သွန်ရဦးမှာပဲ။

ပြောရဦးမယ်. . .။ အရင့်အရင် ဒရိုင်ဘာတွေ ကားနောက်လိုက် တွေ အင်မတန် မိုက်ရိုင်းတာရှင့်. . .။ ခရီးသည်တွေ ဒီကားစုတ်ကြီးထဲ မှာ ကြပ်ညက်ပြွတ်သိပ်ပြီး ဘယ်လောက်ဒုက္ခခံစီးရလည်း ကိုယ်ချင်း မစာဘူး။ ချိုင့်တွေ ခွက်တွေလည်းမရှောင်ဘဲ မောင်းတာ တဝုန်းဝုန်း

တဒိုင်းဒိုင်းနဲ့ ခရီးသည်တွေရော ကားကြီးရော ဒုက္ခရောက်လိုက်တာရှင်။ တံခါးတွေ အလုံပိတ်ထားတော့ အပြင်ကိုလည်း မမြင်ရဘူး။ အသက်တောင် ဝဝမရှူခဲ့ရတဲ့အချိန်တွေပေါ့။ အပြစ်သွားပြောပြန်ရင်လည်း ရဟန်းသံဃာနဲ့ ကျောင်းသားမကျန် ကားပေါ်က အတင်းဆွဲချတော့ ကျွန်မတို့အားလုံးပါဝဝ်လေးဟွေ့ပိတ် မျက်လုံးလေးတွေမှိတ်ပြီး အံကြိတ်လိုက်ခဲ့ကြရတာ. . .။ ပြန်တွေးမိရင် ရင်နာတယ်။ ဒါ့အပြင် ဒရိုင်ဘာ လူယုတ်မာတွေက ကားကြီးဆီကနေ ဖြုတ်လို့ရသမျှ ဖြုတ်ယူပြီး ရောင်းစားလို့ ကျွန်မချစ်တဲ့ ဗိုက်ပူကားကြီးတစ်နေ့တခြား ယိုယွင်းပျက်စီးလာတယ်။ ဂျုံးဂျုံးကျလာတယ်။

အမှန်က ခရီးသည်တွေ စည်းကမ်းမရှိတာလည်း ပါပါတယ်။ ခုတော့ကြည့်ပါဦး. . . ကားကြီးတစ်ခုလုံး ညစ်ပတ်ပေပွ အိုဟောင်း မဲတူး စုတ်ပြတ်သတ်လို့။ တလောကတော့ ဒရိုင်ဘာဦးလေးကြီး အသစ်တစ်ယောက်ပြောင်းတယ်လေ။ ကျွန်မတော့ သူ့ကိုချစ်တယ်။ အေးလို့. . . ပြုံးပြုံး. . . ပြုံးပြုံးနဲ့. . . အရင်ဒရိုင်ဘာတွေလို ခရီးသည်တွေ ဆူညံဆူညံလုပ်လည်း သူက ခပ်အေးအေးပဲ။ ဘာမှမပြောဘူး။ ကျွန်မချစ်တဲ့ ဗိုက်ပူကားကြီးကို အဆိုးဆုံးလမ်းတွေပေါ်မှာ သက်တောင့်သက်သာ အရှိဆုံးဖြစ်အောင် သူမောင်းသွားတာ သိပ်ပညာသားပါတာပဲ။

ပြတင်းတံခါးတွေ ဖွင့်ပေးတယ်။ လေကောင်းလေသန့်တွေ တဝကြီးရှူရတဲ့အပြင် အပြင်ဘက်က မြင်ကွင်းတွေ ထင်ထင်ရှားရှားမြင်ရတယ်။ ခရီးသည်တွေကိုတော့ ပြောမနေနဲ့တော့ တော်ရေ့. . .။ ဟိုက ငြိမ်ခံမှန်းသိတော့ ပြောလိုက်ဆိုလိုက် ပြစ်တင်ရှုံ့ချလိုက်ကြတာ (၂)ယောက်မရှိဘူး။

အရင်ဒရိုင်ဘာတွေ ပိုးစိုးပက်စက်ကိုင်ခဲ့တော့ ကားကပျက်လိုက် ကိုယ်တိုင်ဆင်းပြင်ပြီး ဆက်မောင်းလိုက်နဲ့. . .။ တစ်ခါတစ်လေ လမ်းမှာ အကြွေးပေးစရာရှိတဲ့ ဝပ်ရှော့တွေ မပေးနိုင်လို့ ဆင်းတောင်းပန်တဲ့အခါ သူ့ခမျာ အကျီတောင်ပြန်ပါမလာရှာဘူးရယ်။ တိုင်ထောက်ထားတဲ့ ဂီယာအုံ အပေါ်နားက ဘုရားပုံတော်လေးတော့ သူအထိမခံဘူး။ သံယာတော်များသာနေရာကို လူပုဂ္ဂိုလ်မထိုင်စေရဘူး။ ခရီးသည်တချို့ သူ့ကိုနားလည်ကြပေမယ့် တချို့ကတော့ နေးရကောင်းလားဟ။ ချိုင့်တွေ မရှောင်ရကောင်းလားဟ၊ ပျက်ပြန်ပလားကွဆိုပြီး ပြောကြဆိုကြတာများရှင်. . .

ကိုယ့်ကားမှကိုယ်အားမနာ မကြားဝံ့ မနာသာရယ်. . ။ သူကတော့ ကျွန်မချစ်တဲ့ ဗိုက်ပူကြီး ချောက်ထဲမကျရလေအောင် ခရီးသည်တွေ သက်တောင့်သက်သာရှိအောင် ချွေးဒီးဒီးကျအောင် ဂရုစိုက်မောင်းနေရတော့ သူ့ကိုဆဲတဲ့ စကားတွေကြားမယ်တောင် မထင်ပါဘူး။

ခရီးသည်တွေကိုလည်း ကျွန်မအပြစ်မဆိုသာပြန်ဘူး။ သူတို့လိုရာပန်းတိုင်ရောက်ရေးအတွက် နှောင့်နှေးခဲ့တာ ကြာပြီကိုး။ ဒါပေမယ့်လည်း ကိုင်း. . . နင်တို့ဘာသာ တတ်မောင်းဆိုပြီး လွှတ်သာပေးလိုက် နိုင်နိုင်နင်းနင်း မောင်းနိုင်တဲ့ကောင် တစ်ကောင်မှမပါဘူးရယ်။

ဩော်. . . ရှေ့မှာ ရုတ်ရုတ်သည်းသည်းမို့ လန့်သွားသလား။ မလန့်ပါနဲ့. . . ကျွန်မတို့ချစ်တဲ့ ဗိုက်ပူကြီးကို ကူမောင်းပေးဖို့ အန်တီတစ်ယောက် စောင့်နေတာ။ ကားပေါ်ကလူတွေ ဆီချေး ဗလပွနဲ့ချွေးဒီးဒီးကျပြီး အကျီပေါ်တော့တဲ့ ကျန်းမာရေးသိပ်မကောင်းတဲ့ ဦးလေးကြီးကိုကျောခိုင်းပြီး BMW ကားသစ်ကြီးမောင်းလာတဲ့ အဲ့ဒီအန်တီကို လက်ခုပ်လက်ဝါးတွေ တီးလို့ ကြိုဆိုကြတယ်။ ကျွန်မချစ်သော ဗိုက်ပူကြီးအား မည်သူက ဆက်

လက်ပွဲမောင်းနှင်ပါစေ။ ကားပေါ်တွင် စည်းကမ်းပြည့်ဝသော ခရီးသည် တစ်ဦးအဖြစ် ကျွန်မဆက်လက်လိုက်ပါ သွားမှာပါ။ ကျွန်မ သူ့ကိုဖျတ်ခနဲ သတိရသွားတယ်။ လှည့်ကြည့်လိုက်တော့ သူလည်း လက်ခုပ်လေးတီးလို့။

ဒါပေမယ့် သူ့မျက်ဝန်းထဲမှာ ကျွန်မချစ်တဲ့ ဗိုက်ပူကြီးကို စိတ်မချတဲ့ အရိပ်အယောင်တွေ တွေ့နေရတယ်။ ကျွန်မချစ်တဲ့ ဗိုက်ပူကြီးရဲ့အထား၊ ဂျုံးဂျုံးကျနေတဲ့ ဂီယာတံတွေရဲ့ အကွက်တွေ၊ ပန်းမပါတော့တဲ့ ဟန်ပြ တာယာတွေရဲ့အထာတွေ၊ တစ်ခါတစ်ခါ ပညာထထပြချင်တဲ့ စပယ်ယာ တွေရဲ့ ဆက်ဆံရေး သူ့ထက်ပိုပြီး ဘယ်သူသိမှာလဲ။ သူ့ထက်ပိုပြီး ဘယ်သူကောင်းအောင် မောင်းနိုင်မှာလဲ။ နောက်ဆုံးပေါ် ပြိုင်ကားတွေရဲ့ အမြန်နှုန်းနဲ့ ကျွန်မချစ်တဲ့ ဗိုက်ပူကြီးကို မယှဉ်ပါနဲ့။ သူတို့ ဘယ်လောက် မြန်မြန်မောင်းနိုင်လဲဆိုတာ အဖြေရှာနေတဲ့အချိန်မှာ ကျွန်မတို့ လိုရာ ပန်းတိုင်ရောက်ဖို့ ရုန်းနေရတုန်း ကားမပျက်ဖို့ ဆုတောင်းနေရတုံး. . ကျွန်မကိုယ်တိုင် မြန်မြန်သေပါစေလို့ ဆုတောင်းဖူးတဲ့ အရင်ဒရိုင်ဘာ မသာကြီးတွေနဲ့ မယှဉ်ပါနဲ့. . .။ သူတာဝန်ယူနေရတဲ့ကာလမှာ ကျွန်မ ချစ်တဲ့ ဗိုက်ပူကြီးကို သူအကောင်းဆုံးပြုပြင် ပဲ့ကိုင်နိုင်ခဲ့ပါတယ်။

အားရဝမ်းသာ ဆူညံနေတဲ့ လူအုပ်ထဲက ကျွန်မထွက်လိုက်တယ်။ တစ်ယောက်တည်းနောက်မှာ တိတ်တိတ်လေးရပ်နေတဲ့ သူ့အနားမှာ ရပ်တယ်။ ပြီးတော့ ဆီချေးတွေပေနေတဲ့ သူ့လက်ကို လှမ်းတွဲလိုက်တယ်။

ကျွန်မတွဲလိုက်တဲ့လက်မှာ ပုံပိုးမှုမပါ။ မျှော်လင့်ချက်မပါ. . . ရယူ လိုမှုမပါ။ နိုင်ငံရေးမပါ. . . လူမျိုးရေးမပါ။ ဘာသာရေးမပါ. . . ဘာမဆို ဘာမှမပါ။

နှလုံးမှာ စက်တပ်ထားသော်ညားလည်း နှစ်ပေါင်း(၃၀)အတွင်းမှာ

လူသားအဆန်ဆုံး အကောင်းဆုံး အညင်သာဆုံး ကျွန်မချစ်တဲ့ ဗိုက်ပူကြီးကို အုပ်ချုပ်ပဲ့ကိုင်ပေးခဲ့သော အသက်(၆၀)ကျော်အဘိုးအိုကြီးတစ်ဦးအား သူ့ရဲ့ပေးဆပ်ကြိုးစားခဲ့တဲ့ (၅)နှစ်တာ စေတနာခရီးစဉ်အတွက် ကျွန်မ၏ နောက်ဆုံးဂုဏ်ပြုလက်ဆောင်လေးသာ. . .

## ဒေါ်မြနှင့်သွေးလှူရခြင်းအကြောင်းရင်း

"သွေးသည် အသက်"

"သင့်သွေးဖြင့် အသက်ကယ်ပါ"

ဘာညာ မြင်ဖူးပါတယ်။ ပညာပေးဇာတ်လမ်းတိုတွေ MRTV-4 မှာ ပြတာလည်း ကြည့်ဖူးပါတယ်။ ကိုယ်တိုင်လှူဖို့တော့ တစ်ခါမှ မတွေးမိခဲ့ပါဘူး။ သွေးဘဏ်ရှိနေတာပဲလေ. . . ဆိုပြီး ခပ်ပေါ့ပေါ့ နေခဲ့ဖူးပါတယ်။ တစ်ခါတစ်လေ အသိတွေက သွေးလိုလို့ လှူပါလားဆိုရင်တောင် ငါမလှူလည်း တခြားလူတွေလှူမှာပဲလေဆိုတဲ့ စိတ်နဲ့ ငါမအားလို့ပါကွာ ဆိုပြီး ရှောင်ခဲ့ဖူးပါတယ်။

တစ်ည. . . မမေ့နိုင်တဲ့ တစ်ည. . .

ဒေါ်မြအမေ ဆေးရုံတင်ရပါတယ်။ ငယ်စဉ်ကတည်းက အဖေမရှိ ...ဘဝမို့ အမေ့ကို အဖေလိုရော အမေလိုပါ သိပ်ချစ်ခဲ့ရတာပါ။ ဆေးရုံမှာ ...ဒနာအပြင်းအထန်ခံစားနေရတဲ့ အမေ့ကိုကြည့်ရင်း အမေမရှိတော့ ...ဲ. . . အမေသေသွားရင်ဆိုတဲ့ အတွေးက ရင်ထဲမှာ မီးတွေလို ...လောင်နေပါတယ်။ နဂိုကတည်းက ဆွေမျိုးမိတ်ဆွေနည်းပါတဲ့ ဒေါ်မြတို့ ...သားစုလေး. . . အမေလုပ်သူ ဆေးရုံတင်ရတော့ ဒေါ်မြတပဲ သမီးကြီး

အနေနဲ့ အစစအရာရာ ဦးဆောင်စီစဉ်ရပါတယ်။ အိမ်မှာ အမေရယ် အဘွားရယ်၊ ညီမလေးရယ်၊ ဒေါ်မြရယ်ရှိတဲ့ အထဲမှာမှ အမေနဲ့ညီမလေးက ပြဿနာတစ်ခုခုတတ်တိုင်း တရှုံ့ရှုံ့ငိုယိုအားငယ်တတ်ပြီး အဘွားနဲ့ဒေါ်မြ ကတော့ ဘယ်လောက်ပြဿနာကြီးကြီး မျက်ရည်တစ်စက်မကျဘဲ အကောင်းဆုံးကြိုးစားဖြေရှင်းတတ်သူတွေ အားပေးတတ်သူတွေ ဖြစ်ပါ တယ်။ အဲဒီတော့ ထုံးစံအတိုင်း အမေဆေးရုံတင်ရတော့လည်း ညီမလေးက တစ်လမ်းလုံး ဆေးရုံရောက်တဲ့အထိ "မမရယ်. . . လုပ်ပါဦး. . အမေ သေတော့မယ်" ဆိုပြီး တအီအီ ငိုကြွေးနေခဲ့ပါတယ်။ သူ့ကို ချော့လိုက်၊ သတိရတစ်ချက် မရတစ်ချက် အမေလုပ်သူကို ပြုစုလိုက်၊ တာဝန်ကျ ဆရာဝန်တွေနဲ့ အထူးကုသမားတော်ကို အရေးပေါ်ပင့်ခေါ်ကုသဖို့ တိုင်ပင်လိုက်နဲ့ ဒေါ်မြတစ်ယောက်တည်း တော်တော်ဗျာများခဲ့ရပါတယ်။

ည(၁)နာရီကျော်မှ သမားတော်ကြီး ရောက်လာ. . ကျန်းမာရေး စစ်ဆေးထားတဲ့ စာရွက်စာတမ်းတွေကိုကြည့်ပြီး ကုသပေးဖို့ စီစဉ်ပါတယ်။ မနက်(၁)နာရီခွဲ ကျော်ကျော်လောက်မှာ ကြပ်မတ်ကုသနေရာကနေ အရေးပေါ်ခွဲစိတ်ရမယ်။ အရေးပေါ်သွေးလိုတယ်တဲ့. . . (၂)ပုလင်း၊ AB သွေး. . .။ သေပြီ။ ဘယ်ကသွားရှာရပါ့မလဲ. . . ဆေးရုံ ဆေးပေး ခန်းတွေနဲ့ အလှမ်းဝေးတဲ့ ဒေါ်မြအတွက် အဲဒီအချိန်သွေးဘဏ် ဘယ် နားရှိနေမှန်းတောင် သေချာမသိခဲ့ပါဘူး။ မရရအောင် ရှာရပါတော့မယ်။ ညီမလေးကလည်း-

"မမရယ်သွားပါ. . . ရအောင်သွားရှာချည်ပါ။ အမေ သေတော့ မယ်. . . မမရဲ့. . . သွားပါ"

ဆိုပြီး အတင်းတွန်းလွှတ်ပါတယ်။ ဒေါ်မြလည်း မတတ်သာတဲ့အဆုံး

ညီမလေးကို ရအောင်ချော့မော့ထားခဲ့ပြီး ငွေထုတ်ပိုက်လို့ မနက်(၂)နာရီ သွေးအရှာထွက်ရပါတော့တယ်။

မှတ်မှတ်ရရ အဲဒီညက မိုးတွေအရမ်းရွာနေခဲ့ပါတယ်။ ပြင်းထန်နေတဲ့ မိုးစက်တွေ၊ လျှပ်စီးတွေ၊ မိုးကြိုးတွေ မိုးချိန်းသံတွေအောက်မှာ ဒေါ်မြ ဘယ်ကိုသွားရမယ်မသိပါဘူး။ အရင်ဆုံး Taxi တစ်စီး လှမ်းတားပါ တယ်။ Taxi driver က ဘယ်သွားမလဲဆိုတော့. . .

"ဘယ်သွားရမယ်မှန်းတော့ မသိသေးပါဘူး ဦးကြီးရယ်. . . သမီး အမေ ဆေးရုံတင်ထားရပါတယ်။ ခုအရေးပေါ် သွေးလိုနေလို့ သွေးရနိုင်မယ့် နေရာတွေကို မောင်းပေးပါ"

လို့ ပြောလိုက်ပါတယ်။

Taxi driver ကြီးရဲ့အကူအညီနဲ့ အရင်ဆုံးရောက်တာ ရန်ကုန် ဆေးရုံကြီး-

"စိတ်မကောင်းပါဘူး ညီမလေး အမတို့ဆီမှာ သွေးကုန်နေတယ်"

နောက်ထပ်တစ်နေရာ ထပ်ပြီး. . . SSC ဆေးရုံ။

"AB သွေးမရှိဘူး ညီမလေးရယ်. . . A သွေးပဲရှိတယ်"

နောက်ထပ် တစ်နေရာထပ်ပြေး. . . Yangon Medical Center ၊ Business Aliens Hotel နေရာပေါ့။

"မရှိဘူးညီမလေး. . . ဆောရီးပါ။ AB သွေးက ရှားတယ်"

ဘိုခေ. . . ပန်းလှိုင်ဆေးရုံကို ဖုန်းဆက်။ AB သွေးမရှိပါဘူးရှင် O သွေးဆိုရင်တော့ ရပါတယ်တဲ့။ သွေးလှူတဲ့ အဖွဲ့တွေကိုဖုန်းဆက်တော့ တချို့က ဖုန်းပိတ်တချို့က ဖုန်းမကိုင်. . . ကိုင်တဲ့လူတချို့ကလည်း ပြန်ဆက်ပေးမယ်ဆိုပြီး ပြန်မဆက်ကြတော့ပါဘူး။ အသိတွေ ဖုန်းဆက်

အကူအညီတောင်းပါတယ်။ မရဘူး။ ဒေါ်မြ နားလည်ပါတယ်။ မနက် (၂)နာရီထိုးကြီး မိုးထဲလေထဲ ဘယ်သူက ကူညီနိုင်ပါ့မလဲ။ နောက်ဆုံး မျှော်လင့်ချက်မြောက်ဥက္ကလာဆေးရုံက အပြန်မှာတော့ ဒေါ်မြအားတင်း ထားသမျှ လျော့ချပြီးငိုပါပြီ။ ဒေါ်မြကို ကယ်နိုင်တဲ့လူ မရှိကြတော့ဘူး လား။ ညီမလေးကလည်း တစ်ချိန်လုံး ဖုန်းဆက်ပြီး. . .

"မမ. . . သွေးရပြီလား. . . မြန်မြန်ပြန်လာပါ. . . အမေ နှုတ်ခမ်း တွေ ပြာနေပြီ။ သွေးတွေယူပြီး မြန်မြန်ပြန်လာပါ"

ဆိုပြီး ငိုနေပါတယ်။ ဒီသွေးမှမရရင် ဒေါ်မြအမေ အသက် ဆက်ရှင်ဖို့ ရာခိုင်နှုန်းတော်တော်ကြီး နည်းသွားပါပြီ။ တစ်ကိုယ်လုံး စိုရွှဲ နေတဲ့ မိုးရေတွေကြားထဲမှာ ရင်ဘတ်ထဲက ပူလောင်မှုက မီးတွေလို တရှိန်းရှိန်းတောက်လောင်နေပါတယ်။ နောက်ဆုံး ကြံရာမရတော့ သူတို့ လည်း ရှာထားပေးမယ်ပြောတဲ့ ရန်ကုန်ဆေးရုံကြီးကို တစ်ခေါက် သွေးရလိုရညား ပြန်အသွား. . . ဒေါ်မြ ရွှေတိဂုံဘုရားကို ဖြတ်သွားရပါ တယ်။ ဘုရား. . . ဟုတ်တယ်. . . ။ ဘုရားရှင်ရှိနေသေးတာပဲ. . ။

"ဦးကြီးရယ်. . . ကားရပ်လို့ ရတဲ့နေရာမှာ ခဏရပ်ပေးပါ"

လို့ပြောလိုက်ပါတယ်။ မိုးရေတွေကြားထဲမှာ အရူးတစ်ယောက်လို ငိုယိုပြေးလွှားပြီး မိခင်အတွက် သွေးရှာနေတဲ့ ဒေါ်မြကိုသနားနေတဲ့ ကားမောင်းတဲ့ဦးကြီးက ဘာမှမပြောဘဲ စာနာနားလည်စွာနဲ့ ကားရပ်ပေး ပါတယ်။ မဟာဝိဇယ စေတီတော် ရှေ့မှာပါ။

ဒေါ်မြမိုးရေတွေထဲ ဆင်းပါတယ်။ ရွှေတိဂုံစေတီတော်ကြီးကို မိုးတွေ လေတွေ ရေတွေထဲကနေ ဒူးထောက်ဦးခိုက်ပြီး တည်ငြိမ်တဲ့ စိတ်ထားနဲ့ အလေးနက်ဆုံး သစ္စာစကားဆိုပါတယ်။

"ဘုန်းတော် ကံတော် ဉာဏ်တော် အနန္တနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်အား သက်သေထား၍ သမာဓေ စိတ်ကောင်းစိတ်မြတ်များအား တပည့်တော်မ တိုင်တည်သစ္စာပြုပါတယ်။ တပည့်တော်မရဲ့ မွေးမိခင် ယခုဆေးရုံမှာ အသက်ဘေးနဲ့ရင်ဆိုင်နေရပါပြီ။ အသက်ကယ်ဖို့ လိုအပ်နေတဲ့ သွေးလည်း ခုထိမရရှိသေးပါဘူး အရှင်မြတ်တို့ဘုရား။

၁။ တပည့်တော်မ မိခင်ကို ယခုပိုင်ဆိုင်ထားတဲ့ တပည့်တော်မရဲ့ အသက်ကိုပေးဆပ်လို့ရရင် ပေးဆပ်လိုက်ချင်တဲ့အထိ အလွန်အင်မတန် ချစ်မြတ်နိုးပါတယ်။

၂။ အကယ်၍ ယနေ့အချိန်မလွန်ခင် မိခင်အတွက် လိုအပ်နေတဲ့ သွေးကို ရရှိခဲ့ပါက တပည့်တော်မ အသက်ရှင်နေသမျှ ကာလပတ်လုံး တပည့်တော်မရဲ့ ကိုယ်မှာစီးဆင်းနေတဲ့ သွေးတွေကို မသေမချင်း အမှန်တကယ် လိုအပ်သူများအတွက် အချိန်မရွေး ကြည်ဖြူရက်ရောစွာ ဖောက်ထုတ်လှူဒါန်းသွားပါ့မယ်လို့ သစ္စာအဓိဋ္ဌာန်ပြုပါတယ် ဘုရား"

လို့ မျက်ရည်တွေနဲ့ တိုင်တည်ဆုတောင်းခဲ့ပါတယ်။

ပြီးတော့ ရန်ကုန်ဆေးရုံကြီးကို ဆက်သွားပါတယ်။ သွေးကောင်တာက နပ်စ်မလေးက

"မရဘူး ညီမလေးရယ် အမတို့လည်း ကြိုးစားကြည့်ပါတယ်။ စိတ်မကောင်းပါဘူး"

လို့လည်း ပြောလိုက်ရော ဒေါ်မြခြေထောက်တွေ ရပ်တည်လို့မရတော့ပါဘူး။ နံရံဘေးမှာ ပုံရက်သားထိုင်ချလိုက်ပြီး ဟီးချိုပါတော့တယ်။ သမားတော်ကြီး မှာလိုက်သလိုဆိုရင် အမေ့အတွက် အချိန်မီကုသနိုင်ဖို့ အချိန်သိပ်မကျန်တော့ပါဘူး။ အလွန်ဆုံး နာရီဝက်ပါပဲ။ နံရံကို လက်တွေ

နာလာတဲ့အထိ လက်သီးတွေနဲ့ထုရင်း ငိုပါတယ်။ ဘေးက အမြင်မတော်တဲ့ လူတွေဝင်ဆွဲကြတယ်။

အဲဒီအချိန်မှာပဲ သန့်ရှင်းရေးအလုပ်သမား ကုလားလေးက အမငိုမနေနဲ့ အလကားပဲ။ နောက်ဆုံးအချိန်အထိ ကြိုးစားရမှာပဲ။ ကျွန်တော်ပြောမယ်. . . ဘုန်းကြီးကျောင်းတွေမှာ လိုက်မေးကြည့်တဲ့။ ဒေါ်မြချက်ချင်း အငိုတိတ်သွားတယ်။ ဟုတ်တယ်. . . လက်မလျှော့ဘူး။ အမေ့အတွက် ဘယ်တော့မှ လက်မလျှော့ဘူး။ မျက်ရည်တွေသုတ်ပြီး ချက်ချင်း အနီးဆုံးသရက်တောကျောင်းတိုက်ကို ပြေးပါတယ်။ မနက်(၃)နာရီခွဲပြီမို့ ဆရာတော်တွေ နိုးနေကြပါပြီ။ ကံကောင်းထောက်မစွာ AB သွေးပိုင်ရှင် ဆရာတော်တစ်ပါး ရပါတယ်။ မိုးရေတွေ မျက်ရည်တွေနဲ့ ဒေါ်မြကို ကြည့်ပြီး ဆရာတော်တွေက သနားလို့ ဆက်ကူညီတာကြောင့် သရက်တောကျောင်းတိုက်က ဆရာတော်သွေးဖောက်နေတုန်းမှာပဲ တခြား AB သွေးပိုင်ရှင် သီလရှင်ဆရာလေးတစ်ပါး ထပ်ရောက်လာပါတယ်။ လိုအပ်ရင် ထပ်ကူညီဖို့ တခြားဆရာတော်တွေကလည်း သူတို့ကျောင်းတွေမှာ အရံသင့်စောင့်ဆိုင်းနေကြတယ်ဆိုတော့မှ ဒေါ်မြရင်ထဲက အပူမီးတွေ ငြိမ်းသွားပါတယ်။

"သံယံ သရဏံ ဂစ္ဆာမိ" ပါဘုရား. . .။

သိပ်မကြာခင်မှာပဲ ဒေါ်မြမိခင်အောင်မြင်စွာ ခွဲစိတ်ပြီး အသက်ဘေးက လွတ်ကင်းသွားပါတယ်။ တစ်ညလုံး စိတ်ရောလူပါ သေမတတ်ပင်ပန်းဆင်းရဲခဲ့ရသမျှ အတိုးချပြီး လူနာစောင့်ထိုင်ခုံလေးမှာ ဒေါ်မြအိပ်ပါပြီ။

"ကိုယ့်အမေ သေမလို ဖြစ်တာတောင် သူက အေးအေးလူလူ အိပ်

နိုင်သေးတယ်။ မပြောချင်ဘူး. . . တကယ်ကို မပူပန်တတ်တဲ့ မိန်းမမျိုး။ တစ်ညလေး အိပ်ရေးပျက်တာ သေမှာကျနေတာပဲ"

"အင်းလေ. . . မမကလည်း အိပ်နိုင်သေးတယ် အံ့ဩပါရဲ့. . . သွေးလေးသွားယူပေးရုံကလွဲပြီး ဘာမှမလုပ်ရဘဲနဲ့ အဘွားရယ်။ သမီးမှာ တစ်ညလုံး အမေ့ကိုပြုစုရတာ။ ဟုတ်ပ. . . ငါ့မြေးငယ်လေးမှ အားကိုးရတာ. . စိတ်ချရတယ်"

အငယ်မနဲ့အဘွား တွတ်ထိုးနေသံကြားပေမယ့်. . . မျက်လုံးဖွင့်မကြည့်တော့ဘူး။ ဘာမှပြန်မချေပနေတော့ဘူး. . . ပင်ပန်းလှပြီလေ. . မှေးထားတဲ့ မျက်လုံးထောင့်ကနေ မေ့ဆေးအရှိန်နဲ့ အိပ်ပျော်နေတဲ့ အမေ့မျက်နှာ ကြည်ကြည်လေးကိုရော၊ သွေးအိတ်ထဲက တစ်စက်ခြင်း အမေ့ကိုယ်ထဲ စီးဝင်နေတဲ့ သွေးစက်ကလေးတွေကိုရော မြင်နေရပါတယ်။ ကြည်နူးစိတ်နဲ့ ပြုံးမိပါတယ်။

ကြာခဲ့ပါပြီ. . . ဒါပေမယ့် မိုးရေတွေကြားထဲမှာ ပြုခဲ့တဲ့ သစ္စာအတိုင်း တောက်လျှောက် သွေးလှူလာခဲ့တာ ခုဆို စာရင်းအရ (၁၄)ကြိမ် စာရင်းထဲမထည့်ဖြစ်ဘဲ ခရီးသွားရင်း လိုရင်လိုသလို လှူခဲ့တာ (၃)ကြိမ် စုစုပေါင်း (၁၇)ကြိမ်ရှိပါပြီ။ ထိခိုက်မှုကြောင့် ခြေထောက်ထောကျိုးဖြစ်နေတဲ့ အချိန်တွေ၊ ညနက်သန်းခေါင်တွေ၊ မိုးထဲလေထဲတွေ၊ မနက်ဝေလီဝေလင်းတွေ၊ ခရီးပန်းနေတဲ့ရက်တွေ၊ အချိန်မရွေး နေရာမရွေး သွေးလိုပြီဟေ့ဆိုတာနဲ့ လိုတဲ့နေရာ အရောက်သွားပြီး ကိုယ်ထဲက သွေးတွေကို ရက်ရက်ရောရော ဖောက်ထုတ်ပြီး လှူပါတယ်။

တစ်ခါတစ်လေ ဒေါ်မြကျန်းမာရေးကို စိတ်ပူတဲ့အမေနဲ့အဘွားက

"မသွားပါနဲ့လား. . . နင်မလှူလည်း သူများလှူမှာပေါ့။

နင်ဒီလောက်ပင်ပန်းနေတာကို ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ကြည့်ဦး. . . ဘာညာ"

ပြောရင်တောင်မှ မသိသလိုဟန်ဆောင်ပြီး မရောက်ရောက်အောင် ရအောင် သွားလျှပါတယ်။ ကိုယ်တိုင်လျှလို့မရတဲ့ အခြေအနေမျိုးဆို လည်း နယ်ဝေး၊ ဒါမှမဟုတ် နိုင်ငံခြားရောက်တာတောင် ဖုန်းခအကုန်ခံ ပြီး အလှူရှင်ဝိုင်းရှာပေးပါတယ်။

ဘာရယ်တော့. . . မဟုတ်ပါဘူး. . .

. . . .

. . . .

ကိုယ်ချင်းစာလို့ပါ. . .

## ဒေါ်မြနဲ့ အဖေ

"အဖေ"အဲ့အသံထွက်ကို ဒေါ်မြပါးစပ်က မထွက်ဘူးတာ နှစ်ပေါင်း (၂၀)ကျော်ကြာပါပြီ။ ပါးစပ်က မထွက်ဘူးသလို စိတ်ထဲကလည်း ကျိတ်ပြီး မတမ်းတဖူးပါဘူး။ ဒေါ်မြဘဝမှာ အဖေနဲ့ပတ်သက်လာရင် အရာအားလုံးက မှုန်ဝါးဝါးသာ။ တစ်ခါတစ်လေ သူများတွေက အဖေ့အကြောင်းမေးရင် ငါသေချာမသိဘူးဟု ဆိုတဲ့စကားကို ဘာနာကျင်မှုမပါဘဲ ခံစားချက်မဲ့စွာ ဖြေတတ်ခဲ့ပါတယ်။ တကယ်လည်း ဒေါ်မြအဖေနဲ့ပတ်သက်ပြီး ဘာမှ သေသေချာချာ မသိပါဘူး။

ဒီနေ့တော့ ဘာမှသေချာမသိတဲ့ အဖေ့အကြောင်း ဝိုးတိုးဝါးတား သတိရမှတ်မိသလောက် ရင်ဖွင့်ပါရစေ. . .။

အဖေက ချောပါတယ်။ ပြီးတော့ ခေါင်းမာတယ်။ ကိုယ်မှန်တယ် ထင်ရင် တစ်လောကလုံး ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ကိုယ်လုပ်ချင်ရာကို လုပ်တတ်ပါတယ်။ အစွဲအလန်းကြီးပါတယ်။ သူ့ခံယူချက် သူ့ယုံကြည် ချက်တွေအတွက် ဘယ်အရာကိုမဆို စွန့်လွှတ်ဖို့ အဆင်သင့်ပါပဲ။ ဂစ်တာ တီးကောင်းတယ်. . . Piano တီးတတ်တယ်။ ကြက်တောင်ရိုက် ချန်ပီယံ။ ရေကူးကျွမ်းကျင်တယ်။ ကားစီးရတာထက် ဆိုင်ကယ်စီးရတာ ပိုသဘော

ကျွတယ်။ လွတ်လပ်မှုကို မြတ်နိုးတယ်။ သဘာဝတရားနဲ့ ရေမြေ တောတောင်တွေကို တန်ဖိုးထားပြီး ချစ်တတ်တယ်။ ခံစားချက်တွေကို တခြားလူမမြင်အောင် မသိအောင် ဟန်ဆောင်ဖုံးကွယ်တဲ့နေရာမှာ အင်မတန်ကျွမ်းကျင်ပါတယ်။ မန္တလေးကို ချစ်တယ်. . . မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်တွေကို မြတ်နိုးတယ်။ သည်းခံနိုင်စွမ်းကြီးတယ်။ မကျည်းဖျော်ရည်ကြိုက်တယ်။ အဖေအကြိုက်ဆုံးဟင်းက အမေချက်တဲ့ ခရမ်းချဉ်သီးပန်ထွေဖျော်ပါ။ ဒေါ်မြအဖေနဲ့ ရုပ်ရော အကျင့်စရိုက်ရော ချွတ်စွတ်တူတဲ့ အဖေတူသမီးပါ။

ဒေါ်မြရင်ထဲမှာ အဖေလို့ တွေးလိုက်တိုင်း မြင်ယောင်နေတဲ့ မြင်ကွင်းလေးတစ်ခုရှိပါတယ်။ မန္တလေးဘူတာကြီးမှာပါ. . . အမေရယ် ဒေါ်မြရယ် ညီမလေးရယ်က ရထားကြီးပေါ် အဖေက စကြိန်ပေးမှာ ဒေါ်မြတို့နဲ့ အဖေ့ကြားမှာ သံဇကာကြီးတွေ ခြားထားပါတယ်။ အဲ့ဒီ သံဇကာကြီးတွေကို လက်(၂)ဖက်နဲ့ တင်းတင်းကိုင်ပြီး မျက်လုံးတွေ နီရဲလာတဲ့အထိ အဖေအရမ်းငိုနေတာကို ခုထိမှတ်မိနေပါတယ်။ ပြီးတော့ ဒေါ်မြတို့သားသမီးတွေကို မသွားပါနဲ့လို့ တစ်ခွန်းမှ မတားတာကိုလည်း စိတ်မကောင်းစွာ ခုထိ မှတ်မိနေပါတယ်။ အဲဒီအချိန်က ဒေါ်မြအသက်(၃)နှစ်။

အဲ့ဒီအချိန်နောက်ပိုင်းမှာတော့ ဒေါ်မြအဖေမပါဘဲ ဘဝကိုဖြတ်သန်းနေပေမယ့်လည်း တစ်ခါတစ်လေ အဖေသာရှိရင်ဆိုတဲ့ အတွေးမျိုးတွေးမိပါတယ်။

အဖေသာရှိရင်. . .

အဖေ့ကို ညဘက် ပုံပြောပြခိုင်းပါမယ်။ ဒေါ်မြ ခုအရွယ်ထိ အိပ်ရာဝင် ပုံပြင်ကြိုက်တဲ့ သူတစ်ယောက်ပါ။ ဒါပေမယ့် ခုထိ တစ်သက်နဲ့

တစ်ကိုယ် တစ်ခါမှ နားမထောင်ခဲ့ဖူးပါဘူး။ ခုထိ ခေါ်မြချစ်တဲ့လူတွေကိုဆို ညဘက် ပုံပြောပြဖို့ ပူဆာတတ်ပါတယ်။

ညီမလေးဆိုးတဲ့အကြောင်းတွေ ပိုပိုသာသာပြောပြီး တိုင်ချင်ပါတယ်။ အေးကွ. . . သူပြန်လာမှ မှတ်လောက်သားလောက်အောင် အဖေဆုံးမပစ်လိုက်မယ်လို့ ဟုတ်ဟုတ် မဟုတ်ဟုတ်ပြောတာကြားချင်ပါတယ်။

အမေဆူတဲ့ ရိုက်တဲ့အချိန်တွေ အဖေ့ရင်ခွင်ထဲဝင်ပြီး ပုန်းချင်ပါတယ်။ မလုပ်ပါနဲ့ ငယ်လေးရာ. . . သမီးကြီးက လိမ္မာပြီးသားပါ. . . ပါးစပ်က ပြောရင်ရပါတယ် စသည်ဖြင့် ပြေရာပြေကြောင်း လေပြည်ထိုးပြီး ကာကွယ်ပေးတာ လိုချင်ပါတယ်။

အမေပေးတဲ့ မုန့်ဖိုးကုန်တဲ့အခါ အဖေ့ဆီက အမေမသိအောင် တိတ်တိတ်လေး မုန့်ဖိုးကပ်တောင်းသုံးချင်ပါတယ်။ အဖေ့ကို လမ်းထိပ်မှာ မုန့်လိုက်ကျွေးပါလို့ လိမ်ခေါ်ပြီး ဈေးထဲက အကျီတွေ အလှပြင်ပစ္စည်းတွေ အားရပါးရပူဆာချင်ပါတယ်။

အဖေအလုပ်အားတဲ့ရက်တွေဆို ဟိုလိုက်ပို့ပါ ဒီလိုက်ပို့ပါ တစာစာနဲ့ ဂျီကျချင်ပါတယ်။ အဖေနဲ့အမေ့ကို လက်တွဲပြီး ဘဝမှာတစ်ခါလေးပဲဖြစ်ဖြစ် လူတွေကြားထဲ လမ်းလျှောက်ဖူးချင်ပါတယ်။

ကျောင်းအပ်တဲ့အချိန်နဲ့ မိဘဆရာအစည်းအဝေးတွေမှာ အဖေဘေးမှာရှိနေစေချင်ပါတယ်။ သူငယ်ချင်းတွေကို ငါ့ဖေကြီးက. . . ဆိုပြီး တစ်ခါလေးပဲဖြစ်ဖြစ် ကြွားဖူးချင်ပါတယ်။

ဘဝမှာ ဝမ်းနည်းအားငယ်စရာတွေ ကြုံလာတိုင်း အဖေ့ရင်ခွင်ထဲမှာ အားရပါးရ ငိုကြွေးချင်ပါတယ်။ အခက်အခဲတွေကြုံလာတိုင်း အဖေ့ရဲ့

အကြံပေးစကားတွေ နားထောင်ချင်ပါတယ်။

အမေနဲ့ သဘောထားခြင်း မတိုက်ဆိုင်တိုင်း အဖေ့မိန်းမကြီးကလေ ဆိုပြီး အားရပါးရအတင်းပြော တိုင်တောချင်လှပါတယ်။ အခါကြီးရက်ကြီး တွေဆိုလည်း အဖေနဲ့အမေ့ကို တစ်သက်မှာ တစ်ခါလေးပဲဖြစ်ဖြစ် ကူတူ ကန်တော့ခွင့်ရချင်လှပါတယ်။

အဖေမောင်းတဲ့ ဆိုင်ကယ်နောက်မှာ ထိုင်၊ အဖေ့ကို တင်းနေ အောင် နောက်ကနေ ဖက်၊ ဖေကြီး မြန်မြန်မောင်းပါဗျလို့ ဆိုင်ကယ်စီးချင် လှပါတယ်။

သမီးငယ်လေးက ပျော့တယ်။ သမီးကြီးကတော့ မာတယ်ဟေ့၊ သမီးကြီး ကြီးလာရင် အဖေတတ်တဲ့ ပညာတွေ အားလုံးသင်ပေးမယ်လို့ ပြောဖူးတာကို ဒေါ်မြ ခုထိ မှတ်မိနေပါတယ်။ အဖေ တစ်ခုမှ မသင်ပေး ခဲ့ပေမယ့် ဒေါ်မြ အဖေတတ်တဲ့ ပညာတွေ ကောင်းကောင်းသင်ယူ လေ့လာခဲ့ပါတယ်။ ရေကူးတတ်တယ်။ ဂစ်တာတီးတတ်တယ်။ ချက်စ် ထိုးတတ်တယ်။ ကြက်တောင်ရိုက်တတ်တယ်။

အဖေပြောဖူးတဲ့ စကားတွေထဲမှာ မှတ်မိနေတဲ့ ဆုံးမစကားတွေ ရှိပါတယ်။

နေရာတကာ မိဘစကားကို နားမထောင်ရဘူး သမီးရ။ မြတ်စွာ ဘုရားတောင် မိဘစကား နားထောင်ခဲ့ရင် ဘုရားဖြစ်လာမှာ မဟုတ်ဘူး။ ကိုယ့်ဘဝကိုယ် ကိုယ်ပိုင် ဆုံးဖြတ်ချက် ယုံကြည်ချက်နဲ့ တည်ဆောက် ရတယ်။

ရွှေပင်နားရင် ရွှေကျေး၊ ဗူးပင်နားရင် ဘောက်ဖက်ပဲ။

ဖြစ်ချင်တာက ဆန္ဒ၊ ဖြစ်လာတာက ဘဝ. . . အေး. . . အဲဒီ နှစ်ခု

ဘယ်တော့မှ ထပ်တူမကျဘူး။

အဖေနဲ့ ဒေါ်မြ တိုင်ပင်ထားပြီး မသွားဖြစ်ခဲ့တဲ့ ဘဝရဲ့ တစ်ခုတည်းသော ခရီးလေးတစ်ခု ရှိပါတယ်။ အဖေက ပြောတယ်။ "သမီးကြီးကြီးလာရင် အဖေတို့ သားအဖနှစ်ယောက် ဟိုးတောင်တန်းတွေပေါ် ခရီးသွားကြမယ်။ ဆိုင်ကယ် တစ်ယောက်တစ်စီးစီနဲ့။ ဟန်းကောရှိုင်တစ်လုံးရယ်၊ အသင့်စားလို့ရတဲ့ ခေါက်ဆွဲခြောက်တွေ အသားဘူး ငါးဘူးတွေ သယ်သွားမယ်။ ရှုခင်းလှတဲ့နေရာတွေမှာ ဆိုက်ကယ်ရပ်ပြီး စခန်းချကြမယ်။ ညဘက် မီးဖိုပြီး မီးလှုံရင်း ကြယ်တွေအောက်မှာ တို့သားအဖနှစ်ယောက် စကားတွေ ပြောမယ်။ ဘယ်သွားမယ်ဆိုတာ သတ်မှတ်မထားဘူး။ ရောက်ချင်တဲ့နေရာ ရောက်ကွာ. . .။ တို့သားအဖ လျှောက်လည်လို့ အားရတော့မှ အိမ်ပြန်ကြမယ်။ ပျော်စရာကြီးကွနော်. . . ဟားဟား"

အဖေ့ရယ်သံမကြားရတာ နှစ်ပေါင်း (၂၅)နှစ်ကျော် သွားပါပြီ။ ဘဝကိုလည်း အဖေမပါပေမယ့် အကောင်းဆုံးကြိုးစားပြီး ရပ်တည်နေပါတယ်။ နေ့စဉ် တာဝန်တွေ ဝတ္တရားတွေ ကြားထဲမှာ တစ်ခါတလေ အဖေ့ကိုတောင် မေ့မေ့ပျောက်ပျောက်ပါပဲ။

ဒါပေမယ့် ကလေး ပိစိလေးကို ချီထားတဲ့ ဖခင်တွေကို တွေ့တိုင်း၊ ကျောင်းစိမ်းဝတ်စုံနဲ့ သမီးလေးကို လက်တွဲပြီး ကျောင်းလိုက်ပို့တဲ့ ဖခင်တွေကို မြင်တိုင်း၊ သမီးလေးကို မုန့်ခွံ့ကျွေးနေတဲ့ ဖခင်တွေကို တွေ့တိုင်း၊ အဖေနဲ့ အမေကို လက်တွဲပြီး ပျော်ရွှင်မြူးတူးနေတဲ့ ကလေးငယ်လေးတွေကို မြင်တိုင်း ခုထိ. . . ခုချိန်ထိ ဟန်မဆောင်နိုင်ဘဲ မျက်ရည်ဝဲတဲ့အထိ အားငယ်မိနေတုန်းပါပဲ. . .။

## ဒေါ်မြနဲ့ ကောင်မလေးတစ်ယောက် (၁)

(၂၀၁၄)ခုနှစ်၊ (၆)လပိုင်းလောက်က ဖြစ်မယ်ထင်တယ်။ **fb chat box** က ကောင်မလေးတစ်ယောက် ဒေါ်မြကို စကားလာပြောတယ်။ အစ်မရယ်တဲ့. . . သမီးက ဘယ်သူ ဘယ်ဝါပေါ့။ သမီးက ကျောင်းတက်နေပါတယ်တဲ့။ လှချင် ပချင် ဝတ်ချင် စားချင်တဲ့အရွယ် မိဘတွေကလည်း မချမ်းသာတော့ လမ်းမှားလိုက်မိပါတယ်တဲ့။ လမ်းဆုံးတော့ မရောက်သေးပါဘူး။ ရည်းစားတွေ ထည်လဲတွဲ လက်ဆောင်ပစ္စည်းတွေနဲ့ သာယာပြီး ဘဝကို နေချင်သလိုနေလာခဲ့တာပါ. . . တဲ့။ အစ်မတင်ထားတဲ့ စာတွေ၊ အစ်မရဲ့ ခံယူချက်တွေကို ဖတ်ပြီး အစ်မကို အရမ်းလေးစားမိတယ်. . . ပြီးတော့ သမီးကိုယ့်ကိုယ်ကို ရှက်လာတယ်တဲ့။ သမီး ဒီဘဝနဲ့ မနေချင်တော့ဘူးတဲ့။ အလှပြင်သင်တန်းဆင်းထားတာမို့ ကိုယ်ပိုင်အလှပြင်ဆိုင် သေးသေးလေးတစ်ခုလောက်ဖွင့်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ချင်ပြီ၊ ဘဝသစ် ပြန်စချင်ပြီဆိုပြီး ပွင့်ပွင့်လင်းလင်း ရင်ဖွင့်တိုင်ပင်လာပါတယ်။

ကိုယ်ကလည်း ခေတ်လူငယ်ပဲလေ. . . ခပ်ဘွင်းဘွင်းပဲ မေးလိုက်တယ်။ အရင်းနှီးဆုံးပတ်သက်ဖူးတဲ့ ရည်းစား ဘယ်နှယောက်လောက်ရှိလဲ

ဆိုတော့ (၂၀)ကျော်မယ်တဲ့။ လက်ရှိတပြိုင်တည်းတွဲနေတာ (၃)ယောက်။ ဗုဒ္ဓေါ. . .။

ထားပါ။ ဆိုင်အတွက် အရင်းအနှီး ဘယ်လောက်လိုမလဲဆိုတော့ ရွှေပြည်သာဘက်မှာဆိုတော့ အခန်းငှားခ အပါအဝင် (၁၅)သိန်းလောက်ဆို ရပြီတဲ့။ အိုကေ. . .

ညီမလေး တတ်နိုင်ဘူးအေ. . . ညည်းမှားခဲ့တာတွေထဲက အကျိုးအမြတ်တော့ ပြန်ရှာချည်. . . ရည်းစားဟောင်းတွေ အကုန်လုံး ပြန်ဆက်သွယ်. . . ပြီးရင် တစ်ယောက် တစ်သိန်း ပိုက်ဆံပတ်ချေး။ ဘယ်လောက်ရလဲ ငါ့ပြန်ပြော. . . ဆိုတော့ နှစ်ပတ်လောက်နေတော့ ဖုန်းဆက်လာတယ်။ (၉)သိန်းရပြီတဲ့။ ဝတ်ထားတဲ့ ရွှေလက်စွပ်လေးပါ ရောင်းမယ် အစ်မတဲ့။ (၁၀)သိန်းပေါ့တဲ့. . .။

အဲဒီအချိန်ကျတော့မှ သူ့ကို ရုံးခေါ်တွေ့ သေသေချာချာ စကားပြော။ သူလိုချင်တဲ့ ဆိုင်ခန်းနေရာလိုက်ကြည့်ပြီး အခန်းငှားခကို ဒေါ်မြကူညီပေးခဲ့ပါတယ်။

ပတ်ဝန်းကျင်သန့်ပြီး လူစည်တဲ့ ဈေးနားက ဆိုင်သေးသေးလေးပါ။ (၉)လပိုင်း ဆိုင်ဖွင့်ပွဲနေ့မှာ သွားရောက် အားပေးခဲ့ပါတယ်။ သူ့ကို ပြောဖို့ မေ့နေတဲ့ စကားကို သူက စိတ်အားထက်သန်စွာနဲ့ ပြောလာပါတယ်။

အစ်မ. . . သမီးကို ပိုက်ဆံချေးတဲ့ ရည်းစားတွေကို မဲလိပ်နှိုက်ပြီး စဉ်ထားတယ်. . . တဲ့။ တစ်လကို တစ်ယောက် ဒါမှမဟုတ် နှစ်ယောက် ပြန်ဆပ်သွားမယ်တဲ့။ ပီတိစိတ်နဲ့ မျက်ရည်တောင် ဝဲမိတယ်။ တကယ်ပါ။ ပြန်ခါနီးတော့ လက်ကိုဆွဲပြီး တိုးတိုးလာပြောတယ်။ အစ်မရယ်. . . အစ်မနဲ့သာ မတွေ့ရင် သမီး---ဖြစ်မှာ ကိုယ့်ကိုယ်ကို သိတယ်။ အစ်မ

ကိုရော ၆၀ ကိုပါ အရမ်းကျေးဇူးတင်တာပဲ. . . တဲ့။

ခေါင်းကို မနာအောင်ခေါက်ပြီး. . . ရယ်ရင်းပြောခဲ့တယ်။

မသာမလေး. . .

တစ်ရက် ရုံးအသွား ဗိုလ်ချုပ်ဈေးနားမှာ သူ့ကို ထပ်တွေ့တယ်။

ဆိုင်အတွက် လိုအပ်တာတွေ လာဝယ်တယ် ထင်ပါရဲ့။ လက်ထဲမှာ လည်း ဘူးတွေ ပစ္စည်းတွေ အပြည့်။ အရင်က စတွေ့ခါစလို တောက် တောက်ပပ sexy ကျပြီး ခါတွန်နေတဲ့ ခေတ်ရှေ့ပြေးပုံစံမျိုးမဟုတ်ပေမယ့် အိန္ဒြေရရ ဝတ်စားပြီး မျှော်လင့်ချက် ယုံကြည်ချက်အပြည့်နဲ့ ကောင်မလေး မျက်လုံးတွေ အရင်ကထက် ပိုပြီး အရောင်တောက်နေတာ သတိထား မိတယ်။

မှန်ချပြီး. . . လှမ်းခေါ်လိုက်တယ်. . . ဟေး. . .

သူက လှည့်အကြည့် ကိုယ့်လည်းတွေ့ရော ဝမ်းသာအားရ လာနေ တုန်း ကားက ပွဲ့ငြင့်လွတ်ပြီး ဆက်မောင်းသွား. . . ။

ဒါပေမယ့် သူ အော်လိုက်တဲ့ စကား. . . ကြားဖြစ်အောင် ကြား လိုက်တယ်. . .

"အစ်မ (၅)ယောက်ပဲ ကျန်တော့တယ်. . . "တဲ့။

## ဒေါ်မြနဲ့ ကောင်မလေးတစ်ယောက် (၂)

တစ်ညပေါ့။ မိုးအေးအေးနဲ့ FB သုံးနေတုန်း ကောင်မလေးတစ်ယောက် စကားလာပြောတယ်။ အကောင့်ထဲမှာ ရှိနေမှန်းတောင် သတိမထားဖြစ်တဲ့ ကောင်မလေးပါ။

တိုင်ပင်စရာရှိလို့ မြရယ်တဲ့။ သူ voice msg စပို့ပါတယ်။ ငိုသံ ဝဲဝဲလေးနဲ့ သူပြောပြတဲ့ အကြောင်းတွေကို ကိုယ်ချင်းစာ နားထောင် ခဲ့ရတာက ဒီလို. . .။

သူ့မှာ သိပ်ချစ်ရတဲ့ ကောင်လေးတစ်ယောက်ရှိပါတယ်တဲ့။ သမီး ရည်းစားတွေ ဖြစ်ခဲ့ကြတာ (၄)နှစ်ရှိပါပြီတဲ့။ အစပိုင်းမှာတော့ သူက ကောင်မလေးကို သိပ်ချစ်ပြီး သိပ်ဂရုစိုက်ခဲ့တယ်ပေါ့လေ။ နောက်ပိုင်း အချိန်ကြာလာတာနဲ့အမျှ ကောင်လေးရဲ့ ဂရုစိုက်မှုတွေ လျော့တိလျော့ရဲ ဖြစ်လာတယ်။ နောက်ဆုံး အခု လမ်းခွဲဖို့ထိ ပြောလာတယ်။ သိပ်ချစ်တဲ့ ဝိတ်နဲ့ အမြဲစိတ်ပူနေတတ်တာကလွဲရင် သူဘာအပြစ်မှ မလုပ်မိပါဘူးတဲ့။ သူသိပ်ချစ်တာကို သိပြီး အတင်းဆွဲထားခဲ့လို့ ကောင်လေးက ပစ်မသွား ပေမယ့် အရင်လို မဟုတ်တော့ဘူးတဲ့။ သူ့မေးခွန်းလေးတွေက. . .

(၁) ယောကျ်ားလေးတွေက ပြောင်းလဲတတ်ကြသလား။

(၂) သူ တကယ်မချစ်ခဲ့တာလား။

(၃) သူ့လက်ကို လွှတ်ပေးလိုက်ရတော့မှာလား. . . တဲ့။

အကောင့်ထဲက ညီမလေးတော်တော်များများ မေးဖူးတဲ့ မေးခွန်းတွေပါပဲ။ ဒေါ်မြ ကိုယ့်အမြင်နဲ့ကိုယ် ဖြေပါပြီ။

(၁) ယောက်ျားလေးတွေရော မိန်းကလေးတွေပါ ပြောင်းလဲတတ်ကြပါတယ်။

ဘာကြောင့်လဲ. . .။

လူတွေမှာ သိစိတ်ရယ် မသိစိတ်ရယ်ဆိုပြီး ရှိတတ်ကြတယ်။ တစ်ခါတလေ မသိစိတ်က သူ့အလိုလို ဆုံးဖြတ်ရွေးချယ်ပြီး လုပ်ချင်ရာလုပ်တဲ့အချိန်တွေ ရှိတယ်။ သိလိုက်တဲ့အချိန် လိုက်တားဖို့ မမီတော့ဘူး။ ဥပမာ-မီးခဲကို မသိဘဲ ကိုင်မိတယ်ဆိုပါတော့. . .။ ဘာမှမစဉ်းစားရသေးခင် လက်က အလိုလို လွှတ်ချပြီးနေပါပြီ။ ဒါက မသိစိတ်က အလိုလို ဆုံးဖြတ်ပြီး လုပ်လိုက်တာ။

အချစ်ရေးမှာလည်း ဒီလိုပဲ။ လူတော်တော်များများက မျက်နှာမများချင်ကြပါဘူး။ တစ်ဦးတစ်ယောက်ကိုပဲ ရာသက်ပန် မြတ်မြတ်နိုးနိုး ချစ်လိုကြတာပါ။ သမီးရည်းစားနှစ်ယောက် ပြတ်ပြီဟေ့ဆို ဘာမှ မပျက်တောင် နာမည်တော့ ပျက်တယ်လေ။ အစပိုင်းမှာတော့ တကယ်ချစ်ခဲ့ကြပါလိမ့်မယ်။ ဒါပေမယ့် အချိန်ကြာလာတာနဲ့အမျှ သူပေးတဲ့ နာကျင်မှုတွေ၊ ချုပ်နှောင်မှုတွေ၊ စိတ်ပင်ပန်းမှုတွေက ကိုယ့်အတွက် အရမ်းပူလောင်လာရင် မသိစိတ်က စတင်အလုပ်လုပ်ပါတော့တယ်။ ဘာလုပ်လဲ။ သူ့ကိုချစ်တဲ့စိတ်ကို ကိုယ်မသိလိုက်ဘဲ တဖြည်းဖြည်းချင်း ဖျက်ဆီးပါတယ်။ သိစိတ်က သတိထားမိတဲ့အချိန်မှာ သူ့ကို မချစ်တော့ဘူး။ စိတ်ကုန်သွားပြီ။

မတွေ့ချင်တော့ဘူး။ အဲ့ဒါမျိုးတွေ ဖြစ်တတ်ပါတယ်။ ဒါကို ပြောင်းလဲသွားတယ်လို့ ခေါ်ပါတယ်။ နာကျင်ခံစားရတဲ့လူတိုင်း ပြောင်းလဲနိုင်ပါတယ်။

(၂) ယောက်ျားလေး တော်တော်များများက ဘဝမှာ ၃,၄ ခါမက တကယ်ချစ်တတ်ကြပါတယ်လို့ စိတ်ပညာစာအုပ်တစ်အုပ်မှာ ဖတ်ဖူးပါတယ်။ သူတကယ်ချစ်ခဲ့တာ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် တစ်ခုသိထားရမှာ အချစ်က ပြောင်းလဲတတ်တယ်ဆိုတာပါပဲ။ မေတ္တာတရားကသာ ထာဝရ တည်မြဲတယ် ဆိုတာပါပဲ။ အချစ်နဲ့ မေတ္တာတရား ဘာကွာခြားပါသလဲ။

အချစ်က give and take ပါ။ ကိုယ်ကလဲ ပြုပြုသလဲ ဂရုစိုက်မယ် ယုယမယ် ကြင်နာမယ်။ ကိုယ့်ကိုလည်း ထပ်တူဂရုစိုက်ရမယ်။ လိုချင်တာ ဝယ်ပေးရမယ်။ အချိန်မှန် ဖုန်းဆက်ရမယ်။ ကိုယ့်ကိုပဲ ချစ်နေရမယ်။ ရင်ခုန်ခြင်းတွေပါတယ်။ ရမ္မက်တွေပါတယ်။ ဇောတွေပါတယ်။ အာသီသတွေ ပြင်းတယ်။ ပြောင်းလဲတတ်တယ်။ ပူလောင်လှပပါတယ်။

မေတ္တာတရားက giving ပါ။ ဂရုစိုက်ပေးချင်တာ၊ ပြုစုပေးချင်တာ၊ လိုက်လျောခွင့်လွှတ်ပေးတာ၊ ဖြည့်ဆည်းနားလည်ပေးတာ၊ ဖေးမနှစ်သိမ့်ပေးတာ။ သူ့ဘာမှ ပြန်မပေးလည်း ကိစ္စမရှိဘူးလေ။ စကတည်းက ဘာမျှော်လင့်ချက်မှ မပါဘဲ။ သူပျော်နေတာကိုကြည့်ပြီး ကိုယ့်ဆုံးရှုံးမှုကို မေ့သွားတဲ့အထိ ကျေနပ်နေတတ်တာ မေတ္တာတရားပါ။ အေးချမ်းမှုတွေပါတယ်။ ပီတိနဲ့ ကြည်နူးမှုတွေ ပါတယ်။ ငြိမ်းချမ်းမှုကို ကိုယ်တိုင်ခံစားရတယ်။ မပြောင်းလဲတတ်ဘူး။ အေးမြလှပပါတယ်။

ငှက်ကလေးကိုချစ်လို့ လှောင်ချိုင့်ထဲမှာ အလှမွေးပြီး ဂရုစိုက်နေတာ ချစ်ခြင်းတရား. . .

ငှက်ကလေးကိုချစ်လို့ လှောင်ချိုင့်တံခါးဖွင့်ပြီး ပြန်မလာနိုင်မှန်း သိရက်နဲ့ နောက်ထပ်မတွေ့ရတော့ဘူးမှန်း သိရက်နဲ့ လွှတ်ပေးလိုက်တာ မေတ္တာတရားပါ။

ဟုတ်ကဲ့. . . အဲဒီမေတ္တာတရားကို အသန့်ရှင်းဆုံး အစစ်မှန်ဆုံး ချစ်ခြင်းတရားစစ်စစ်က မွေးဖွားပေးပါတယ်။

(၃) လွှတ်ပေးလိုက်ပါ။ ဘာလို့လဲဆိုတော့ လမ်းခွဲရအောင်လို့ ပြောလာတဲ့ ယောကျ်ားတစ်ယောက်မှာ လမ်းခွဲဖို့ လုံလောက်တဲ့ အကြောင်းပြချက် ဒါမှမဟုတ် စိတ်ခံစားမှုတစ်ခုရှိနေပြီးသားမို့လို့ပါပဲ။ ကိုယ့်ကိုအားနာလို့ မလွှဲသာလို့ဆက်ပြီး ပတ်သက်နေတယ်ဆိုရင်တောင် သူ့နှလုံးသားထဲမှာ သင်မရှိတော့ဘူး။ သမီးရည်းစားတွေပါဆိုတဲ့ အခွံအောက်မှာ နှစ်ယောက်စလုံးအတွက် အလွန်အဖိုးထိုက်တန်တဲ့ အချိန်တွေ ကုန်ဆုံးသွားမှာမို့လို့ပါပဲ။

သူ့ကို လက်လွှတ်ပြီးနောက်ပိုင်း သူ့အတွက်ပေးရမယ့် အချိန်တွေကို ကိုယ့်ဘဝရဲ့ ကျန်းမာရေး အလုပ်အပရေးရာ သူငယ်ချင်းတွေ မိသားစုနဲ့ ဘဝတိုးတက်အောင်မြင်ရေးအတွက် အကျိုးရှိရှိ အသုံးချပါ။ သူ့ကို သိပ်လွမ်းလာရင် သူပျော်နေမှာပဲလေဆိုတဲ့ စိတ်နဲ့ ဖြေသိမ့်ပါ။

အဲဒီလိုနေရင်း မကြာခင် သင့်ပတ်ဝန်းကျင်မှာ အစစအရာရာ ပြည့်စုံတဲ့ မင်းသမီးလေးဖြစ်လာရင် သင့်အတွက် မင်းသားလေးတွေ ဝိုင်းနေမှာ အသေအချာပါပဲ။

/ / /

## ဒေါ်မြနှင့် မျိုးရိုး

ကြော်. . . သူများတွေ ဘိုးစဉ်ဘောင်ဆက် ဆွေဂုဏ်မျိုးဂုဏ် ဖော်ကြွားတော့ ကိုယ်လည်း ကြွားစရာလေးများ ရမလားလို့ ဒီနေ့ အဘွားကို ကပ်မေးတာ. . .။

အမေကြီးလို့. . . အမေကြီးငယ်ငယ်ကအကြောင်း သမီးမျိုးရိုး အကြောင်း ပြောပြလို့. . .။

အဘွားက ခပ်တည်တည်နဲ့ အဘွားတို့က ဘိုးစဉ်ဘောင်ဆက် အင်္ဂလိပ်ခေတ်က သူဌေးကြီး ဆာဖိုးသာခြံထဲမှာ နေခဲ့ကြတာကွယ့်။ ခုအခေါ်တော့ ရွှေဂုံတိုင်ပေါ့။ ရင်ထဲမှာ ပီတိအဟုန်နဲ့ လှိုက်ခနဲ။ မြင့်သွားပြီ. . .။ စဉ်းစားကြည့်. . . အင်္ဂလိပ်ဘုရင်ကတောင် ဆာဘွဲ့ ချီးမြှင့်ပေးရတဲ့ သူဌေးမျိုးရိုး . . . နည်းမှတ်လို့။ ဟာ. . . ဒါဆို သမီးတို့က သူဌေးကြီး ဆာဖိုးသာရဲ့ အမျိုးတွေပေါ့နော်. . .။ အားရဝမ်းသာနဲ့. . .။ အဘွားက. . . ဘယ်ကလာ သူဌေးက သနားလို့ပေးထားတဲ့ ခြံထဲမှာ ပန်းစိုက်စားတာ။ ငါတို့ ဆွေစဉ်မျိုးဆက် ဥယျာဉ်ခြံမြေ စိုက်စားကြတာ. . .။ တိန်. . . ပညာရေးလည်း မမေးနဲ့။ ငါတို့မျိုးရိုးမှာ ဆယ်တန်းအောင်တာ နင်တို့ ညီအစ်မ ပထမဆုံးပဲတဲ့. . .။ အယ်. . .။

နင်တို့ အဘေးတစ်ယောက်ကတော့ အင်မတန် လူရည်လည်တာ။ သူတစ်ယောက်ပဲ စွန့်စားပြီး ရွှေဂုံတိုင်ကနေ ဆူးလေကို မြင်းလှည်းမောင်း . . . သတဲ့။ အားရပါဘိတောင်း. . .။ မျိုးရိုးသူရဲကောင်းကြီးပေါ့လေ။ ငယ်တယ်တယ်. . . မှုန်တုန်တုန်ဖြစ်သွားတဲ့ မြေးမျက်နှာကိုကြည့်ပြီး အဖွားက. . . တစ်ခုတော့ ဂုဏ်ယူလိုက်စမ်းပါ မြေးရယ်တဲ့။ အဘွားတို့ မျိုးရိုး ဘိုးစဉ်ဘောင်ဆက် အားလုံး (အားလုံး)က သမာအာဇီဝ ရိုးရိုးသားသား ရှာဖွေစားပြီး အေးအေးချမ်းချမ်း နေခဲ့ကြသကွဲ့။ ငါးပါးသီလလုံပြီး ဗုဒ္ဓဘာသာတစ်ခုတည်းကိုပဲ မျိုးဆက် (၈)ဆက်တိုင်တိုင် တစ်ဦးတစ်ယောက်တောင် ဖောက်ပြားခြင်းမရှိဘဲ အစဉ်အဆက် ကိုးကွယ်ခဲ့ကြတဲ့ လူရိုးလူအေး စစ်စစ်ကြီးတွေပေါ့ကွယ်. . . တဲ့။

ကျေနပ်ပါတယ် အဘွားရယ်. . .။

ဟုတ်ကဲ့. . .။

ဒေါ်မြတို့ ဘိုးစဉ်ဘောင်ဆက် ဥယျာဉ်မှူးမျိုးရိုးပါရှင်. . .။

# ဒေါ်မြနှင့် ကောင်မလေးတစ်ယောက် (၃)

အဲ့ဒီနေ့က မိုးတွေရွာနေတယ်။ ရန်ကုန်မြို့ထဲက ထုံးစံအတိုင်း ကားတွေပိတ်၊ ကားပါကင်တွေ ခက်လွန်းလို့ ဗိုလ်အောင်ကျော်ရုံးကနေ မြို့တော်ခန်းမကို ထီးတစ်ချောင်းယူပြီး လမ်းလျှောက်သွားခဲ့ပါတယ်။ ကားနဲ့ သွားတာထက် ပိုမြန်တယ်လေ။

တွေ့စရာရှိတဲ့ လူတွေနဲ့တွေ့၊ စာရွက်စာတမ်းကိစ္စတွေပြီးတော့ ညနေ (၄)နာရီလောက်။

မိုးတွေသည်းနေပေမယ့် ရုံးဆင်းချိန် နီးနေတာကြောင့် မိုးရေထဲ ပြန်ထွက်လာခဲ့ပါတယ်။ ခပ်သည်းသည်းရွာနေတဲ့မိုးကြောင့် လမ်းပေါ်မှာ လူတွေ သာမာန်အချိန်ထက် ရှင်းနေပါတယ်။ ပထမ ကားငှားဖို့ စဉ်းစားမိပေမယ့် ကိုယ်တိုင်က မိုးရွာထဲ လမ်းလျှောက်ရတာ ကြိုက်သူမို့ သိပ်မစဉ်းစားတော့ဘဲ မိုးရေထဲ ထီးတစ်ချောင်းနဲ့ ခပ်မှန်မှန်လျှောက်လာလိုက်ပါတယ်။ ဒေါ်မြ သူ့ကို အဲဒီအချိန်မှာ စတွေ့ခဲ့တာပါ။

ကောင်မလေးတစ်ယောက် မိုးရေထဲမှာ လမ်းလျှောက်နေတာ မထူးဆန်းပါဘူး။ ထူးဆန်းတာက ထီးမပါ မိုးကာမပါ မြို့လည်ခေါင်လို နေရာမျိုးမှာ မိုးရွာနေတာ မသိသလိုမျိုး တစ်ကိုယ်လုံးစိုရွှဲပြီး တဖြည်းဖြည်း

လျှောက်နေတာပါ။ အကျင့်ပါနေတဲ့စိတ်ကြောင့် ဘာမှ မစဉ်းစားမိခင် သူ့နားခပ်သွက်သွက်သွားပြီး ထီးမိုးပေးရင်း စကားစမိပါတယ်။

"ညီမရယ်. . . ထီးမပါဘူးလား၊ မိုးတွေ ဒီလောက်သည်းနေတာကိုအေ. . . ညည်းကလဲ. . . တစ်နေရာမှာ မိုးခိုပြီး မိုးစဲမှ သွားစရာရှိတာဆက်သွားရောပေါ့"

သူ ဒေါ်မြကို အထူးအဆန်း သတ္တဝါတစ်ကောင်လို လှမ်းကြည့်ပါတယ်။ ပြီးတော့ တိုးတိုးလေး ဆိုပါတယ်။

"အစ်မလိုလူမျိုး လောကကြီးမှာ ရှိသေးသားပဲ"

ကိုယ့်ကိုပြောတာလား၊ သူဘာသာ ညည်းတွားတာလား သေချာမသိပေမယ့် သိပ်လည်းဂရုမစိုက်တော့ပါဘူး။ မိုးနဲ့အတူ ပါလာတဲ့လေကြောင့် ထီးကို လွင့်မသွားအောင်ထိန်းရင်း ပါလာတဲ့ စာရွက်တွေ ရေမစိုအောင် အတတ်နိုင်ဆုံး ကာကွယ်ရင်း သူ့ကို ထီးမိုးပေးရင်း နှစ်ယောက်စလုံး မဟာဗန္ဓုလလမ်းပေါ်မှာ တော်တော်ကို့ယို့ကားယား။

ရုံးနားနီးလာတော့. . .

"ကဲ. . . ညီမ၊ နင်ဘယ်သွားမလဲတော့ ငါမသိဘူး၊ ရော့. . . ထီးယူသွား၊ ငါ့ရုံးက ရောက်ပြီ၊ နောက်လမ်းကြုံတော့ ဝင်ပေး၊ မပေးလည်းရတယ်"

သူ ဒေါ်မြကို ငေးငေးလေးကြည့်နေပြီးတော့မှ. . .

"ကျွန်မ သွားစရာနေရာမရှိဘူး အစ်မတဲ့. . ."

"ဟင်. . ."

ပိုသည်းလာတဲ့ မိုးကြောင့် ဒေါ်မြ သိပ်မစဉ်းစားနိုင်ပါဘူး။

"ကဲပါ. . . ဒါဆိုလည်း လာ. . . ငါနဲ့ လိုက်ခဲ့၊ မိုးက ပိုသည်းလာပြီ၊

ပြီးမှ အေးအေးဆေးဆေး စကားပြောတာပေါ့"

သူငြိမ်ငြိမ်လေး လိုက်လာပါတယ်။

ရုံးခန်းထဲမှာ မိုးရာသီမို့ လိုရမယ်ရ ရုံးမှာ ဆောင်ထားတဲ့ ဒေါ်မြ အဝတ်တွေ ပေးဝတ်ပြီး သူ့ကို ကော်ဖီတိုက်၊ ကိုယ်က ရေနွေးကြမ်း သောက်ရင်း သူ့အကြောင်း စပ်စုပါတယ်။

နာမည်က. . . သရဖီ၊ နာမည်အရင်းက အေးအေးခိုင်။ ချောက်မြို့ ကနေ ရန်ကုန်မှာ ကျောင်းလာတက်ရင်း အဆွယ်ကောင်းလို့ စင်တင် တစ်ခုမှာ သီချင်းဝင်ဆို၊ မန်နေဂျာက ဘဝဖျက်၊ မထူးဇာတ်ခင်းရင်း ဘဝပျက်၊ နောက်ဆုံး HIV သားကောင်ဘဝ ရောက်ခဲ့ရတယ်လို့ မိုးရေတွေ စိုနေတဲ့ ဆေးစစ်ချက်အဖြေလေးကို ကိုင်ပြီး ငိုရင်း သူပြောပြပါတယ်။ အစ်မနဲ့သာ မတွေ့ခဲ့ရင် သူ့ဘဝသူ အဆုံးစီရင်ဖို့ တွေးထားပြီးသားပါတဲ့။

အသက်က (၂၁)နှစ်၊ ဒေါ်မြရင်တွေ နာလိုက်တာလေ။ ငါ့ညီမ အရွယ်လေး ရုပ်ရည်လည်းရှိ ပညာလည်း အတန်အသင့် တတ်ရဲ့သားနဲ့ ဖြစ်ရလေ. . . ညီမရယ်။

အရက်ဆိုးမှုန်နေတဲ့ ပုရိသတွေကြားမှာ ညပေါင်းဘယ်လောက်များစွာ တဏှာရဲ့အစာ ဖြစ်ခဲ့ရပါသလဲ။ မတွေးရဲစရာ။

အိမ်မပြန်ရဲ၊ လူတောထဲ ပြန်မဝင်ရဲ၊ ကိုယ့်ဘဝကိုယ် ရွံ့ရှာမုန်းတီး နေတဲ့ HIV ရောဂါရှင် ကောင်မလေးကို ဒေါ်မြ အနွေးထွေးဆုံး ပွေ့ဖက် အားပေးခဲ့ပါတယ်။

"မှတ်ထား. . . ငါ့ညီမ၊ မှားမှန်းသိရင် ပြန်ပြင်ဖို့ဆိုတာ ဘယ်တော့မှ နောက်ကျတယ် မရှိဘူး၊ ငါတတ်နိုင်သမျှ ကူညီမယ်၊ ငါတို့ လူတွေဆိုတာ လောကကြီးထဲကို လူရယ်လို့ ရောက်လာတာ အကြောင်းမဲ့ မဟုတ်ဘူး၊

နင်ဘာတွေပဲ လုပ်ခဲ့လုပ်ခဲ့ ပြီးသွားပြီ၊ ထားလိုက်တော့. . .။ ရောဂါအတွက်လည်း ဆေးဆက်သောက်၊ ရှေ့ဆက် နင့်ဘဝကို ငါအတတ်နိုင်ဆုံး ကူညီမယ်၊ နင်ဘာမှ စိတ်ဓာတ်မကျနဲ့. . ."

သူ ဒေါ်မြရှံ့မှာ (၃)ရက်တိတိ နေပါတယ်။ ပြီးတော့ ဒေါ်မြ အဆက်အသွယ်နဲ့ ဘိုးဘွားဂေဟာတစ်ခုမှာ ခုထိ ရာသက်ပန် လုပ်အားပေးအနေနဲ့ အဘိုးအဘွားတွေကို ပြုစုရင်း အေးချမ်းစွာ နေထိုင်လျက်ရှိပါတယ်။

သူ ဘိုးဘွားရိပ်သာရောက်ပြီး (၄)လအကြာမှာမှ ဒေါ်မြဆီကို CB ကနေ စာပို့လာပါတယ်။

အစစအရာရာ အဆင်ပြေကြောင်း၊ သူလူ့လောကကို ရောက်လာရခြင်း အကြောင်းရင်းကို သူရှာဖွေတွေ့ရှိသွားပြီဖြစ်ကြောင်း၊ အားမငယ်တော့ စိတ်ဓာတ်မကျတော့ကြောင်း၊ ဘဝကို အအေးချမ်းဆုံး အပျော်ရွှင်ဆုံး ဖြတ်သန်းနေကြောင်းပါ။

နောက်ဆုံးရေးထားတာက. . .

"အဲဒီနေ့က အစ်မက မိုးပေးလိုက်တဲ့ ထီးက ညီမတစ်ဘဝလုံးစာ လုံခြုံခဲ့ပါတယ် အစ်မရယ်. . ."တဲ့။

မိန်းမကြမ်းကြီး ဒေါ်မြ မျက်ရည်ကျပြန်ပြီပေါ့ရှင်။

## ဒေါ်မြရဲ့လူငယ်

ရန်ကုန်မြို့က မြို့နယ်တိုင်းမှာ ထက်မြက်ထူးချွန်တဲ့ လူငယ်တွေ စုစည်းပြီး မြန်မာ့ရှေ့ဆောင် လူငယ်အစည်းအရုံးတွေ ဖွဲ့စည်းကြတယ်။ လူငယ်တွေ အရင်တုန်းကလို ဂိမ်းဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေမှာ အချိန်မဖြုန်းကြတော့ဘူး။ အစည်းအရုံးကဖွင့်တဲ့ အခမဲ့ပညာဒါန သင်တန်းတွေ၊ သက်မွေးဝမ်းကျောင်းပညာတွေ ကြိုးကြိုးစားစား သင်ယူနေကြတယ်။

အလုပ်လက်မဲ့ လူငယ်ဆိုတာ မရှိတော့ဘူး။ လူချမ်းသာ သားသမီးတွေတောင် အချိန်ပိုင်းအလုပ်နဲ့။ (၁၆)နှစ်ကျော်ရင် ကိုယ်ပိုင်ဝင်ငွေ မရှိတာ ရှက်စရာတစ်ခုလို မြင်လာတယ်။ လူငယ်တွေ အလုပ်တန်ဖိုး နားလည်လာကြတယ်။ အပတ်စဉ် ဆွေးနွေးပွဲတွေ ကျင်းပပြီး တစ်ယောက်နဲ့တစ်ယောက် အခက်အခဲတွေ ဗဟုသုတတွေ ကူညီဖြေရှင်းကြတယ်။ လူငယ်တွေ စိတ်မလေကြတော့ဘူး။ အားမာန်အပြည့်နဲ့။

အဲဒီ အသင်းက ဦးဆောင်ပြီး ကိုယ့်မြို့နယ်အလိုက် သန့်ရှင်းရေးတွေ ပရဟိတလုပ်ငန်းတွေ အားတက်သရော ပါဝင်ကူညီကြတယ်။ ရန်ကုန်မြို့တော်ကြီး တစ်ခုလုံး စည်ပင်မလိုဘဲ သန့်ရှင်းလို့။ လူငယ်တွေ စည်းကမ်းရှိလာကြတယ်။ ခုကြည့် ရပ်ကွက်တိုင်းမှာ ကစားကွင်းရှိ

လာတယ်။ အနည်းဆုံး ဘတ်စကတ်ဘော ကစားဖို့နေရာ ရှိတယ်။ ကာယ
ကြံ့ခိုင်မှုကို အလေးထားရကောင်းမှန်း သိလာပြီ။

မြန်မာ့လူငယ်တွေ အရင်လို အကောင်သေးသေး အရပ်ပုပု ညပ်စိတွေ မဟုတ်တော့ဘူး။ ဖွံ့ဖွံ့ထွားထွား ကျားဆိုမှ ကျား၊ ကမ္ဘာနဲ့ ရင်ဘောင်တန်းနိုင်မယ့် ခန္ဓာကိုယ်နဲ့ စိတ်ထားတွေနဲ့။ အဲဒီအသင်းက ဦးဆောင်ပြီး ပညာပေး ဟောပြောပွဲတွေ လူငယ်စိတ်ဓာတ် မြှင့်တင်ရေး ပွဲတွေ ကျင်းပတယ်။ လူငယ်တွေ မြန်မာ့ယဉ်ကျေးမှုတွေ ဓလေ့စရိုက်တွေ ကာကွယ်ရကောင်းမှန်း တန်ဖိုးထားရကောင်းမှန်း သိလာပြီ။ ရာသီ အလိုက် ပွဲတော်တွေကို နိုးရာ ယဉ်ကျေးမှု မပျောက်စေဘဲ စနစ်တကျ ဦးဆောင်ကျင်းပကြတယ်။ ရန်ပုံငွေ ဈေးရောင်းပွဲတွေ စည်းစနစ်တကျ ကျင်းပတယ်။ လူငယ်တွေ အချောင်ခိုချင်စိတ်၊ ငွေဖြုန်းတီးတဲ့ အကျင့်တွေ ပျောက်ကုန်တယ်။ လောင်းကစားစိတ်တွေ ပျောက်ကုန်တယ်။

ပညာတတ် အဖွဲ့ဝင်တွေက အမျိုးသားညကျောင်းတွေ ဖွင့်တယ်။ ခုကြည့်. . . လူငယ်တွေအားလုံးနီးပါး အင်္ဂလိပ်စကား ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်တယ်။ တစ်ခုရှိသေးတယ်။ လူငယ်တွေ စာမကျက်ကြတော့ဘူး။ ဒါပေမယ့် စာဖတ်ကြတယ်။ စာလေ့လာကြတယ်။ အောင်လက်မှတ်ထက် မိမိအရည်အချင်း စစ်စစ်ကို ပိုလိုချင်ကြတယ်။ စာခိုးချတဲ့ လူငယ်တွေ မရှိတော့လို့ မိတ္တူဆိုင်တွေ ရှားကုန်ပြီ။

နိုင်ငံရေးထက် လူငယ်ဘဝတိုးတက်ရေး ပိုမိုမြင့်မားလာရေးကို သူတို့ ပိုအလေးထားကြတယ်။ ခုထိ ပြုပြင်ပြောင်းလဲရေး မစသေးတဲ့ အစိုးရကိုလည်း အပြစ်မတင်ကြတော့ဘူး။ အတိတ်က ဒိုဝ်မက်ဆိုးတွေ ခဝါချလိုက်ကြပြီ။ သူတို့ ဘာလုပ်ပေးမလဲ မမျှော်ကြတော့ဘူး။ ငါတို့

လုပ်နိုင်တာကို အကောင်းဆုံး လုပ်ကြမယ်ဆိုတဲ့ ကြွေးကြော်သံတွေနဲ့။ မိဘတိုင်းကလည်း သူတို့သားသမီးတွေထဲက နိုင်ငံ့ခေါင်းဆောင်ကောင်း လူငယ်တစ်ယောက်တော့ ထွန်းလာနိုင်ကောင်းရဲ့လို့ မျက်ရည်ပီတိတွေနဲ့ မျှော်လင့်နေကြတယ်။ ဟော. . . ပြောရင်းဆိုရင်း လူငယ်တစ်ဖွဲ့ ဖြတ်လျှောက်သွားတယ်။

မျက်ဝန်းထဲမှာ မိမိကိုယ်မိမိ ယုံကြည်ချက်တွေအပြည့်နဲ့။ တောက်ပ ပြတ်သားတဲ့ အပြုံးတွေနဲ့၊ ရဲရင့်တဲ့ ခြေလှမ်းတွေနဲ့၊ လက်ထဲမှာ ပညာရေးဆိုင်ရာ အတွေးအခေါ်ဆိုင်ရာ စာအုပ်တွေ. . . နဲ့။

သူတို့ ရုပ်မချောကြဘူး။

အဝတ်ကောင်း အစားကောင်းတွေနဲ့ မဟုတ်ဘူး။ နောက်ဆုံးပေါ် ကိုယ်ပိုင်ကားတွေနဲ့ မဟုတ်ဘူး။ ပိုက်ဆံအိတ်ဖောင်းဖောင်းတွေ မပါဘူး။

ဒါပေမယ့် ကောင်မလေးတွေရော ပတ်ဝန်းကျင်က လူကြီးတွေရော သူတို့ကို ဝိုင်းကြည့်ကြတယ်။

လေးစားတဲ့၊ မြတ်နိုးတဲ့၊ တန်ဖိုးထားအားကိုးတဲ့ အကြည့်တွေနဲ့။

ကလင် ကလင် ကလင်. . .

ဆက်ကနဲ လန့်နိုး. . . ဩော်. . . ဖုန်းလာတာပါလား။ ခေါ်မြ အိပ်မက်မက်နေတာပါလား။ အိပ်မက်လေးကို နှမြောတသစိတ်နဲ့. . .

မြတင်းပေါက်နားထွက်လိုက်တော့ ခပ်ပိန်ပိန် ခပ်ပုပု လူငယ်တစ်စု ဆေးလိပ်ကိုယ်စီဖွာပြီး တဟီးဟီး. . . တဟားဟားနဲ့၊ လမ်းထဲမှာ ဖြတ်လျှောက်သွားတယ်။ ခေါ်မြ ရင်ထဲမှာ ဝမ်းနည်းသွားတယ်။ ရင်ထဲမှာ. . . ဝမ်းနည်းသွားတယ်။ ရင်ထဲမှာ. . .

# ဒေါ်မြရဲ့ တစ်ဦးတည်းသော ဦးလေး

ဒေါ်မြတို့က အမျိုးနည်းတယ်။ ရှိတာမှ အဖေဘက်က အဒေါ် အပျိုကြီးတစ်ယောက်၊ အမေဘက်က ဦးလေး လူပျိုကြီးတစ်ယောက်ရယ်. . . ။ လောလောဆယ်တော့ ဒေါ်မြရဲ့ ဦးလေးတော်အကြောင်း မှီသမျှ သိသမျှ အားမနာတမ်း ဖောက်သည်ချလိုက်ရပါတယ်ဗျို့။

ဦးလေးနာမည်က "သက်ဝင်း" လူက စနေသား။ သားလေးတစ်ယောက်တည်းပါလို့ ဖူးဖူးမှုတ်ထားတဲ့ အဖွားနဲ့ အဖိုးက ကိုသက်ဝင်း (၈)တန်းလည်းအောင်ရော တပ်မတော်စစ်ဆေးတပ်ထဲ နီးစပ်ရာ လူကြီးအကူအညီနဲ့ အတင်းထိုးထည့်ပေးလိုက်ရတယ်။ စစ်ထဲ မထည့်လို့လည်း မရတော့ဘူး။ ဆံရှည်နဲ့ တက်တူးတွေ အပြည့်။ အရက် အသောကြိုက်၊ အမြဲတမ်း ရန်ဖြစ်၊ စက်ဘီး စမုတ်တံကို ချွန်နေအောင် သွေးပြီး တွေ့သမျှလူ မကျေနပ်ရင် မကျေနပ်သလို လိုက်လိုက်ထိုးနေတော့ ဆက်ထားရင် (၁၀)တန်းအောင်ဖို့တော့ မရှိဘူး။ သချိုင်းနဲ့ ထောင်ပဲ ရောက်ကိန်းမြင်ဘယ်လေ။

စစ်ထဲထည့်တော့လည်း ခပ်တည်တည်ပဲ။ ဝင်ဆိုလည်း ဝင်တယ်ဗျာဆိုပြီး ဆံရှည်ကြီး ကတုံးပြောင်းပြီး အေးဆေး ထလိုက်သွားတာဆိုပဲ။

အဖိုးနဲ့အဖွားကသာ မျက်ရည်စက်လက်နဲ့. . . ငါတို့ သားလေးဟဲ့. . .။ အဆင်ပြေပါ့မလားဟဲ့နဲ့ ကျန်ခဲ့တာ. . .။ သူက လှည့်တောင်မကြည့်သွားဘူး. . . တဲ့။

စစ်ထဲဝင်ဝင်ခြင်းကတည်းက ရခိုင်မှာ တာဝန်ကျ. . .။ ငါးနှစ်လုံးလုံး စာတစ်စောင် ဖုန်းတစ်ခါတောင် အကြောင်း မကြားလာတော့ အဖိုးနဲ့ အဖွား ရင်ကွဲရပြီ။ မိဘတွေကို စိတ်များ နာသွားလေပလား. . . အဆင်မှ ပြေရဲ့လားပေါ့။

(၅)နှစ်ခွဲလောက်ရှိမှ ဆိုလား. . . သံကြိုးစာ ရောက်လာတယ်. . . ဦးလေးဆီက. . .။

"အဖေနဲ့ အမေ. . . သားအလည်ပြန်လာ၊ လက်ဆောင်ပစ္စည်း အလွန်များပြား၊ သောကြာနေ့ ရထားဘူတာ၊ ကားငှားပြီး လာကြိုပါ". . . ပြတ်တယ်။

အဘိုးနဲ့အဘွား ပျော်ရပြီ။ သားဆိုမှ သားကွ. . . လက်ဆောင်တွေ များသတဲ့ဟ. . .။ ရခိုင်ကဆို စောင်တွေ မွေ့ယာတွေ ပါမယ်ထင်တယ်ဟ။ ငါ့သားအကြိုက် ဘဲဥချည်ရည်ဟင်း စပ်စပ်ကလေး ချက်ပါကွ။ သုံးဘီး ကြို့ငှားကြမဟ. . .။ နှစ်စီးလောက် လိုလိုမယ်မယ် ငှားရမကွ. . .။ ပျော်နေတာ ပျော်နေတာ. . .။ အဘိုးနဲ့ အဘွား ပြောပါတယ်။

သောကြာနေ့ရောက်ရော. . .။ အမေရယ် အဘိုးရယ် အဘွားရယ် သုံးဘီးကား နှစ်စီးငှားပြီး ဘူတာရုံမှာ ပြာယာခတ်နေတာ. . .။ သား လာတော့မှာကိုး. . .။ ရထားလည်း ဆိုက်လာရော. . . ရှာကြတာ ဦးလေးကို. . .။ အတက်အဆင်း လူတွေကလည်းများတော့ လွယ်လွယ် ရှာမတွေ့ကြဘူး။ အဲဒီအချိန်မှာပဲ. . .

"အမေ. . . အဖေ. . . သား ဒီမှာ"

"အလို. . ."

အသားဖြူဖြူ ခေါင်ကောက်ကောက် ဦးလေးက မဲမဲ ပိန်ပိန်ကလေး ဖြစ်လို့။ ချမ်းအေးလှတဲ့ ဆောင်းရာသီကြီးမှာ စွပ်ကျယ်အနွမ်းကလေးနဲ့ စစ်တပ်အခေါ် အန်ဒါဝဲယား ဘောင်းဘီတိုလေးနဲ့။ လက်ထဲမှာ တစ်တောင်မရှိတရှိ ဓာတ်ဘူးသေးသေးလေးကိုင်လို့. . .။

အဖိုးနဲ့အဖွား မြင်ရတာ မယုံချင်ကြဘူး. . .။

"ဟဲ့. . . သက်ဝင်း . . . နင့်ပစ္စည်းတွေရော"

ဝတ်ထားတဲ့ စွပ်ကျယ်လေးပုတ်ပြပြီး

"ဒါပဲလေ အမေရဲ့. . ."တဲ့

"လက်ဆောင်တွေ ပါတယ်ဆို". . . ဆိုတော့ လက်ထဲက ဓာတ်ဘူး သေးသေးလေး မြှောက်ပြပြီး. . .

"ဒီမှာလေ. . ."တဲ့

မဟုတ်သေးပါဘူး။ အကုန်လုံးက ဇဝေဇဝါနဲ့ပေမယ့် ခရီးရောက် မဆိုက်ဆိုတော့ ဘာမှ ပြန်မပြော. . . ခပ်တည်တည်နဲ့ ပြန်လာကြတယ်။ ပြီးမှ ဇာတ်ရည်လည်တာ. . .။ ပါလာသမျှ အဝတ်အစားတွေ လက်ဆောင်ဝယ်လာတဲ့ စောင်တွေ ခြင်ထောင်တွေ. . . အားလုံး ရထား ပေါ်မှာ မူးပြီး ဖဲပေါင်ရိုက်ခဲ့တာ။ တစ်ကိုယ်စာနဲ့ အမေ့အတွက် ရည်စူးတဲ့ ဓာတ်ဘူးပိစိလေး တစ်လုံးပဲ ကျန်တယ်။ ဟီး ဟီး. . . အဲလို အဲလို. . . ပွေးတာ။

အဲဒီအချိန် အဘိုးတို့က ပြည်မှာ. . .။ ရုပ်ရှင်ရုံတွေ ခေတ်စား၊ ဂျိန်းစ်ဘွန်းကားတွေပြနေတဲ့အချိန်။ သူ့ခိုးပေါတဲ့ကာလဆိုတော့ မိသားစု

တွေ ရုပ်ရှင်သွားကြည့်ချင်တာ မကြည့်ကြရဘူး။ ဦးလေးက သူ့အမှား အတွက် ဖားတဲ့အနေနဲ့. . . အဖေနဲ့ အမေ ညီမလေးကိုခေါ်ပြီး ရုပ်ရှင် သွားကြည့်ကြ. . . သား အိပ်စောင့်မယ် ဘယ်သူ့ခိုးမှ မကပ်စေရဘူးတဲ့။

အဘိုးနဲ့အဘွားက. . . အေး ကောင်းသားပဲ. . . ပေါ့။ ငါ့သားလေး ဒီတစ်ခါ အားကိုးရသဟဲ့. . . ဘာဟဲ့နဲ့။ သွားကြတာပေါ့. . . ရုပ်ရှင်ရုံ။ ရုပ်ရှင်ပြီးတော့ ည (၁)နာရီ. . . မိသားစုတွေ ပျော်ပါးပြီး ပြန်လာ. . . အိမ်ရောက်။

ခပ်တိုးတိုးလေး တံခါးခေါက်. . .

"ဒေါက်. . . ဒေါက်. . . သားရေ"

(၂)ခါ (၃)ခါ ခေါက်တယ်. . . ဘာသံမှ မကြားရဘူး။

ခပ်ပြင်းပြင်း ထပ်ခေါက်တယ်. . .

"ဒုန်း. . . ဒုန်း. . . ဒုန်း. . . သားလေးရေ"

(၃) (၄)ခါပဲ. . .။ ဒါပေမယ့် ဘာသံမှ မကြားရဘူး။

ပတ်ဝန်းကျင်ကို အားနာပေမယ့် မရတော့ဘူး. . .

အဖိုးအားရပါးရ တံခါးကို ထုပြီ. . .။

"ဝုန်း. . . ဝုန်း. . . ဝုန်း. . . သက်ဝင်း. . . သားရေ"

မရဘူး. . .။ ဘေးအိမ်တွေရော. . . ရပ်ကွက်က လူတွေပါ ဝိုင်းထု ကြတယ်။ စိတ်ပူတာလည်း ပါတာပေါ့။ တံခါးတွေအားလုံးကလည်း အထဲကနေ ဂျက်ချထားတော့ ဖွင့်လို့ မရ. . .။

"ဒုန်း. . . ဒိုင်း. . . ဝုန်း. . . ဝုန်း. . . သက်ဝင်း"

နောက်ဆုံး (၁)နာရီနီးပါး ရပ်ကွက်ထဲက လူတွေဝိုင်းပြီး ထုကြ ရိုက်ကြတာတောင် အထဲက အသံမကြားတော့ နောက်ဆုံး တံခါးကို

ဖျက်ပြီး ရပ်ကွက်ထဲ ဝင်ဖြရတယ်။

ဒေါ်မြ ဦးလေးလား. . . မူးပြီး အိပ်နေတာ သိုးလို့ . . ။ ဘေးနား မှာက လက်ဆွဲတော် နံချပ်ကူတွေရော ဓားတွေရော လုံ့တိုတွေရော ချထားတာ အစီအရီ. . .။ လူကသာ တစ်ရပ်ကွက်လုံး တံခါးဖျက်ပြီး ဝင်လာတာကို မနိုးတာ. . .။

မနက် အမူးပြေတော့ မေးတယ်တဲ့. . .

အမေတို့ ညက ဘယ်လိုဝင်လာတာလဲ. . . တဲ့။ အညွှားတံမြက်စည်း နဲ့ လိုက် သ,မတာ ဦးလေး ထွက်ပါပြေးတယ်။ ပြန်မလာရဲဘူး။ (၂)ရက် လောက်။ အဲလို. . .။

ဒေါ်မြတို့ မိသားစု မျိုးရိုးထုံးစံမှာ အပြစ်ကြီးကြီးလုပ်မိရင် တံမြက် စည်းက နောက်ဆုံးပြစ်ဒဏ်ပဲ။ ဒေါ်မြတောင် လွန်ခဲ့တဲ့ (၅)လလောက်က တံမြက်စည်းစာ မိသေးတယ်. . . ဟဲ ဟဲ။ ထားပါ။

တူမနှစ်ယောက်တည်းမှာမှ ဒေါ်မြကို ဦးလေးက ပိုချစ်တယ်။ ဦးလေး အလည်လာတိုင်း ငါးအတူတူမျှားတယ်။ စက်ဘီးတွေ လျှောက် စီးတယ်။ တောထဲမှာ မှိုတွေ မျှစ်တွေ ချိုးတယ်။ ချောင်းထဲ ရေဆင်းကူး တယ်။ ဒေါ်မြ ရုပ်ကလည်း ဦးလေးနဲ့ ချွတ်စွပ်။ အကျင့်ကလည်း တစ်ထပ်တည်း ထုံပေပေ ကပ်တပ်တပ်။ ကျား၊ မနဲ့ လူကောင် အကြီး အသေးပဲ ကွာတာ။

ဦးလေးက အရက်ဆို အဖြူပဲ ကြိုက်တယ်။ ဘယ်တော့မှ ဆိုင်မှာ ထိုင်မသောက်ဘူး။ အိမ်မှာပဲ သောက်တာ။ သူလာလည်တဲ့ ညနေတွေဆို ဆိုင်ကနေ ကျွတ်ကျွတ်အိတ်နဲ့ဝယ်လာပြီး တိုင်မှာ ချိတ်ထားတာ။ မသိရင် ရေအိတ်ကလေးအတိုင်းပဲ။ အဲ့. . . အိတ်ကို အဘွားက တကြည့်ကြည့်နဲ့။

လျှော့တာနဲ့ ဦးလေးကို သမမှာလေ ငမူးကောင်ဆိုပြီး။ ဦးလေးသာ မှောက်သွားတယ် အိတ်က မလျှော့ဘူး။ ဘယ်လျှော့မလဲ. . . သူက အရက်တွေယူသောက်ပြီး ရေတွေထည့်ပြီး ပြန်ချိတ်ထားတာလေ ဟီး ဟီး. . .။ သွားပြောရင် သူက မူးနေပြီ။ အမေတို့ကတော့ အာရုံပဲ။ ဒါ. . . သူ့လက်သုံးစကား။

တစ်ခေါက် သူ ခွင့်ရလို့ ထပ်လာလည်တော့ ဒေါ်မြတို့ ညီအစ်မတွေ အပျိုပေါက်တွေ ဖြစ်နေပြီ။ ညနေဘက်ဆို ကာလသားတွေက ခြံရှေ့မှာ တရုံးရုံးပေါ့။ အငယ်မကို ပိုးကြတာ. . .။ သူက ဒေါ်မြထက် အသားပို ဖြူပြီး မိန်းမဆန်တယ် ပဲများတက်တယ်။ အိစိ အိစိနဲ့. . .။ အဲဒီမှာ ကာလသားလူပျိုပေါက်စတွေနဲ့ ဦးလေးတွေ့ပါလေရော. . .။

"မြလေး. . . အဲဒါ ဘာတွေတုန်း" တဲ့။

"အငယ်မကို လာပိုးကြတာ ဘသက်" ပြတ်ပြတ်ပဲ။ ကိုယ်ကလည်း

"ခွေးသူတောင်းစားလေးတွေ။ ငါ့တူမကိုများ ဒင်းတို့က. . . မလောက်လေး မလောက်စားကောင်တွေ. . . တွေ့မယ်"ဆိုပြီး ဝါးရင်းတုတ်ဆွဲပြီး ဆင်းချသွားပါလေရော။ ကောင်လေးတွေကလည်း ဦးလေးမြင်တော့ လမ်းထိပ်ထွက်ပြေး. . . ဦးလေးကလည်း လိုက်ချသွားတာ. . . ပေစောင်းစောင်းနဲ့. . .။

အသွား မျက်စိမျက်နှာ ပျက်ပြီ။ ဦးလေးက မရဘူး. . . လက်အရမ်းလွယ်တာ. . . ထစ်ခနဲဆို လက်က ပါပြီးနေပြီ။ ပြူးနေရင် သတိထား. . . ဘေးက ရှိတာနဲ့ ကောက်ချတာ. . . အသေကို ချတာ. . .။ ဓာတ်သိတွေ အားလုံး ကြမ်းပေ့ဆိုတဲ့ လူတွေတောင် သူ့ဆို ရှောင်ကြတယ်။

ခဏစောင့်ပြီး ပြန်မလာတော့ ဒေါ်မြပါ စိတ်ပူလာတယ်။ ဆေးရုံ

လား. . . အချုပ်လားပေါ့. . .

မငံနေနိုင်လို့ ထလိုက်သွားတော့. . . သူက ထန်းရည်ဆိုင်မှာ. . .။ အငယ်မကို ပိုးနေတဲ့ ကောင်လေးတွေနဲ့ အဖွဲ့ကို ကျလို့. . .။ တဟီးဟီး တဟားဟားနဲ့. . .။ လေပေးကို ဖြောင့်နေတာ. . .။ အစ်ကိုကြီးတွေ ညီလေးတွေနဲ့. . .။

အဲ့ကောင်လေးတွေ နောက်နေ့လည်း လာကြတယ်. . .။ အငယ်မ ကိုတော့ မပိုးကြတော့ဘူး. . .။ ဦးလေးကိုပဲ လာလာ ခေါ်ကြတော့တာ။ ခင်လွန်းလို့တဲ့. . .။

ကျောက်ဖြူဆေးတပ်က တပ်ရေးဗိုလ်ကြီး။ အရက် အရမ်းကြိုက် တယ်။ ရန်ဖြစ်ရင် လက်မြန်တယ်။ လောကမှာ အဖေနဲ့ အမေကလွဲရင် ဘယ်သူ့မှ မကြောက်ဘူး။ သဘောကောင်းသလို သနားအောင်ပြောပြီး လာတောင်းရင် ဝတ်ထားတဲ့ နာရီကအစ ချွတ်ပေးတယ်။ စကားနည်း ပေမယ့် စာရေးကောင်းတယ်။ အဝေးရောက်နေရင် ဘယ်တော့မှ အိမ်ကို ဖုန်းဆက်ရိုး ထုံးစံမရှိဘူး။ အမြဲပြုံးနေတတ်တယ်။ ခုထက်ထိ လူပျိုကြီး။ ပြီးတော့ ဒေါ်မြရဲ့ အချစ်ဆုံးကြီး. . .

တစ်ဦးတည်းသော ဦးလေး ဘသက်. . .။

# ဒေါ်မြနှင့် ချစ်ကြည်ရေး အားတစားပြိုင်ပွဲ

ဒေါ်မြတို့ရွာက ပွဲလုပ်တာရှားတယ်။ ဘာပွဲကိုမှ မလုပ်တာ. . . ကျိုက်ဒေးဝိဘုရားပွဲကလွဲလို့. . .။ ရွာသူရွာသားတွေ မပြောနဲ့ သူကြီး ကိုယ်တိုင်တောင် လယ်ထဲဆင်းနေရတော့ ရွာစီးပွားရေး အခြေအနေ တွေးသာကြည့်။

ဒေါ်မြတို့ရွာရဲ့ မလှမ်းမကမ်းမှာ နောက်ထပ် ရွာတစ်ရွာ ရှိသေး တယ်။ အလံတပိုရွာ. . . အိမ်ခြေ (၆၀)လောက်ပဲ ရှိတာပါ။ အလံတပို ရွာက ထူးခြားတယ်။ လူစိမ်းဝင်တာ မကြိုက်ဘူး။ ဒေါ်မြတို့ အင်းတိုင်ရွာ နဲ့လည်း မတည့်ဘူး။ အဲ့ဒီအချိန်တုန်းက မကြာခဏလည်း လူသတ်မှု ဖြစ်တယ်။ ရန်ဖြစ်ပြီဟေ့ဆိုလည်း တုတ်တွေ လက်သီးတွေ မပါဘူး။ ဓားနဲ့ ခုတ်တာ။ လှည့်မကြည့်နဲ့ အသေပဲ။ ဘယ်တုန်းကတည်းက စခဲ့မှန်း မသိပေမယ့် အဲ့နှစ်ရွာ ရန်ငြိုးက ဒေါ်မြသိတတ်စ အချိန်ထိ အားကောင်း တုန်း. . .။ ရွာသားအချင်းချင်း မပြောနဲ့. . . သူကြီးအချင်းချင်းတောင် မတည့်ဘူး။ လမ်းမှာ စက်ဘီးကိုယ်စီစီးပြီး မျက်နှာချင်းဆိုင် ဆုံရင်တောင် ဘယ်သူမှ မရှောင်ကြဘူး. . . အရှိန်ပိုတင်ပြီး တစ်စီးကို တစ်စီး ဒုံဝင် ကျွေးပစ်တာ။ ပြီးမှ ဖုတ်ဖက်ခါထ. . . နင်းမရအောင် ပိန်လိန်နေတဲ့

ကိုယ့်ဘီးကို မပြီး ဆက်သွားတာ. . .။ အဲသလို. . .

တစ်ရက်ကျတော့ သူကြီးဆီကို မြို့နယ်မှူးဆီက အမိန့်စာ ဝင်လာတယ်။ မတည့်ပါဘူးလို့ နာမည်ကြီးတဲ့ ရွာနှစ်ရွာ ပူးပေါင်းပြီး လွတ်လပ်ရေးနေ့ကျရင် ချစ်ကြည်ရေး အားကစားပြိုင်ပွဲတွေ ကျင်းပပေးရမယ်တဲ့။ ငွကျပြီ. . .။ သူကြီးတစ်ရွာလုံးကို ခေါ်တိုင်ပင်တော့ တစ်ရွာလုံး တစ်လေသံတည်း ထွက်တယ်. . .

"တွေ့ကြသေးတာပေါ့ကွာ. . ."တဲ့။ ဟုတ်ကဲ့. . . ဘုရားစူး ချစ်ကြည်ရေး အားကစားပြိုင်ပွဲပါ။ ပွဲမစခင်ကတည်းက ပြဿနာက စတယ်။ နှစ်ရွာပူးပေါင်းလုပ်ရမှာဆိုတော့ သူကြီးအချင်းချင်း မျက်နှာချင်းဆိုင်ဆွေးနွေးဖို့ လိုလာပြီလေ။ ခက်တာက အင်းတိုင်သူကြီးက အလံတပိုရွာကို မသွားချင်သလို အလံတပို သူကြီးကလည်း အင်းတိုင်ရွာထဲ မဝင်ချင်ဘူး။ နောက်ဆုံး ရွာနှစ်ရွာကြားက လယ်ကွင်းဘေး ကန်သင်းရိုးဘောင်မှာ ချိန်းဆွေးနွေးကြတယ်။ ပြတ်ကရောပဲ. . .။

ထုံးစံအတိုင်းပေါ့လေ. . . မာရသွန်အပြေးပြိုင်ပွဲ၊ ဘောလုံးပွဲ၊ ချောတိုင်တက်ပွဲ၊ အားလူးကောက်၊ မုန့်စားပြိုင်ပွဲတွေ ပါတယ်။ မာရသွန်ပြိုင်ပွဲက ဆားတလင်းရွာကနေ အင်းတိုင်ရွာဖျားထိ (၄)မိုင် ပျော့ပျော့လောက်ရှိမလားပဲ။ ဘောလုံးကွင်း မရှိတဲ့ ရွာနှစ်ရွာအတွက် အင်းတိုင်က လယ်သူဌေးကြီး ဦးမောင်ကြီးက သူ့လယ်နှစ်ကွက်ကို အလယ်က ကန်သင်းရိုးဖျက်ပြီး ဘောကွင်းလုပ်ပေးတယ်။ တစ်သက်မှ တစ်ခါ ထူးထူးခြားခြား လုပ်တဲ့ လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲဆိုတော့ ရွာသားတွေ တက်ကြွနေကြတယ်။

မာရသွန်ပြိုင်ပွဲက (၃)ရက်နေ့ မနက် (၅)နာရီမှာ စတယ်။ အင်းတိုင်

က လေးယောက်၊ အလံတပိုက လေးယောက် ပြိုင်ပွဲဝင် စုစုပေါင်းရှစ်ယောက်ပေါ့။ စပြေးကြတယ်. . .။

သိတယ်ဟုတ်. . . တစ်ရွာနဲ့ တစ်ရွာ မတည့်ကြတော့ အနိုင်မခံ အရှုံးမပေးတွေ့။ လမ်းမှာ အင်းတိုင်ရွာက အပျိုတွေက အအေးတွေ သံပုရာစိတ်တွေက ကမ်းတယ်။ အလံတပိုက အပျိုတွေက ဘေးကနေ စက်ဘီးတွေနဲ့ လိုက်အားပေးတယ်။ ပန်းဝင်ရမယ့် အင်းတိုင်ရွာဖျားထိပ်မှာလည်း လူအုပ်ကြီးက မဲခံနေရော။ မျှော်နေကြတာ. . .။

သူ့ရွာသားများ ပန်းဝင်လာမလား. . . ကိုယ့်ရွာသားများ ပန်းဝင်လာမလားပေါ့လေ. . .။ လော်စပီကာကလည်း သီချင်းသံ တညံညံနဲ့။ မျှော်ကြတာ မျှော်ကြတာ ဆိုတာ. . .။

မနက် (၆)နာရီခွဲ. . . ရင်တွေခုန်နေကြတယ်။ (၇)နာရီ လှုပ်လှုပ်ရှားရှားတွေ ဖြစ်ကုန်ကြပြီ။ ဒါပေမယ့် အပြေးသမားတွေရဲ့ အရိပ်အယောင်တောင် မမြင်ရသေးဘူး။ (၈)နာရီ လူအုပ်ကြီး ငြိမ်နေတယ်။ နေလည်းထွက်လာပြီ။ (၉)နာရီ၊ အပ်ကျသံတောင် မကြားရဘူး။ လော်စပီကာပါ ပိတ်သွားပြီ။ အပြေးသမားတွေ ပျောက်ချက်သား ကောင်းနေတုန်း။ (၁၀)နာရီ. . . တစ်ယောက်မှ ရောက်မလာဘူး။ (၁၁)နာရီ. . . ပြန်တဲ့ လူတွေ ပြန်ကုန်ပြီ။ တစ်ယောက်မှ ပန်းဝင်မလာဘူး။ (၁၂)နာရီ. . . အခြေအနေ မထူးခြားဘူး။ တစ်ခုခုတော့ လွဲနေပြီ။ စက်ဘီးသမား တစ်ယောက်လွှတ်ပြီး သွားကြည့်ခိုင်းတယ်။ (၁)နာရီလောက်နေတော့ စက်ဘီးသမား ပြန်လာတယ်။ လမ်းမှာ လူတစ်ယောက်မှ မရှိဘူးတဲ့။

အပြေးသမားတွေ ဘယ်ရောက်ကုန်တာလဲ. . .

ညနေ (၆)နာရီသာ ထိုးသွားတယ်။ ဘယ်ရွာကမှ ပန်းမဝင်လာဘူး။

ညကျမှ သတင်းရတယ်။ ဖြစ်တာက ဒီလို. . .

အင်းတိုင်က အပျိုတွေက ကမ်းတဲ့ အအေးထဲမှာ ဝမ်းနုတ်ဆေးတွေ ထည့်ပြီး အလံတဗိုရွာသားတွေ ရွှေးတိုက်တယ်။ အလံတဗိုက အပြေးသမား လေးယောက်လုံး ဝမ်းတွေ အသေသွားပြီး လမ်းတစ်ဝက်က လှည့်ပြန်ရတယ်။

အပိုင်ပဲဆိုပြီး ဆက်ပြေးတဲ့ အင်းတိုင်အပြေးသမားတွေကို စက်ဘီးနဲ့ လိုက်အားပေးတဲ့ အလံတဗိုက အပျိုတွေက အသေလိုက်တက်ကြိတ်တာ ဆက်မပြေးရဲလို့ လမ်းတစ်ဝက်က အိမ်ပြန်ကုန်ကြတယ်။ ဇာတ်ပေါင်းလိုက်တော့. . . မနက် (၅)နာရီက တာစလွှတ်တဲ့ (၄)မိုင် မာရသွန် အပြေးပြိုင်ပွဲ ညနေ (၆)နာရီထိကို ပန်းဝင်သူမရှိဘဲ အီလည်လည် ပြီးဆုံးသွားပါတယ်တဲ့။

(၄)ရက်နေ့ မနက်ရောက်တော့ ဘောပွဲစတယ်။ (၉)နာရီ. . .။ တာရိုးတစ်ဖက်တချက်စီမှာ ရွာလုံးကျွတ်အားပေးကြတာ လူအုပ်ကြီး မဲခဲနေတာပဲ။ စကန်ကြတယ်။ အားတက်သရောပဲ။ အားပေးချက်တွေကလည်း စီညီလို့။ တကယ်အားရစရာကြီး. . .။ ပထမပိုင်းပြီးခါနီးမှာ ပြဿနာ လာတယ်။ ကွင်းလယ်ဒိုင် (အလံတဗိုသား)နဲ့ စည်းကြပ်ဒိုင် (အင်းတိုင်သား) ရန်ဖြစ်တာ။ ကန်နေတဲ့ လူတွေက အကောင်း. . . ဘာမှမဖြစ်ဘူး။ ထောင့်ကန်ဘော ပေးရကောင်းလား၊ အဝါကဒ်ပြရကောင်းလားဆိုပြီး ဒိုင်နှစ်ယောက် ထချတယ်။ ဘောကန်နေတဲ့ ကောင်တွေပါ ဝင်ချတော့ ဘောပွဲကနေ အုပ်စုလိုက် နပမ်းပွဲ ပြောင်းသွားတာပေါ့။ အဲ့အချိန်မှာပဲ အလံတဗို သူကြီးက မိုက်ကိုင်ပြီး အလံတဗိုသားတွေ တော်ကြစမ်း. . . ခွေးတွေနဲ့ ဖက်မကိုက်ကြနဲ့. . . လည်းပြောလိုက်ရော။ သူကြီးအချင်းချင်း

မိုက်ကိုင်ပြီး ဆဲကုန်ကြပါလေရော။

အင်းတိုင်သူကြီးက အေး ပြောမရရင် ချကွာ. . . ဆိုတဲ့ စကား အဆုံးမှာ ဘာပြောကောင်းမလဲ စာဖတ်ပရိသတ်တို့ရေ. . . ရွာနှစ်ရွာ လယ်ကွင်းထဲမှာ ချချက်က မြင်မကောင်းဘူး။ ဓားတွေ တုတ်တွေ မပါ တော့ ပွဲက မှုတယ်။ လှတယ်။ နီးရာလူကို ဆွဲလှဲပြီး ဖတ်လုံးတာပဲ။ နောက်ဆုံး ဖုန်လုံးကြီးပဲ မြင်ရတော့တယ်။

ဒေါ်မြတို့ ကလေးတွေနဲ့ ကလေးအမေတွေက ပွဲကြည့်ပရိသတ်ပေါ့။ ချကွ ချကွ. . . အင်းတိုင်သားတွေကွ. . . ဆိုပြီး ခုန်ပေါက်အားပေးတာ။ ဘာရယ်တော့ မသိဘူးလေ။ မကြာပါဘူး။ ဘယ်သူသွားတိုင်လည်း မသိ ဘူး။ ရွာနဲ့ ခပ်လှမ်းလှမ်းက သံချပ်ကာတပ်ရင်းက စစ်သားတွေ. . . ကားနှစ်စီးနဲ့ ရောက်လာတယ်။ သေနတ်တွေလည်း ပါလာတယ်။

စစ်ဗိုလ်တစ်ယောက်က. . .

"အာလုံးရပ်ကြစမ်း. . . မရပ်ရင် ပစ်မှာ. . ." လို့ သေနတ်နဲ့ ထိုးချိန်ပြီး အော်တယ်။ ဝှန်ဘီတွေ လူနဲ့ရလို့ ငြိမ်သလိုမျိုး ဖုန်တောထဲမှာ နပမ်းလုံးနေတဲ့ လူအုပ်ကြီး ဖျတ်ခနဲ ငြိမ်ကျသွားတယ်။ ပြီးတော့ သူတို့ကို သေနတ်နဲ့ ချိန်ထားတဲ့ စစ်သားတွေကို တပြိုင်တည်း ကြည့်တယ်။

အဲဒီအချိန်မှာပဲ သမိုင်းဝင်မယ့် စကားတစ်ခွန်းကို ဘယ်သူကလဲ မသိ. . . ထအော်တယ်. . .။

"ငါတို့ဘာသာ အေးအေးဆေးဆေး ရန်ဖြစ်နေတာကို. . . မင်း မေရိုးမလို့ သေနတ်နဲ့ ချိန်တာလားကွ. . .။ ကြာတယ်. . . သူငယ်ချင်းတို့ အဲ့ကောင်တွေကို. . . ချ. . ."

ထူးဆန်းအံ့ဩဖွယ်ရာပဲ. . . တစ်သက်လုံး မတည့်တဲ့ ရွာနှစ်ရွာ

ပေါင်းပြီး စစ်သားတွေကို ဆော်ကြတယ်။ စစ်သားတွေ ထွက်ပြေးသွားတော့ ကျန်ခဲ့တဲ့ TE နှစ်စီးကို နှစ်ရွာက လူတွေ ရရာ မိုရာ ဖြုတ်ယူကြတာ. . . မိနစ် (၃၀)မပြည့်ခင် TE နှစ်စီး ဘီးရာပဲ ကျန်တယ်။ တပ်ရင်းမှူးရောက်လာတော့. . . လယ်ကွင်းထဲမှာ လူမပြောနဲ့ ခွေးတစ်ကောင်တောင် မရှိဘူး။ တပ်ရင်းမှူး သူ့ကားလိုက်ရှာတော့လည်း ဘီးရာပဲ ရှိတော့တယ်။ ကားက အစတောင် ရှာလို့ မရတော့ဘူး။ ဘယ်ရမလဲ။ သူ့ TE ကားက အပိုင်းပိုင်း အစစ ဖြစ်ပြီး ရွာက အိမ်တိုင်းမှာ တစစီ ပြန့်ကျဲနေတာ. . .။

တပ်ရင်းမှူးကြီးလည်း များများတော့ ပြောမသွားရှာပါဘူး။

ပြောတော့ ပြောသွားတယ်။ သူကြီးရယ်တဲ့. . . ကျုပ်ရဲဘော်တွေကို ရှေ့တန်းသုံးလေးခါ ပို့ဖူးပါတယ်. . . တဲ့။ တစ်ခါမှ ခုလောက် အထိမနာဖူးဘူးတဲ့။ စိတ်တော့မရှိနဲ့ နောက်ခါ ဘာပြဿနာဖြစ်ဖြစ် ကျုပ်တို့ မပါပါရစေနဲ့. . . တဲ့။

အေးလေ. . . သူများတို့က အေးအေးချမ်းချမ်းလေး ရွာလုံးကျွတ်ရန်ဖြစ်နေတာ ဒင်းတို့က ဘာလို့ သေနတ်နဲ့ လာချိန်လဲ. . . နော်။

ရွာသားတွေ ပန်းနေကြတော့ ချောတိုင်မတက်ဖြစ်ကြတော့ဘူး။ အဲ့ ချောတိုင်ကြီး အရှုံးသန်းဦး မ,သွားတယ်။

ဟဲဟဲ. . . ညနေပိုင်းရောက်တော့. . . ကလေးတွေပွဲ။ ဘယ်နေလိမ့်မလဲ။ ဒေါ်မြတို့ ရှေ့ဆုံးကပေါ့. . .။ ထမီကို တိုတိုပြင်ဝတ်၊ ဆံပင်မြင်းမွေးလေး ကြက်တောင်ခိုင်ခိုင်စည်း၊ လာထား. . . ကစားဖို့အသင့်ပဲ။

အလှည့်ကျ အရင်ဆုံးပြိုင်ရတာ မုန့်စားပြိုင်ပွဲ။

ကိတ်မုန့်တွေကို ကြိုးနဲ့ တွဲလောင်း ချည်ထားတယ်။ ကုန်အောင်

စားပြီး ပန်းတိုင်ကို ပြေး၊ အရင်ရောက်တဲ့လူက အနိုင်။

ဒေါ်မြပြောလို့ ပြောတာ မဟုတ်ဘူး။ ငယ်ငယ်ကတည်းက သိပ်တွက်တတ်တာ။ ပေးမယ့်ဆုက စက္ကူပြားလေး. . . အဲ့တော့ အနိုင်အရှုံးတွေ တွက်မနေဘူး။ ကိုယ့်မုန့်အပြင် ကမန်းကတန်းထွက်ပြေးလို့ ကျန်တဲ့သူများမုန့်တွေပါ အကုန်လိုက်စားပြီး မုန့်တွေကုန်မှ ပန်းတိုင်သွားတယ်။ ဟီးဟီး. . . ဆုမရပေမယ့် ဗိုက်တော့ကားလို့။

နောက်တစ်ပွဲ လာပြန်ရော. . . အာလူးကောက်တဲ့။ အာလူးတွေတစ်ခေါက်တည်းနဲ့ ကိုယ့်အာလူးတွေရော သူများကျန်ခဲ့တဲ့ အာလူးတွေရော အကုန် သိမ်းကြုံးကောက် ထမီနဲ့ထုပ်ပြီး ပန်းတိုင်မပြေးဘဲ အိမ်ပြန်ပြေးတာ. . . ဟေး ဟေး။

ပျော်စရာကြီး. . . အာလူးဟင်းကို အိမ်မှာ တစ်ပတ်လောက်အမုန်းစားလိုက်ရတယ်။

အဲ့နောက်ပိုင်း အင်းတိုင်မှာ ဘာအားကစားပွဲမှ မလုပ်ဖြစ်တော့ပါဘူး။ ကြာခဲ့ပါပြီ. . .

ဒါပေမယ့် တစ်ခါတလေ သွားရင်းလာရင်း လွတ်လပ်ရေးနေ့အားကစားပွဲတွေမြင်ရင် ငယ်ငယ်က အာလူးတွေ ကောက်ပြီး အိမ်ပြန်ပြေးခဲ့တာ အရမ်းသတိရတာပဲ. . .။

# ဒေါ်မြနှင့် တောင်သမန်က ဟောင်းချစ်ထွေး

ကြာခဲ့ပါပြီ. . .။ စစ်ကိုင်း ပတ္တမြားစက်မှုဇုံမှာ စက်ရုံအတွက် မြေကွက်တွေဝယ်ရင်း မန္တလေးရောက်တုန်းရောက်ခိုက် တောင်သမန် အင်းဘက်ကို လေညင်းခံထွက်ခဲ့ဖူးပါတယ်။ ညနေ လေပြေလေညင်းတွေ ကြားမှာ ရေပြင်ကျယ်ကြီးကို ခံစားရင်းနဲ့ ဦးပိန်တံတားပေါ်မှာ လမ်း လျှောက်ရတာ အင်မတန်ကြည်နူးဖို့ ကောင်းတာပါ။

မှတ်မှတ်ရရ အဲဒီနေ့က မန္တလေးရုံးက ဝန်ထမ်းတစ်ယောက်ကို ခေါ်ပြီး လေညင်းခံသက်သက် သွားခဲ့တာပါ။ တံတားပေါ်လမ်းလျှောက် ရင်း လူရှင်းတဲ့ ခုံတန်းလေးမှာ ဝင်ထိုင် ရာဇဝင်ထဲက ဒိုင်းခင်ခင်ရဲ့ အလွမ်းတွေ တောင်သမန်ရဲ့အကြောင်းတွေ ပြန်တွေးပြီး လွင့်မျောနေခဲ့ မိပါတယ်။ အာရုံထဲကို ဝင်လာတဲ့ ရှိုက်သံသဲ့သဲ့လေး. . .

အယ်. . .

ကလေးလေးတစ်ယောက် ငိုနေတယ်။

ကလေးလေး (၅)နှစ်အရွယ်လောက်. . . ကလေးလေး ဒေါ်မြနဲ့ မနီးမဝေးမှာ တစ်ယောက်တည်း ငိုနေတယ်။

မသိမသာ သူ့အနားကို ဖြည်းဖြည်းချင်း ကပ်သွားတယ်။

သူ့ပခုံးလေးကို အသာအယာလေးဖက်ပြီး ကြင်နာမှုအပြည့်နဲ့ မေးလိုက်တယ်။

"ဘာလို့ ငိုနေတာလဲ. . . ကလေးလေး"ဆိုတော့

"ဗိုက်ဆာလို့ပါ. . . "တဲ့။

အို. . . အို

ဖြစ်ရလေ. . .

ကဲ. . . လာ လာ ဆိုပြီး အသာထူပေး. . . သူ့လက်ကိုဆွဲလို့ စားသောက်ဆိုင်တန်းတွေဘက်ကို ခြေဦးလှည့်လိုက်ပါတယ်။ ကလေးလေးကို ထမင်းကျွေးရင်း ရင်းနှီးလာတော့ သူ့အကြောင်းတွေ စပ်စုမိတော့. . .

နာမည်က မောင်ချစ်ထွေး. . .

အမေက မရှိတော့ဘူး။ အဖေက အရက်သမား။ အရက်ပုန်းဆိုင်သေးသေးလေးဖွင့်ရင်း သားအဖနှစ်ယောက် ဖြစ်သလို နေကြရပါတယ်။ အချိန်နာရီမရွေး နေ့ညမရွေး အရက်သမားတွေရဲ့ ဆူညံဆူညံ စကားသံတွေ ရန်ပွဲတွေကြားမှာ မောင်ချစ်ထွေးလေး အိပ်ရေးဝဝ မအိပ်ခဲ့ရပါဘူး။ သူငယ်ချင်းတွေ ကျောင်းတက်နေကြလို့ ကျောင်းတက်ချင်ပေမယ့် အဖေက ငွေမလောက်သေးဘူးလို့ ပြောလို့ ကျောင်းတက်ချင်ပေမယ့်လည်း မတက်နိုင်သေးပါဘူး။

ဗိုက်ဝသွားတဲ့ မောင်ချစ်ထွေးလေးကို ဘာလုပ်ချင်သေးလဲဆိုတော့ ခဏအိပ်ချင်တယ်တဲ့။ ကဲ ကဲ. . . ဒါဆိုလည်း အိပ်၊ မမစောင့်နေပေးမယ်ဆိုပြီး တံတားပေါ်က ခုံတန်းလေးမှာ ခဏအိပ်စေပါတယ်။ သူအိပ်ပျော်နေတုန်း ညဘက်ချိန်းထားတဲ့ စီးပွားရေးခင်နာတွေ ဖုန်းဆက် အကုန်ရက်ရွေ့။ ပြီးတော့ သူပြန်နိုးလာတဲ့အထိ စိတ်ရှည်ရှည်နဲ့ ထိုင်စောင့်

ပေးပါတယ်။

ကျေးဇူးရှင်လေး နိုးလာတော့မှ လက်တွဲပြီး အိမ်ကို လိုက်ပို့ ပေးခဲ့ပါတယ်။ အရက်နံ့တွေရော တခြား အမျိုးအမည်မသိ အနံ့စူးစူးတွေ မွှန်ထူနေတဲ့ ရွာစွန်တဲကုပ်ကုပ်လေးထဲက မောင်ချစ်ထွေးလေးရဲ့အဖေက ဒေါ်မြကို တအံ့တဩ ကြည့်နေပါတယ်။

ဖြစ်ကြောင်းကုန်စင်ရှင်းပြပြီးတော့ အရက်သမား လူရမ်းကားကြီး မျက်ဝန်းမှာ မျက်ရည်တွေ စို့နေပါတယ်။ ဒေါ်မြလည်း ရှည်ရှည်ဝေးဝေး ပြောမနေတော့ဘဲ မောင်ချစ်ထွေးလေးကို ကျောင်းထားပေးချင်တဲ့ အကြောင်း ခွင့်ပန်ရပါတယ်။

ကတိတစ်ခုတော့ တောင်းပါတယ်။ ဘယ်အကြောင်းမျိုးပဲ ရှိလာလာ ကလေးကို လုံးဝ ကျောင်းမထုတ်ပါဘူးဆိုတဲ့ ကတိ။ လည်ချောင်းမှာ တစ်ခုခု ဆို့နင့်နေသလိုမျိုး. . . နှုတ်က ဖွင့်မပြောနိုင်ပေမယ့် ခေါင်းကို ဆတ်ကနဲ ငြိမ့်ပြလိုက်တဲ့ အရက်သမားကြီးရဲ့ ကတိဟာ mou တွေ contract တွေ အထပ်ထပ်ထိုးထားတဲ့ စီးပွားရေးလောက,က လူကြီး လူကောင်းတွေရဲ့ ကတိထက် ဒေါ်မြကို စိတ်ချယုံကြည်စေပါတယ်။

ပါလာတဲ့ကားနဲ့ မြို့ထဲပြန်ပြေး. . . ကျောင်းစာအုပ်တွေ လွယ်အိတ်တွေ. . . စာရေးကိရိယာတွေ သင်ရိုးစာအုပ်တွေ ရယ်ဒီပြင်ဆင်ပြီးချိန်မှာတော့ မောင်ချစ်ထွေး က,နေပါပြီ။ ည (၉)နာရီလောက်ကြီးကို လွယ်အိတ်တကားကားနဲ့ အဖေမြင်လား. . . ကျုပ်ကျောင်းသွားတော့မှာဗျ. . . လို့လည်း ပြောလိုက်ရော. . . ။ အရက်သမားကြီးက ငိုသံပါကြီးနဲ့. . . အေးပါကွာ. . . လို့ ပြန်ပြောပါတယ်။

ခုဆို မောင်ချစ်ထွေးလေး (၃)တန်းတက်နေပါပြီ။ သူ့ကျောင်းစရိတ်

ကိုလည်း ဒေါ်မြ လစဉ် မပျက်တမ်း ထောက်ပံ့ခဲ့ပါတယ်။ နှစ်စဉ် အတန်းပိုင်ဆရာမတွေရဲ့ အကူအညီနဲ့ မောင်ချစ်ထွေးလေးရဲ့ ပညာရေး တိုးတက်ပြောင်းလာမှုတွေကို အဝေးကနေ ခံစားသိရှိနေရပါတယ်။

မကြာသေးခင်ကာလတစ်ခုကတော့ ဒေါ်မြ နာမည်တပ် ကုမ္ပဏီကို လိပ်မူထားတဲ့ စာအိတ်လေးတစ်အိတ် ရောက်လာပါတယ်။ စာအိတ်လေးကို ဖွင့်ဖတ်ကြည့်တော့ မညီမညာ လက်ရေးလေးတွေနဲ့. . .

မမလွမ်းတယ်. . .။

လာလည်ပါဦး. . .

မောင်ချစ်ထွေး. . . တဲ့။

မောင်ချစ်ထွေးလေး စာရေးတတ်ပြီပေါ့။

စာသားတွေ အများကြီးမပါပေမယ့် အဓိပ္ပါယ်တွေ ပြည့်နေတဲ့ စာလေးကြောင့် မိန်းမကြမ်းကြီး ဒေါ်မြ မျက်ရည်ဖြိုင်ဖြိုင်ကျရပါတယ်။

ပီတိမျက်ရည်ဆိုတာ ဒါမျိုးထင်ပါရဲ့။ ဟုတ်ပ. . . အလုပ်တွေပဲ ဆက်တိုက်များနေခဲ့လို့ မောင်ချစ်ထွေးဆီ မရောက်တာ နှစ်နှစ်ကျော်ပြီ။ ဒီတစ်ခါ မန္တလေးရောက်ရင်. . . ဖုန်းထဲက to do list မှာ အရင်ဆုံး မှတ်လိုက်တယ်။

"မောင်ချစ်ထွေးနဲ့ တွေ့ရန်. . ."

# ဒေါ်မြနှင့် Chemistry ကျောင်းသားတစ်ယောက်

ဒေါ်မြ CB မှာ တော်ရုံတန်ရုံ စကားပြန်ပြောတာ ရှားပါတယ်။ မအားတာက ၇၀%၊ စကားမှားရင် SS ရိုက်ပြီး ဖွခံရမှာကြောက်တာက ၂၀%၊ ပျင်းတာက ၁၀%ပါ။ တစ်ခါတစ်လေ ပြန်ပြောရင်လည်း ကိုယ့် Timeline ကို အကျွမ်းတဝင်ရှိတဲ့ သူငယ်ချင်းအရင်းတွေလောက်ကိုပဲ ပြန်ပြောဖြစ်ပါတယ်။ အမ ဘယ်မှာနေလဲတို့၊ ကျောင်းတတ်နေလားတို့၊ ဘာအလုပ်လုပ်လဲတို့ စသည်ဖြင့် စကားမရှိစကားရှာ Profile ပုံကြည့်ပြီး လာပြောတဲ့ လူတော်တော်များများကို စကားပြန်မပြောတတ်ပါဘူး။ တစ်နေ့လည်း အဲလိုပဲ ကောင်လေးတစ်ယောက် စကားလာစ ပြောပါတယ်။

"အမကျောင်းပြီးပြီလား" တဲ့. . . ။ ထုံးစံအတိုင်း ပြန်မပြောတော့လည်း သူက ဆက်ပြောနေပါတယ်။

"အမကျောင်းပြီးပြီဆိုရင်တော့ ကောင်းတာပေါ့. . . ။ ပျော်စရာကြီး စိတ်မညစ်ရတော့ဘူးပေါ့တဲ့. . . ။ ကျွန်တော်တော့ ကျောင်းတက်ရတာ သိပ်စိတ်ညစ်တာပဲ" တဲ့. . .

တိန်. . . အဲ့မှာ စတွေ့တာပဲ. . .

စကားပြန်ပြောပါပြီ။

"ဟဲ့ . . . ဘာဘာ . . . ဘာပြောတယ်။ ကျောင်းတက်ရတာ စိတ်ညစ်တယ်ဟုတ်လား . . ."

"အင်းလေ . . . စိတ်ညစ်စရာကြီး ကျွန်တော်က Chemistry မေဂျာယူထားတာ။ တက္ကသိုလ်ပညာရေးကလည်း သိတဲ့အတိုင်းပဲ။ ကျောင်းပြီးလည်း လက်မှတ်တစ်ခုကလွဲလို့ ဘာအလုပ်မှလုပ်စရာရှိဘူး။ လခလည်း မကောင်းလောက်ဘူးနော်. . . အစ်မ အမြင်လေးပြောကြည့်ပါလား" တဲ့. . .

သူပို့တဲ့စာလေးကြည့်ရင်း ရင်လေးသွားရပါတယ်။ မြန်မာပြည်က ကျောင်းသားလူငယ် ဘယ်နှစ်ယောက်လောက်များ သူ့လို အတွေးတွေ ဝင်နေကြပါသလဲ။ အမှတ်ကြောင့်ပဲဖြစ်ဖြစ်၊ စိတ်ဝင်စားလို့ပဲဖြစ်ဖြစ် ကိုယ်ရွေးချယ်လိုက်တဲ့ ဘာသာရပ်မေဂျာတစ်ခုအပေါ်မှာ အလေးအနက်ထား လေ့လာသင့်တဲ့ အချက်တွေရှိပါတယ်။

၁။ ကိုယ့်ရဲ့အထူးပြုဘာသာရပ်ဟာ လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ ဘယ်နေရာမှာ အများဆုံးအသုံးဝင်ပါသလဲ။

၂။ အမြင့်မားဆုံးလစာနဲ့ အကျိုးခံစားခွင့် ဘာတွေရရှိနိုင်ပါသလဲ။

၃။ ကိုယ့်ရှေ့က စီနီယာတွေထဲမှာ အားကျအတုယူရမယ့် လူ ဘယ်နှစ်ယောက်လောက်ရှိသလဲ။ ဘယ်သူတွေလဲ။

၄။ ပိုမိုကောင်းမွန်တဲ့ ဘဝရပ်တည်မှု ခိုင်မာရေးအတွက် ဘယ်ပညာကို ပူးတွဲလေ့လာသင့်ပါသလဲ။

ဒီအချက်တွေကို တိတိကျကျ ပြတ်ပြတ်သားသား သိရှိနားလည်သဘောပေါက်ထားသင့်ပါတယ်။ ဒေါ်မြကိုယ်တိုင်ကျင့်သုံးခဲ့တဲ့ နည်းလမ်းပါ။

ထားတော့. . . Chemistry ကျောင်းသားအမေး ခေါ်မြအဖြေ စပါပြီ။

"နင်မှားနေပြီ မောင်လေး. . ။ Chemistry ဘွဲ့ရတစ်ယောက်က ကျွမ်းကျင်မှုနဲ့ လုပ်သက်ပေါ် မူတည်ပြီး လခတစ်လကို တစ်သိန်းတနေ သိန်း(၄၀)အထိ ရနိုင်တယ်ဟ"

"ဗျာ. . . အမနောက်နေတာလား"

"မနောက်ပါဘူး. . . မောင်လေး။ ငါအတည်ပြောနေတာ. . . အစိုးရပိုင် ဓာတုဗေဒနဲ့ ဆေးဝါးလုပ်ငန်းတွေမှာ နင့်ပညာကို အသုံးချပြီး အလုပ်လျှောက်ရင် အနည်းဆုံးလခ (၆)သောင်းကနေ (၁)သိန်းထိရနိုင်တယ်။ On job training သဘောထားပြီးလုပ်ဟ. . . ။ အစိုးရအလုပ်တွေရဲ့ အားသာချက်က အမှန်တကယ်အလုပ်လုပ်ရပြီး သူတို့ပေးတဲ့ အကျိုးရှိတဲ့သင်တန်းတွေ အလကားတက်ခွင့်ရတာပဲ။ လုပ်သက်(၃)နှစ်လောက်ရရင် အစိုးရအလုပ်ကထွက်ပြီး အပြင်က စက်ရုံတွေမှာ quality control ပိုင်း၊ Lab ပိုင်း လိုအပ်သလို အလုပ်ဝင်လျှောက်၊ အနိမ့်ဆုံး (၃)သိန်းပဲ။ ဆက်လေ့လာဆက်ကြိုးစား အားလပ်ချိန်တွေမှာ လိုအပ်တဲ့ အထောက်အကူဖြစ်မယ့် သင်တန်းတွေဆက်တက်၊ နောက်ဆုံး target က စက်ရုံမှူးပေါ့။ စက်ရုံမှူးတစ်ယောက်ရဲ့လစာက မြန်မာငွေ (၂၅)သိန်းကနေ သိန်း(၄၀)ထိ ရှိတယ်။ အခြားခံစားခွင့်အနေနဲ့ အိမ်တွေ ကားတွေ ပေးထားသေးတယ်။ အလုပ်နေရာအတွက်လည်း စိတ်ပူစရာ မလိုဘူး။ ပြည်တွင်းမှာ ကျွမ်းကျင်ဝန်ထမ်းမရှိလို့ ပြည်ပက Chemistry ပညာရှာတွေကို မခေါ်ချင်ဘဲ ခေါ်သုံးနေရတာ ငါ့မျက်မြင်။ ကိုယ် ကသာ အမှန်ကတယ် အရည်အချင်းရှိပါစေ အလုပ်နေရာတွေ မရှားပါဘူးဟ။

ပြီးတော့ နှင်ယူထားတဲ့ Chemistry ဘာသာရပ်ကိုပဲ သင်ကြားရင်း လေ့လာရင်း အရမ်းအောင်မြင်ကျော်ကြားတဲ့ လူတစ်ယောက်ရှိခဲ့ဖူးတယ်။ တစ်ယောက်မကာ ရှိချင်ရှိနိုင်ပါတယ်။ ဒါပေမယ့် ငါလက်လှမ်းမှီသလောက် သူ့ကိုပဲသိလို့ပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်း(၅၀)လောက်ကပါ။

သူ့နာမည်က ကိုကိုကြီးတဲ့. . . Chemistry ကျောင်းသား၊ ကျောင်းပြီးတော့ အစိုးရစက်ရုံတစ်ခုမှာ အလုပ်ဝင်လုပ်တယ်။ သူဝါသနာက အမျိုးသမီးအလှကုန်တွေ ဖော်စပ်ထုတ်လုပ်တာပဲ။ စက်မှု(၁)က အရင်ကထုတ်တဲ့ (၂)ထပ်မိတ်ကပ်လေးဘူးတွေက သူ့လက်ရာပေါ့။ နောက်ပိုင်းတော့ ထိုင်းက လိုက်ထုတ်ပြီး ခုထိနှစ်ပေါင်းများစွာ အောင်ပွဲခံနေတုန်းပဲ. . . ထားပါ။ သူက Chemistry မှာ တော်လွန်းလို့ သူ့ကို Chemistry ကိုကိုကြီးဆိုပြီး ခေါ်ကြတယ်။ မိတ်ကပ်အောက်ခံ၊ မျက်နှာသစ်ဆေး အစရှိသဖြင့် သူဖော်စပ်ခဲ့တဲ့ ဖော်မြူလာတွေအများကြီးပဲ။ ဒါပေမယ့် ခေတ်ကာလမကောင်းခဲ့တော့ သူ့ပညာနဲ့ထိုက်တန်တဲ့ အစိုးရရဲ့ ချီးမြှောက်မှုကို မရခဲ့ဘူး။ ပညာရှင်တွေရဲ့ ထုံးစံအတိုင်းပေါ့။ သူနေရမယ့်နေရာသူရွေးပြီး မလေးရှားကို ထွက်သွားတယ်။ နောက်ဆုံးကမ္ဘာကျော် Avon အလှကုန်ကုမ္ပဏီကြီးက သူ့ဖော်မြူလာတွေကို ဒေါ်လာသန်းနဲ့ချီပေးပြီး ဝယ်ခဲ့တယ်။ Avon proudct တော်တော်များများကို ခေတ်အလိုက် ပြန်လည်ဆန်းသစ်မှုတွေရှိပေမယ့် အမိကနည်းပညာတွေကတော့ ငါတို့မြန်မာနိုင်ငံသား Chemistry ကိုကိုကြီးရဲ့ Formula ကို အခြေခံထားတာပါ။ ဘယ်လောက်ဂုဏ်ယူဖို့ ကောင်းလိုက်လဲ။ မလေးရှား Avon Company က ငါ့မိတ်ဆွေတစ်ယောက်က ငါ့ကိုပြောပြခဲ့တာ။ အားလုံးပြောပြီးတော့ သူဆက်ပြောတယ်။ သူမြန်မာ

လူမျိုးတွေကို သိပ်အထင်ကြီးပါတယ်တဲ့. . .။ တိကျသေချာစွာ ပုံပိုးထောက်ပံ့ပေးတဲ့ စည်းစနစ်ကျတဲ့ ပညာရေးနဲ့လူ့ဘောင်အသိုင်းအဝိုင်း ပတ်ဝန်းကျင်တစ်ခုမှာသာ ရှင်သန်ခွင့်ရရင် နင်တို့မြန်မာပြည်မှာ ဘိုင်စတိုင်းတွေ အများကြီးဖြစ်နေမှာတဲ့။ ငါလေ. . သူ့စကားကို နားထောင်နေရင်း ကြက်သီးတွေထတယ်။ ပြီးတော့ Suria KLCC လိုနေရာက လူတွေအရမ်းများတဲ့ ကော်ဖီဆိုင်ထဲမှာ မျက်ရည်ပေါက်ပေါက်ကျတဲ့အထိ ဝမ်းသာရတယ်။ ပီတိဖြစ်ခဲ့ရတယ်။ ထပ်ပြောရရင် လောလောလတ်လတ်ပဲ ငါတို့မြန်မာပြည်က သွားတိုက်ဆေး Formula တစ်ခုကို ကမ္ဘာကျော် သွားတိုက်ဆေး company ကြီးက ဒေါ်လာသန်းရာနဲ့ချီပြီး ဝယ်ခဲ့တယ်လေ. . . အေး. . . ငါပြောချင်တာ အဲ့ဒါပဲ. . . မောင်လေး။

တကယ်တော့ ကိုယ်တိုင်ကြိုးစားဖို့ပဲ လိုအပ်တာပါ။ အခုလက်ရှိ မြန်မာနိုင်ငံက ပညာရေးအဆင့်နိမ့်ပါးနေတာကို ငါလက်ခံတယ်။ အစိုးရရဲ့ ပညာသင်ကြားမှုက အဆင့်နိမ့်နေရင် ကိုယ့်ရဲ့လေ့လာလိုက်စားမှုကို အဆင့်မြှင့်လိုက်ပေါ့။ ငါနိုင်ငံခြားမှာ ကျောင်းတက်ခဲ့တယ်။ သူတို့သင်ကြားမှုက အဲ့လောက်ကြီး ကောင်းလှတယ်မဟုတ်ပါဘူး။ သင်ကြားတဲ့ပုံစံနဲ့ သင်ထောက်ကူပစ္စည်းတွေစုံလင်တာပါ။ အဓိက ကတော့ တာဝမှာပဲ ကျောင်းတက်တက်၊ မြောက်ဒဂုံမှာပဲ စာသင်သင်၊ အမေရိကားမှာပဲ သွားတက်တက်၊ အင်္ဂလန်မှာပဲ စာသင်သင်. . . နင်ဘာဖြစ်ချင်တာလဲ ဆိုတာကပဲ အရေးကြီးတာပါ။ ပညာမလိုချင်တဲ့ အသုံးချရကောင်းမှန်း မသိတဲ့ ကျောင်းသားတစ်ယောက်ဟာ ဘောက်စဖို့တ် တက္ကသိုလ်က ဘွဲ့ရပါစေဦး. . . မြန်မာပြည်က ဘွဲ့လက်မှတ်လိုပဲ အိမ်မှာချိတ်ထားရုံ ကလွဲပြီး ဘာမှအသုံးဝင်မှာမဟုတ်ဘူး။ ငါနဲ့အတူတူ နိုင်ငံခြားတက္ကသိုလ်က

ဘွဲ့ရခဲ့တဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်။ ခုသူ ဘွဲ့လက်မှတ်လေး နံရံမှာ ချိတ်ပြီး စတိုးဆိုင်ဖွင့်စားနေတယ်။ နံရံပေါ်က ဘွဲ့လက်မှတ်လေး ဖုန်တွေ တောင်တတ်လို့. . .။ မြန်မာပြည်က ဘွဲ့နဲ့ဘာများကွာတော့လဲ။

ငါပြောခဲ့သလိုပဲ မောင်လေး. . . နင်ဘယ်မှာကျောင်းတက်နေသလဲဆိုတာ အရေးမကြီးဘူး။ နင်ဘာဖြစ်ချင်တာလဲဆိုတာက အရေးကြီးတာပါ။ ကိုင်း. . . ပြောနင်ဘာဖြစ်ချင်တာလဲဆိုတော့. . . "

"ဟုတ်ကဲ့. . . မမြ. . . ကျွန်တော်နားလည်ပါပြီ။ ကျွန်တော် ရှင်းရှင်းလင်းလင်း သဘောပေါက်ပါပြီ။ ကျွန်တော်အားတွေ ရှိသွားပြီ။ ကြိုးစားမယ်. . . ကျွန်တော်ဘာဖြစ်ချင်တာလဲဆိုတာ ကျွန်တော်သိပြီ။ အစ်မကိုလည်း ကိုယ့်အစ်မအရင်းလို ခင်မင်လေးစားပါတယ်။ ကျွန်တော် လိုအပ်တဲ့အခါ လမ်းညွှန်ပေးပါဦး. . . "တဲ့။

ဒီပုံလေးပြန်ပို့ပြီး စကားစဖြတ်လိုက်တယ်။

နေ့လည်စာစားဖို့ အချိန်(၂)နာရီလွန်သွားပြီကိုး. . .

လူငယ်တစ်ယောက်ရဲ့အမြင်ကို အနည်းငယ်ပြောင်းလည်းပေးနိုင်ခဲ့လို့ ဒေါ်မြရင်ထဲမှာ အေးနေပါတယ်။

. . . .

. . . .

အပြင်မှာတော့ နေတွေက ပူနေတုန်း. . . .။

မြနှာညို